# ရင်းနှီး/စီးပွားသတင်းလွှာ
# "MIFER Bulletin"

**1/2024**
**(Jan, Feb, March)**

# ရင်းနှီး/စီးပွားသတင်းလွှာ

## နာယကများ

ဒေါက်တာကံဇော် ပြည်ထောင်စုဝန်ကြီး

ဒေါက်တာဝါဝါမောင် ဒုတိယဝန်ကြီး

## အယ်ဒီတာချုပ်

ဦးမင်းဇော်အေး လက်ထောက်အတွင်းဝန်

## စာတည်းအဖွဲ့

ဒေါ်ခင်ထွေးသက် ဒုတိယညွှန်ကြားရေးမှူး

ဦးအောင်ထက်ပိုင် လက်ထောက်ညွှန်ကြားရေးမှူး

ဒေါ်မေဝတ်ရည်ဖြိုး ဒုတိယဦးစီးမှူး

ဦးအောင်ကျော်ကျော် အငယ်တန်းစာရေး

## မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

ဒေါ်မေဝတ်ရည်ဖြိုး

လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) မှ စီစဉ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ကာတွန်းကဏ္ဍ** | |
| ၁ | ကာတွန်း | ၁ |
| | **ကဗျာကဏ္ဍ** | |
| ၁ | ဦးစားပေး နံပါတ်တစ် | ၂ |
| ၂ | ဆန့်ကျင်ဘက်၏ ညီမျှခြင်း | ၃ |
| | **ဆောင်းပါးကဏ္ဍ** | |
| ၁ | အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်) "တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ" (ဒေါက်တာဝါဝါမောင်) | ၄ |
| ၂ | ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များနှင့် မြန်မာနိုင်ငံ ဆောင်ရွက်ချက်များ (ဒေါက်တာပင်လုံအေး) | ၁၈ |
| ၃ | ငါးမွေးမြူရေးလုပ်ငန်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း (မေစန္ဒာ DICA) | ၂၅ |
| ၄ | ယှဉ်ပြိုင်မှုဥပဒေအကြောင်းသိကောင်းစရာများ (အေးအေးသိန်း) | ၃၃ |
| ၅ | မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု {ဦးသုတအောင် (စီးပွားရေးပညာရှင်)} | ၃၅ |
| ၆ | ယှဉ်ပြိုင်မှုဥပဒေ Competition Law အကြောင်း သိကောင်းစရာများ | ၃၇ |
| ၇ | အမေရိကန်နိုင်ငံ၏ ကော်ဖီဈေးကွက်အလားအလာ {ဒေါ်ခင်ဆွေဦး၊ စီးပွားရေးသံမှူး(ဝါရှင်တန်မြို့)} | ၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မြန်မာ့ကော်ဖီစျေးကွက်ဝင်ရောက်နိုင်မှု အလားအလာရုရှားနိုင်ငံ၏ ကော်ဖီတင်သွင်းမှုအခြေအနေ {ဦးခွန်မျိုးသူ၊ စီးပွားရေးသံမှူး(မော်စကိုမြို့)} | ၄၁ |
| ၉ | ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစျေးကွက်အလားအလာ {ဒေါ်ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး)ဟနွိုင်းမြို့(} | ၄၃ |


## MIFER သတင်းကဏ္ဍ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့်ကုန်စည်ပြပွဲသို့ တက်ရောက်ခြင်း | ၄၅ |
| ၂ | လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်သည့် အကြိမ် (၃၀) မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခြင်း | ၄၆ |
| ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံခြင်း | ၄၈ |
| ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံခြင်း | ၄၈ |
| ၅ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov အား လက်ခံတွေ့ဆုံခြင်း | ၄၉ |
| ၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အီတလီနိုင်ငံ၊ ရောမမြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) | ၄၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရုံးချုပ်၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် (Deputy Executive Director and Chief Operating Officer) ဖြစ်သူ Mr. Carl Johan Orrenius Skau နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း | |
| ၇ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဥရောပအာရှစီးပွားရေးကော်မရှင် မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း | ၅၀ |
| ၈ | အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း | ၅၁ |
| ၉ | မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း | ၅၃ |
| ၁၀ | "နိုင်ငံ့ဝန်ထမ်းအရာရှိများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ စွမ်းဆောင်ရည်များနှင့် နည်းလမ်းများ မျှဝေဆွေးနွေးပွဲ" ကျင်းပပြုလုပ်ခြင်း | ၅၅ |
| ၁၁ | အာဆီယံစီမံချက်ရေးဆွဲရေးသင်တန်းကျင်းပခြင်း | ၅၆ |
| ၁၂ | ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် အသိပညာပေးခြင်းနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပခြင်း | ၅၇ |
| ၁၃ | (၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်ခြင်း | ၅၈ |
| ၁၄ | "မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး | ၅၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ဆိုင်ရာဆွေးနွေးပွဲ - ဂျပန်နိုင်ငံ၏ အတွေ့အကြုံများကို လေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း | |
| ၁၅ | ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း | ၆၀ |
| ၁၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁/၂၀၂၄) ကြိမ်မြောက် ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း | ၆၁ |
| ၁၇ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၄) “တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဖြတ်ကျော် စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း | ၆၃ |
| ၁၈ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၅) “အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ပြုလုပ်သော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း | ၆၄ |
| ၁၉ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၆) “ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၆၅ |
| ၂၀ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၇) “အနာဂတ် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် စဉ်းစားရ | ၆၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မည့် ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း | |
| ၂၁ | လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်တင်မှု သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း | ၆၇ |
| ၂၂ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၈) “ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနိုင်ငံများအတွက် တောင်သူ ပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေ ဆွေးနွေးခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း | ၆၈ |
| ၂၃ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၃) “ကုမ္ပဏီများ လိုက်နာရမည့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများအကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၆၉ |
| ၂၄ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ပဉ္စမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပခြင်း | ၇၀ |
| ၂၅ | (၄၅) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ပါဝင် တက်ရောက်ခြင်း | ၇၁ |
| ၂၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ ပါတီ ကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်းဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံခြင်း | ၇၂ |
| ၂၇ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Ashish Sharma အား လက်ခံတွေ့ဆုံခြင်း | ၇၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၈ | နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်သည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP) ၅ ခုအား မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း | ၇၃ |
| ၂၉ | ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်အတွက် မြန်ဆန်စွာအကျိုး ဖြစ်ထွန်းစေမည့် စီမံချက် (QIP) အသစ်များ အဆိုပြုလျှောက်ထားနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း | ၇၃ |
| ၃၀ | နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်သည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP) ၅ ခုအား မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေး ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံ သံရုံးနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း | ၇၃ |
| ၃၁ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၉) "မြန်မာအထူးစီးပွားရေးဇုန်အကြောင်း လေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း | ၇၄ |
| ၃၂ | ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ၏ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လိုသည့် အဆိုပြု လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UNFPA အကြား ညှိနှိုင်း အစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း | ၇၅ |
| ၃၃ | မြန်မာနိုင်ငံသို့ ကုလသမဂ္ဂစီမံကိန်းစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) မှ ပေးအပ်သည့် အကူအညီများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း | ၇၅ |
| ၃၄ | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသိုက်အဝန်းပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်ပေးရေးလုပ်ငန်း စီမံချက် (Enabling | ၇၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | Community Recovery and Resilience - ENCORE) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း | |
| ၃၅ | UNICEF မှ မြန်မာနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အစီအစဉ် ၇ ခု အကောင်အထည်ဖော်မှု ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် သက်တမ်းတိုးမြှင့်ရေး ကိစ္စများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း | ၇၇ |

## DICA သတင်းကဏ္ဍ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆက်စပ်ဆွေးနွေးပွဲသို့ ညွန်ကြားရေးမှူးချုပ် တက်ရောက်ဆွေးနွေးခြင်း | ၇၈ |
| ၂ | (၅/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အစည်းအဝေးက စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်ငန်းသစ် ၃ ခုကို ခွင့်ပြုခြင်း | ၇၈ |
| ၃ | (၁/၂၀၂၄) ကြိမ်မြောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၄ ခုကို ခွင့်ပြုခြင်း | ၇၉ |
| ၄ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၇ ခုကို ခွင့်ပြုခြင်း | ၈၀ |
| ၅ | နေပြည်တော်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း | ၈၀ |
| ၆ | နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၁ |
| ၇ | နေပြည်တော်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း | ၈၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၁ |
| ၉ | ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၂ |
| ၁၀ | ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၂ |
| ၁၁ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၂ |
| ၁၂ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၈၂ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၃ |
| ၁၄ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၃ |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၃ |
| ၁၆ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၈၄ |
| ၁၇ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၄ |
| ၁၈ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၈၄ |
| ၁၉ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း | ၈၅ |
| ၂၁ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၅ |
| ၂၂ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း | ၈၅ |
| ၂၃ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း | ၈၅ |
| ၂၄ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၆ |
| ၂၅ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၈၆ |
| ၂၆ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၈၆ |
| ၂၇ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၈၇ |
| ၂၈ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၈၇ |
| ၂၉ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၈၇ |
| ၃၀ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၈၇ |
| ၃၁ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၂/၂၀၂၃) အစည်းအဝေးကျင်းပခြင်း | ၈၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၂ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၈၈ |
| ၃၃ | စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၈၈ |
| ၃၄ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၈၉ |
| ၃၅ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၈၉ |
| ၃၆ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၈၉ |
| ၃၇ | စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုအားပေးခြင်း | ၈၉ |
| ၃၈ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၉၀ |
| ၃၉ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၉၀ |
| ၄၀ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၉၀ |
| ၄၁ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၉၁ |
| ၄၂ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း | ၉၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၃ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၉၁ |

## FERD သတင်းကဏ္ဍ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ကိုရီးယား ပို့ကုန်သွင်းကုန်ဘဏ် ဌာနေ ကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးခြင်း | ၉၂ |
| ၂ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ကိုရီးယား သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးအား လက်ခံ တွေ့ဆုံခြင်း | ၉၂ |
| ၃ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ် နိုင်ငံသံရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူးတို့အကြား ဆွေးနွေး ခြင်း | ၉၂ |
| ၄ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ် နိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Ouyang Daobing တို့အကြား မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း | ၉၃ |
| ၅ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor (Political Section Chief) အား လက်ခံတွေ့ဆုံခြင်း | ၉၃ |

## ပြည်တွင်း/ပြည်ပသတင်းကဏ္ဍ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပခြင်း | ၉၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂ | စိန်ခေါ်မှုများနှင့် နိုင်ငံတကာအရေးကိစ္စများကြားမှ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ ကျင်းပခြင်း | ၉၅ |
| ၃ | အိန္ဒိယ MSMEs အား ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန် အချိန်နှင့် တစ်ပြေးညီ လုံလောက်သော ဘဏ္ဍာငွေကြေး၊ နည်းပညာနှင့် သင့်လျော်သော လေ့ကျင့်သင်ကြားမှုများ ပံ့ပိုးဆောင်ရွက်ပေးရန်မှာ အစိုးရ၏ ဦးစားပေး မှုဝါဒတစ်ရပ်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပြောကြားခြင်း | ၁၀၀ |
| ၄ | ထိုင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ခရီး သွားလာမှု မြှင့်တင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ် ရေးထိုးခြင်း | ၁၀၁ |
| ၅ | ဆီထွက်သီးနှံဆိုင်ရာ လက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲ နှင့် ပညာပေးဟောပြောပွဲကျင်းပခြင်း | ၁၀၂ |

# ဥယျောဇဉ်



နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင် ဖွံ့ဖြိုးမှု အထောက်အပံ့၊ ချေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/ ၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိက မဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ရည်ရွယ်၍ ရင်းနှီး/ စီးပွား သတင်းလွှာကို သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပါသည်။


နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့်အညီ ဤသတင်းလွှာအား ၂၀၂၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ လူမှု-စီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများရယူ၍ အကျိုးထိရောက်စွာ အသုံးချနိုင်ရေး၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များ စသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/ စီးပွားသတင်းလွှာ (၁/၂၀၂၄) တွင် ကာတွန်း၊ ကဗျာ၊ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်တွင်း/ပြည်ပြစီးပွားရေးသတင်းများနှင့် ဗဟုသုတရရှိစေမည့် ဆောင်းပါးများတို့ကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပါသည်။


နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ဆောင်းပါး ရေးသားပေးပို့ကြသည့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးသတင်းများ ကူညီပံ့ပိုးပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုအပ်ပါသည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

# ကာတွန်းကဏ္ဍ




M y C o စနစ်ဖြင့် မှတ်ပုံတင်ခြင်း ဆောင်ရွက်ရာတွင် သိရှိသင့်သည်များ....



# ကဗျာကဏ္ဍ

# ဦးစားပေး နံပါတ်တစ်

စီးပွားဝန်းကျင် လွယ်ကူချောမွေ့မှု

MIFER ရဲ့ ရည်မှန်းချက်တစ်ခု

ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာ

အခွင့်အလမ်းများ ပေးနိုင်မှာ

DICA နှင့် FERD မှ ပံ့ပိုးပေး

MIFER အတွက် ခွန်အားဖြစ်ရေး။

မြန်မာ့စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ရာ

MIFER နှင့်အတူ လှမ်းချီတက်မှာ

မြန်မာနိုင်ငံ ပြည်သူများ

လူမှုစီးပွားဘဝ ကောင်းမွန်ရေး

MIFER ဝန်ကြီးဌာန၏

နံပါတ်တစ် ဦးစားပေး။

သီတာ(DICA/HR)

# “ဆန့်ကျင်ဘက်၏ညီမျှခြင်း”




စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး

မီးခိုးတလူလူ တိမ်တောင် တလိပ်လိပ်

$CO_2$ တွေ ပြွတ်သိပ်နေတဲ့ စက်မှုမြို့တော်တွေ

သူ့ထက်ငါ အလျှိုလျှို မီးခိုးတစ်လူလူပေါ့

တစ်ဖက်မှာလည်း.........

ပတ်ဝန်းကျင် ထိန်းသိမ်းရေး



ဖန်လုံအိမ်ဓာတ်ငွေ့ အန္တရာယ်အရိပ်

စိုးတစ်ထိတ်ထိတ်နဲ့ပေါ့

ဆန့်ကျင်ဘက်တွေကြား........

တွဲလက်တူညီ လှမ်းလို့ချီဖို့

Circular ဆီ မှန်းလို့ရည်ကြပါစို့။

စင်မာ(DICA)

# ဆောင်းပါးကဏ္ဍ


## အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်) "တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ"


### နိဒါန်း

၂၀၂၅ ခုနှစ် အလွန်တွင် အာဆီယံကို ပိုမိုခိုင်မာတောင့်တင်းသည့်ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေးနှင့် ပြည်သူ့ဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ထောင်နိုင်ရေး ရည်မှန်းချက်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း၂၀၂၅အလွန် မျှော်မှန်းချက်ဆိုင်ရာ ဟနွိုင်းကြေညာချက်စာတမ်းကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်စာတမ်းအရ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်နှင့် ဆက်စပ်စာရွက်စာတမ်းများ ထွက်ပေါ်လာရေးနှင့် အဆိုပါမျှော်မှန်းချက် ရေးဆွဲရေးအတွက် အဆင့်မြင့်လုပ်ငန်းအဖွဲ့ တည်ထောင်ရေးတို့ အတွက် အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီမှ ကြီးကြပ်သွားရန် တာဝန်ပေးအပ်ခဲ့ပါသည်။


ဤသို့ဆောင်ရွက်ရခြင်း၏ အကြောင်းအရင်းမှာ လက်ရှိအာဆီယံနိုင်ငံများအတွက် အကောင်အထည်ဖော်ဆောင်နေသည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း လမ်းပြမြေပုံ (ASEAN Political Security Community Blueprint)၊ အာဆီယံစီးပွားရေး အသိုက်အဝန်း လမ်းပြမြေပုံ (ASEAN Economic Community Blueprint)၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း လမ်းပြမြေပုံ (ASEAN Socio-Cultural Community Blueprint) နှင့် အာဆီယံ ဆက်နွယ်မှု မဟာစီမံကိန်း (Master Plan on ASEAN Connectivity 2025) တို့သည် ၂၀၂၅ ခုနှစ်တွင် ကုန်ဆုံးတော့မည် ဖြစ်ခြင်းကြောင့် ၂၀၂၅ ခုနှစ်အလွန် အာဆီယံအတွက် မျှော်မှန်းချက် ရေးဆွဲခြင်းဖြစ်ပါသည်။


သို့ပါ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်း လမ်းညွှန်အရ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပြည်ထောင်စုဝန်ကြီး (သို့မဟုတ်) ဒုတိယဝန်ကြီးအဆင့်ရှိသည့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် ၁ ဦး နှင့် အဆင့်မြင့်အရာရှိကြီးအဆင့်ရှိသည့် အဆင့်မြင့်ကိုယ်စားလှယ် (၁)ဦးစီ ခန့်အပ်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းများအား မိတ်ဝတ်မပျက် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြု ခန့်အပ်ဆောင်ရွက်စေခဲ့ပါသည်။












သို့ပါ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းလမ်းညွှန်အရ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပြည်ထောင်စုဝန်ကြီး (သို့မဟုတ်) ဒုတိယဝန်ကြီး အဆင့်ရှိသည့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် ၁ ဦးနှင့် အဆင့်မြင့်အရာရှိကြီးအဆင့်ရှိသည့် အဆင့်မြင့်ကိုယ်စားလှယ် ၁ ဦးစီ ခန့်အပ်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းပေါင်းစည်းရေးလုပ်ငန်းများအား မိတ်ဝတ်မပျက်ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အာဆီယံအသိုက်အဝန်း မျှော်မှန်း

ချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုခန့်အပ် ဆောင်ရွက်စေခဲ့ပါသည်။

### အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစည်းအဝေးအား ယခုအချိန်အထိ အစည်းအဝေးပေါင်း ၁၂ ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးကို အာဆီယံ ဥက္ကဋ္ဌ တာဝန်ယူထားသည့် နိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်လေ့ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်/ ဒုတိယအာဆီယံ အတွင်းရေးမှူးချုပ်၊ အဆင့်မြင့် ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများ ပါဝင်တက်ရောက်လေ့ရှိပါသည်။

### အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် (သို့မဟုတ်) အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅

အာဆီယံ အသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့အနေဖြင့် လက်ရှိ အာဆီယံအသိုက်အဝန်း မဏ္ဍိုင် ၃ ရပ်၏ လမ်းပြမြေပုံများ အကောင်အထည်ဖော်ဆောင်လျက်ရှိရာတွင် တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ကာ **“တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး တီထွင်ဆန်းသစ်နိုင်သော ပြည်သူ့ ဗဟိုပြု အာဆီယံ- Resilient, Innovative, Dynamic and People-centred ASEAN”** ဆောင်ပုဒ်ဖြင့် ၂၀၄၅ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်စာတမ်းအား အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၁) ကြိမ်မြောက် အစည်းအဝေး၌ သက်ဆိုင်ရာ အဖွဲ့အစည်း (Stakeholder Institutions)များနှင့် တိုင်ပင်ဆွေးနွေးကာ အပြီးသတ် ရေးဆွဲနိုင်ခဲ့ပါသည်။ အဆိုပါ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်မှာ (၂၀၂၅-၂၀၄၅) ကာလအတွင်း ကာလရှည် နှစ်ပေါင်း (၂၀) အကောင်အထည်ဖော် ဆောင်ရွက်ရန် အကျုံးဝင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ် အလွန် မျှော်မှန်းချက်ကို **အာဆီယံ မျှော်မှန်းချက် ၂၀၄၅** ဟု ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။ အာဆီယံ မျှော်မှန်းချက် ၂၀၄၅ ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံ လုပ်ငန်းပေါင်းစပ် ညှိနှိုင်းရေးကောင်စီ (ACC) အစည်းအဝေး၌ အတည်ပြုခဲ့ပြီး (၄၃) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အတည်ပြု မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။

ထိပ်သီးအစည်းအဝေးမှ အတည်ပြုပြီးသည့် ၂၀၄၅ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အတိုင်း ၂၀၂၅ ခုနှစ်မှ ၂၀၄၅ ခုနှစ်အထိ နှစ်ပေါင်း (၂၀) ကာလအတွင်း အကောင်အထည်ဖော်ဆောင်မည့် မဟာဗျူဟာ လုပ်ငန်းအစီအစဉ်များအား အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း (APSC)၊ စီးပွားရေး အသိုက်အဝန်း (AEC)၊ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) နှင့် အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု ညှိနှိုင်းရေးကော်မတီ (ACCC) တို့ အကြား ပေါင်းစပ်ညှိနှိုင်းရေးဆွဲရေး လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ နှစ် (၂၀) ကာလ (၂၀၂၅-၂၀၄၅ ) အာဆီယံ အသိုက်အဝန်း ၂၀၄၅ မျှော်မှန်းချက်တွင် အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-

(က) အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံ၊ (တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ)၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံတို့အား ကိုယ်စားပြုသည့် ကျွန်ုပ်တို့သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် ၄၃ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် စုစည်းတွေ့ဆုံကြလျက် ဤအာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို သဘောတူအတည်ပြုကြခြင်းဖြင့် **“တက်ကြွ၍ ကြံ့ခိုင်ရည်ရှိပြီးဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ”** အဖြစ်တည်ထောင်နိုင်ရေး ဆောင်ရွက်သွားရန် ထပ်လောင်း၍ သန္နိဋ္ဌာန်ပြုကြပါသည်၊

(ခ) ကျွန်ုပ်တို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ် (TAC) နှင့် အခြားသော အာဆီယံဆိုင်ရာ သဘောတူညီချက်များပါ စံနှုန်းများနှင့် အခြေခံမှုများကို လေးစားလိုက်နာခြင်းဖြင့် ဥပဒေစိုးမိုးမှု အပေါ်အခြေခံသော အသိုက်အဝန်းဝင်နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါသည်၊

(ဂ) အာဆီယံအဖွဲ့ကြီး၏ ကြိုးပမ်းအားထုတ်မှုများတွင် အာဆီယံပြည်သူများအား ဗဟိုပြု စဉ်းစားဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ သက်ဆိုင်သူအားလုံး အဓိပ္ပာယ်ပြည့်ဝစွာ နှင့်အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးကို အာမခံနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဃ) ကျွန်ုပ်တို့သည် ဒီမိုကရေစီ စည်းမျဉ်းများကို လေးစားလိုက်နာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် ထွန်းကားစေရေး၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစား လိုက်နာစေရေးနှင့် ကာကွယ်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(င) ကျွန်ုပ်တို့သည် အာဆီယံအဖွဲ့ကြီးအား ကုန်ထုတ်လုပ်မှုနှင့် ဆန်းသစ်တီထွင်မှုအားကောင်းသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးခြင်း၊ တန်ဖိုး ကွင်းဆက် တစ်လျှောက်လုံးတွင် ရေရှည်တည်တံ့မှု ရှိစေခြင်းနှင့် ကျွမ်းကျင်မှု မြင့်မားပြီးအားလုံးပါဝင်နိုင်သော လုပ်သားအင်အား တို့ဖြင့် တစ်ခုတည်းသော ဈေးကွက်ဖြစ်လာစေ ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(စ) ကျွန်ုပ်တို့သည် အာဆီယံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် မောင်းနှင်အားတစ်ရပ်အဖြစ် ဆက်လက်တည်ရှိ နေစေရေး လိုအပ်ချက်ကို အလေးအနက်ထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အာဆီယံအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင်းနှင့် ကမ္ဘာ့ဒေသများတွင် ဖြစ်ပွားနေသည့် ရှုပ်ထွေးနက်နဲသော ပထဝီနိုင်ငံရေးနှင့် လူမှုစီးပွားရေးဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်စွာ တုံ့ပြန်သွားမည် ဖြစ်ပါသည်၊

(ဆ) ကျွန်ုပ်တို့သည် အာဆီယံအား ပိုမိုပေါင်းစည်းဆက်နွယ်လာသည့် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ထွန်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပြင်ပမိတ်ဖက်များနှင့် ဆက်ဆံရေးတွင် အာဆီယံ၏ ဗဟိုအချက်အချာကျမှု (ASEAN Centrality) ကို ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဇ) ကျွန်ုပ်တို့သည် အားလုံးနှင့် သက်ဆိုင်သောများပြားလှသည့် ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ပိုမိုကြံ့ခိုင်သော၊ တီထွင်နိုင်စွမ်းရှိသော၊ တက်ကြွသော၊ လိုက်လျောညီထွေ ဆောင်ရွက်နိုင်သော၊ တုံ့ပြန်နိုင်စွမ်းရှိသော၊ ပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အာဆီယံရှိအဖွဲ့အစည်းများအား ခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ချမှတ်သွားမည် ဖြစ်ပါသည်။ ဆောင်ရွက်ရာတွင်ပိုမိုကြံ့ခိုင်သော၊ တီထွင်နိုင်စွမ်းရှိသော၊ တက်ကြွသော၊ လိုက်လျောညီထွေ ဆောင်ရွက်နိုင်သော၊ တုံ့ပြန်နိုင်စွမ်းရှိသော၊ ပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အာဆီယံရှိ အဖွဲ့အစည်းများအား ခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ချမှတ်သွားမည် ဖြစ်ပါသည်။

## အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ (Challenges and Opportunities)

အဆိုပါ ရည်မှန်းချက်တွင် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ အဖြစ်အောက်ပါတို့ ဖော်ပြပါဝင်ပါသည်-

(က) လျင်မြန်စွာတိုးတက် ပြောင်းလဲလျက်ရှိသည့် ကမ္ဘာ့အခင်းအကျင်းတွင် အာဆီယံနှင့် အာဆီယံ ပြည်သူများ၏ အနာဂတ် လုံခြုံစေရေးအတွက် ထိရောက်ပြီး ဆန်းသစ်သည့် တုံ့ပြန်မှု

များ ဆက်လက်ချမှတ်နိုင်ရန် လိုအပ်မည်ဖြစ်ပါ သည်။ ကျွန်ုပ်တို့သည် ပစ္စုပ္ပန်နှင့် အနာဂတ် တွင် ဖြစ်ပေါ်လာနိုင်မည့် အောက်ပါ ဖြစ်စဉ်များမှ ပေါ်ထွက်လာမည့် သက်ရောက်မှုများကို ဂရုပြုသကဲ့သို့ အခွင့်အလမ်းများကို ဖမ်းဆုပ်ရယူနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(၁) တောင်တရုတ်ပင်လယ် အပါအဝင် အင်ဒိုပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်ရေး၊ (Maintenance of Peace, Security and Stability in the Indo-Pacific Region Including the South China Sea)

(၂) အင်အားကြီးနိုင်ငံများအကြားအားပြိုင်မှုများ၊ (Major Power Rivalries)

(၃) ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းခြင်းနှင့် ထိုသို့ ပြောင်းလဲမှုကြောင့် အနာဂတ် လုပ်ငန်းများ အပေါ် သက်ရောက်နိုင်မှုများ၊ (Digitalization and its Impacts on the Future of Work)

(၄) ဆိုက်ဘာလုံခြုံရေး၊ (Cybersecurity)

(၅) ဉာဏ်ရည်တု၊ (Artificial Intelligence)

(၆) ကိုယ်ကျိုးစီးပွားကာကွယ်မှုများများပြားလာခြင်းနှင့်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အဟန့်အတားများ၊ (Rising Protectionism and Barriers to Trade and Investment)

(၇) ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ခိုင်မာ အားကောင်းစေခြင်း၊ (Supply Chain Resilience)

(၈) အဏ္ဏဝါစီးပွားရေး၊ (Blue Economy)

(၉) စားနပ်ရိက္ခာ ဖူလုံရေး၊ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးနှင့် စွမ်းအင် လုံခြုံရေး၊ (Food, Water and Energy Security)

(၁၀) ဆင်းရဲမှုနှင့် ဖွံ့ဖြိုးမှုကွာဟချက် ကြီးမားလာခြင်း၊ ရန်ပုံငွေရရှိမှု နည်းပါးလာခြင်း၊ (Poverty, Widening Development Gaps and Scarcity of Funding)

(၁၁) သဘာဝဘေးအန္တရာယ်များ၊ (Natural Disasters)

(၁၂) ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလာခြင်း၊ အစိမ်းရောင်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းခြင်း၊ (Climate Change, Environmental Degradation, Biodiversity Loss and Transition to a Green Economy)

(၁၃) ကပ်ရောဂါ၊ ကူးစက်ရောဂါနှင့် အခြားရောဂါများ၊ (Pandemics, Communicable and Non-Communicable Diseases)

(၁၄) ကမ္ဘာ့လူဦးရေထူထပ်လာခြင်း၊ သက်ကြီးရွယ်အို များပြားလာခြင်း၊ ရွှေ့ပြောင်းသွားလာမှုများပြားလာခြင်း၊ (Increased World Population, Ageing Societies and Migration)

(၁၅) ထိခိုက်လွယ်ပြီး ဖယ်ကျဉ်ခံရသော အုပ်စုများအား ပါဝင်လာစေခြင်း၊ (Inclusion of Vulnerable and Marginalised groups)

(၁၆) အမျိုးသမီးများနှင့် လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ (Empowerment of Women and Youth)

(၁၇) အာဆီယံပေါင်းစည်းဆက်နွယ်မှု။ (ASEAN Connectivity)

(ခ) ကျွန်ုပ်တို့သည် အရေးပေါ်နှင့် ထူးခြားသည့် အခြေအနေများတွင် ဆုံးဖြတ်ချက်များကို အချိန်နှင့် တစ်ပြေးညီ ချမှတ်ခြင်း၊ မဏ္ဍိုင်အားလုံး၊ ကဏ္ဍအားလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာ ဖြေရှင်းဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ အရင်းအမြစ်များ ထိရောက်စွာ ခွဲဝေချထားပေးခြင်း၊ အာဆီယံ

အတွင်းရေးမှူးချုပ်ရုံး၏ စွမ်းဆောင် ရည် ပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ခြင်းအပါအဝင် အာဆီယံ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ထိရောက်ထက်မြက်စွာဆောင်ရွက်နိုင်မှုကိုအားကောင်းစေရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ အနာဂတ်အာဆီယံ (Future ASEAN)

၂၀၂၅ ခုနှစ်အလွန် အနာဂတ် အာဆီယံအဖြစ် အာဆီယံမဏ္ဍိုင်များနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့သည် ၂၀၄၅ ခုနှစ်အရောက်တွင် တက်ကြွ၍ ကြံ့ခိုင်ရည်ရှိပြီး ဆန်းသစ် တီထွင်နိုင်သော ပြည်သူ ဗဟိုပြု အာဆီယံ (People Centered ASEAN) အဖြစ် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အင်ဒိုနီးရှားနိုင်ငံ၊ Labuan Bajo တွင် ကျင်းပခဲ့သည့် ၄၂ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သော အာဆီယံအသိုက်အဝန်း၏၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ပါ မဏ္ဍိုင်များအား အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ကျွန်ုပ်တို့သည်အာဆီယံအား အင်ဒို-ပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုး တိုးတက်မှု၏ ဗဟိုချက်အဖြစ် ဖော်ဆောင်နိုင်ရေးအတွက် မျှော်မှန်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## နိုင်ငံရေးဆိုင်ရာ လုံခြုံရေး (Political Security)

နိုင်ငံရေးဆိုင်ရာ လုံခြုံရေးနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများက သဘောတူလက်ခံထားသည့် အာဆီယံပဋိညာဉ်စာတမ်း၊ **ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်** နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေအပါအဝင် နိုင်ငံတကာ ဥပဒေများပါ အခြေခံမူများအပေါ် အခြေခံသည့် ငြိမ်းချမ်းတည်ငြိမ်ပြီး လုံခြုံမှုရှိသော ဒေသတစ်ခုဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ခ) အာဆီယံ ဦးဆောင်သော ယန္တရားများမှတစ်ဆင့် အာဆီယံ၏ အချက်အချာကျမှုနှင့် အရေးပါမှုကို ထိန်းသိမ်းနိုင်ပြီး ပိုမိုအားကောင်းစေသော၊ နိုင်ငံများအကြား ငြိမ်းချမ်းသော ဆက်ဆံရေးကို အစွန့်ရှည်တည်တံ့စေသော၊ မိတ်ဖက် ဆက်ဆံရေးအသစ်များ တည်ထောင်ရာတွင် ဓမ္မဓိဋ္ဌာန်ကျသော၊ အပြန်အလှန် အကျိုးရှိသော ဆက်ဆံရေးကို တည်ဆောက်နိုင်သော အသိုက်အဝန်း တစ်ခုဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဂ) ဒေသတွင်းနှင့်ကမ္ဘာ့အရေးကိစ္စများတွင် အာဆီယံ၏ ရပ်တည်ချက်ကို ထင်ဟပ်စေသော အသိုက်အဝန်းတစ်ခု ဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဃ) ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် အားပြိုင်မှုများအကြားစည်းမျဉ်းအခြေပြု နိုင်ငံတကာ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း ဖော်ဆောင်နိုင်ရေးနှင့်ဒေသတွင်းသွင်ပြင်လက္ခဏာများကိုထင်ဟပ်ပုံဖော်နိုင်ရေး ဆောင်ရွက်နိုင်စွမ်းရှိသည့် အဓိကမောင်းနှင်အား တစ်ခုဖြစ်သော အာဆီယံအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(င) နိုင်ငံတကာဥပဒေနှင့် စည်းမျဉ်းအခြေပြု နိုင်ငံစုံစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို အထောက်အကူပြုနိုင်စွမ်းရှိသော အာဆီယံအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(စ) ငြိမ်းချမ်းသော၊ လွတ်လပ်သော၊ ဘက်လိုက်မှုကင်းသော၊ အဏုမြူလက်နက် ကင်းမဲ့သော၊ အခြားသော အဖျက်စွမ်းအား ကြီးမားသည့်လက်နက်များ ကင်းမဲ့သော ဇုန်ဖြစ်သည့် အရှေ့တောင်အာရှဒေသဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဆ) အင်အားအသုံးပြုခြင်းသို့မဟုတ် ခြိမ်းခြောက်ခြင်းတို့မပါဝင်ဘဲ ဥပဒေကိုလေးစား လိုက်နာခြင်းနှင့် သံတမန်နည်းလမ်းအရ ဖြေရှင်းခြင်းအပါအဝင် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းနှင့် ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCLOS) အပါအဝင် နိုင်ငံတကာ ဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာ ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အာဆီယံအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါ

(ဇ) ခိုင်မာကောင်းမွန်သည့် စီမံကိန်းများနှင့် လုပ်ငန်းစဉ်များမှတစ်ဆင့် အင်ဒို-ပစိဖိတ် ဒေသအတွင်း အာဆီယံ၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည့် အသိုက်အဝန်းတစ်ခု ဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဈ) ဒီမိုကရေစီစံနှုန်းများကို လေးစားလိုက်နာသော၊တရားဥပဒေစိုးမိုးသော၊ကွဲပြားခြားနားသည့် ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေးတို့ကို လေးစားတန်ဖိုးထားသော၊ အခြေခံ လွတ်လပ်ခွင့်များကို လေးစားသော၊ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးသော၊ လူမှုရေးဆိုင်ရာ တရားမျှတမှုကို မြှင့်တင်ပေးသော၊အားလုံးပါဝင်နိုင်သော စုပေါင်းစွမ်းအားမြင့်မားသည့် အသိုက်အဝန်းတစ်ခု အဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

## စီးပွားရေး (Economic)

**စီးပွားရေးနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-**

(က) အဆင့်မြင့်နည်းပညာများနှင့် ပေါ်ပေါက်လာမည့် အခွင့်အလမ်းများကို ဖမ်းဆုပ်ဆောင်ရွက်နိုင်စွမ်းတို့ဖြင့် တစ်ခုတည်းသော ဈေးကွက်နှင့် အနာဂတ်အတွက် အသင့်ဖြစ်နေသော၊ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အမြစ်တွယ်သည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအတွက် အဓိက အရေးပါသော၊ ကမ္ဘာတွင် စတုတ္ထမြောက် စီးပွားရေး အင်အားအကြီးဆုံးသော ဒေသအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ခ) **ကာလရှည်စိန်ခေါ်မှုများနှင့် အနာဂတ်အရေးကိစ္စများကို တုံ့ပြန်နိုင်သော တက်ကြွပြီး ခံနိုင်ရည်စွမ်း မြင့်မားသော အသိုက်အဝန်းတစ်ခု။** ကျွန်ုပ်တို့သည် ဖွံ့ဖြိုးမှု ကွာဟချက်များကို လျော့နည်းစေ နိုင်မည့်လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင် သွားမည်ဖြစ်ပြီး အားလုံးပါဝင်နိုင်မှုကို မြှင့်တင်နိုင် ရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို တန်းတူညီမျှရယူ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဂ) ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အဓိက မောင်းနှင်သူအနေဖြင့် လွှမ်းမိုး ဆောင်ရွက်နိုင်ရေးနှင့် အာဆီယံ၏ ပေါင်းစည်းစွမ်းအား မြှင့်တင်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် ချိတ်ဆက်မှုများ အားကောင်းစေခြင်း၊ အာဆီယံ ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုပိုမိုမြှင့်တင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော၊ ပေါင်းစည်းစွမ်းအား မြင့်မားသောတစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုဗဟိုဌာန တက်ကြွပြီး စွမ်းဆောင်ရည် မြင့်မားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြင့် အာဆီယံအား အင်ဒို-ပစိဖိတ်ဒေသအတွင်း ကုန်ထုတ်လုပ်မှုနှင့် စက်မှုဗဟိုဌာနအဖြစ် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဃ) စီးပွားရေးပေါင်းစည်းမှု အစီအစဉ်ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့်သာယာဝပြောသည့် ဂေဟစနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန်အတွက် တီထွင်ဖန်တီးနိုင်မှု အားကောင်းသော စီးပွားရေးဝန်းကျင်နှင့် အဆင့်မြင့် စက်မှုလုပ်ငန်းများ အပါအဝင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေမည့် အရင်းအမြစ် အသစ်များ တည်ရှိသော၊ သိပ္ပံနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စွမ်းရှိသော၊ အကောင်းဆုံးသော စီးပွားရေး လုပ်ငန်းများ စုစည်းတည်ရှိသော ဗဟိုဌာနအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(င) ပွင့်လင်း မြင်သာမှုရှိသော၊ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်သော၊ လျင်မြန်စွာ၊ လုံခြုံစိတ်ချစွာနှင့် ယုံကြည်စွာ ဆောင်ရွက်နိုင်သည့် ဒီဂျစ်တယ်ဂေဟစနစ်ရှိသော၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အလားအလာများကို ဖော်ဆောင်ပေးနိုင်သော နည်းပညာမြင့် ဒီဂျစ်တယ်ဝန်ဆောင်မှု လုပ်ငန်းများဖြင့် အာဆီယံနှင့် အာဆီယံ ပြည်သူများကို အကျိုးဖြစ်ထွန်းမှုအများဆုံး ဖော်ဆောင်ပေးနိုင်သော ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာကဏ္ဍများတွင် ဦးဆောင်နိုင်စွမ်းနှင့် ချိတ်ဆက်နိုင်စွမ်း မြင့်မားသော အသိုက်အဝန်းတစ်ခုအဖြစ် ထူထောင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(စ) အသိပညာဗဟုသုတများမျှဝေခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းနှင့် တီထွင်ဆန်းသစ်မှု အားကောင်းစေခြင်း အပါအဝင် သက်ဆိုင်သူအားလုံး အကျိုးဖြစ်ထွန်းစေခြင်းဖြင့် အာဆီယံ၏ အချက်အချာကျမှုကို ထိန်းသိမ်းနိုင်သော ပူးပေါင်းဆောင်ရွက်မှုပုံစံများနှင့် သဘောတူညီချက်များကို အခြေပြု၍ ပြင်ပမိတ်ဖက်များနှင့် ပိုမိုခိုင်မာ အားကောင်းသော အပြန်အလှန်အကျိုး ဖြစ်ထွန်းစေသော စီးပွားရေး ချိတ်ဆက်မှုများ ဆောင်ရွက်နိုင်သည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဆ) တန်ဖိုးမြင့်ကုန်စည်များ ထုတ်လုပ်နိုင်မှု ပမာဏ တိုးတက်လာစေရန်နှင့် ပိုမို ထိရောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းရရှိနိုင်မှု သေချာစေရေးအပါအဝင် ကုန်ကြမ်းမှသည် ကုန်ချောအထိ ထုတ်လုပ်မှုလုပ်ငန်းစဉ် တစ်လျှောက် လွယ်ကူ ချောမွေ့စေခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ချိတ်ဆက်မှုများ အားကောင်းစေခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက်၏ အဓိကကျသော အစိတ်အပိုင်းတွင် ပါဝင်လျက်ရှိသော အသိုက်အဝန်းတစ်ခု ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဇ) သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ဆုံးရှုံးမှုများအတွက် ဘဏ္ဍာငွေ ပံ့ပိုးပေးနိုင်မှု မြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို လျော့ပါးစေခြင်းနှင့် ပြင်ပ သက်ရောက်မှုများကြောင့် ဒေသတွင်း ထိခိုက်နိုင်မှုကို လျော့ပါးစေရေးအတွက်နယ်စပ်ဖြတ်ကျော် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုများအတွက် ဒေသတွင်း ငွေကြေးများကို သုံးစွဲမှု မြှင့်တင်ခြင်းအပါအဝင် စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားသည့် အသိုက်အဝန်းတစ်ခု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### စီးပွားရေး၊ လူမှု-ယဉ်ကျေးမှု (Economic, Socio-Cultural)

**စီးပွားရေး၊ လူမှု-ယဉ်ကျေးမှုနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-**

ဒေသတွင်း၌ အစိမ်းရောင်စီးပွားရေးနှင့် အဏ္ဏဝါ စီးပွားရေးလုပ်ငန်းများ ထွန်းကားစေရေး ဆောင်ရွက်လျက်ရှိသည့် အားလျော်စွာ မြေနှင့်ရေအရင်းအမြစ်များအား ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးစေခြင်း၊ ရာသီဥတုဆိုင်ရာ တုံ့ပြန်နိုင်မှု မြှင့်တင်ခြင်းနှင့် ရေရှည်တည်တံ့စေရေးတို့တွင် အာဆီယံ၏ ရပ်တည်ချက်ကို အားကောင်းစေခြင်းမှ တစ်ဆင့်စိမ်းလန်းသောအာဆီယံဖြစ်စေရေးပင် ဖြစ်သည်။

### လူမှု-ယဉ်ကျေးမှု (Socio-Clutural)

**လူမှု-ယဉ်ကျေးမှုနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-**

(က) အာဆီယံ၏ သွင်ပြင်လက္ခဏာနှင့် ပြယုဒ်နှင့် အတူ ပြည်သူများ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းနိုင်သော ပြည်သူကို ဗဟိုပြုသော၊ ပြည်သူကို အလေးထားသော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ခ) ထိခိုက်လွယ်သော အုပ်စုများ အပါအဝင် မည်သူမျှချန်လှပ်ထားခြင်းမရှိဘဲ သာယာဝပြောမှုကို အတူတကွ မျှဝေခံစားနိုင်သော၊ အားလုံးပါဝင် နိုင်သော၊ ပူးပေါင်း လုပ်ဆောင်နိုင်သော၊ ရေရှည်တည်တံ့သော၊ အာဆီယံ အဖွဲ့ဝင်ပြည်သူများအကြား စည်းလုံးညီညွတ်မှုကိုမြှင့်တင်ပေးနိုင်သော၊ ပြည်သူများအတွက် အရည်အသွေးရှိသည့် လူမှုဘဝနေထိုင်မှုကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်ရေး အလေးထားသော အသိုက်အဝန်းတစ်ခုအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဂ) ကျွမ်းကျင်မှုမြင့်မားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားများ ပိုမိုပေါ်ထွန်းလာစေရန် အတွက်မြန်ဆန်စွာ သင်ယူနိုင်သည့် ဝန်းကျင်တစ်ခုဖော်ဆောင်ကာ ဘက်စုံလွှမ်းခြုံနိုင်သော အားလုံး ပါဝင်နိုင်သော သင်ကြားမှုပုံစံအသစ်များမှတစ်ဆင့် အာဆီယံကို ဖွံ့ဖြိုးမှုနှင့် တီထွင် ဆန်းသစ်မှုဆိုင်ရာ ဗဟိုဌာနအဖြစ်

ဖော်ဆောင်နိုင်ရန်နှင့် အရည်အသွေးမြင့်မားသည့် အလုပ်အကိုင်များနှင့် အခြားသော အလုပ်အကိုင်များ ဖော်ဆောင်ပေးရန် အပါအဝင် လူသားအရင်းအမြစ်များ ပေါ်များသည့် အာဆီယံ၏ အားသာချက်များကို အပြည့်အဝ ထိရောက်စွာအသုံးပြုနိုင်သောအသိုက်အဝန်း တစ်ခုအဖြစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဃ) သက်တမ်းရှည်ကြာစွာ နေထိုင်နိုင်သော၊ လူကြီးလူငယ်မရွေး ကျန်းမာသန်စွမ်းသော၊ ဘက်စုံ လွှမ်းခြုံသော ကျန်းမာရေး စောင့်ရှောက်မှု စနစ်ရှိခြင်းကြောင့် ကူးစက်နိုင်သော ရောဂါများ (Communicable Diseases) နှင့် မကူးစက်နိုင်သော ရောဂါများ (Non-Communicable Diseases) တို့မှ ဘေးကင်းလုံခြုံသော၊ ပြည့်စုံကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ရယူနိုင်သော ကျန်းမာကြံ့ခိုင်သည့် အာဆီယံ ပြည်သူများဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(င) အာဆီယံ ရေရှည်တည်တံ့စေရေး အစီအစဉ်နှင့်အညီ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပြည်သူများ၏ ခံနိုင်ရည်စွမ်းအားများ မြှင့်တင်ပေးခြင်းနှင့် လူသားလုံခြုံမှု (Human Security) မြှင့်တင် နိုင်ခြင်းမှတစ်ဆင့် အာဆီယံ ပြည်သူများ အားလုံး၏ လူမှုဘဝ အခြေအနေများကို အလေးထား ဆောင်ရွက်ပေးသော အသိုက်အဝန်းတစ်ခု ဖြစ်စေရန် ဆောင်ရွက်သွားရန် ရှိပါသည်၊

(စ) ဒေသတွင်းနှင့်ကမ္ဘာ့အရေးကိစ္စများအပါအဝင် အဖွဲ့ဝင် နိုင်ငံများ၏ လိုလား ချက်များကို အာဆီယံ၏ ဘုံဝိသေသ လက္ခဏာများဖြစ်သောလိုက်လျောညီထွေစွာနှင့် တုံ့ပြန်နိုင်စွမ်း မြင့်မားစွာဖြင့် ဆောင်ရွက်နိုင်မှုကို ထင်ဟပ်စေသည့်အသိုက်အဝန်း တစ်ခုဖြစ်ပေါ်စေရန် ဦးတည် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်၊

(ဆ) အာဆီယံအသိုက်အဝန်းတည်ထောင်ရာတွင် ထိရောက်စွာနှင့် အပြည့်အဝပါဝင်စေခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသော၊ ဆုံးဖြတ်ချက်များ ချမှတ် ရာတွင် အမျိုးသမီးများအား အလေးထား ထည့်သွင်းဆုံးဖြတ်သည့်အသိုက်အဝန်း တစ်ခုဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဇ) ယနေ့ခေတ်ကာလတွင် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သည့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ အာဆီယံ၏ ဝိသေသလက္ခဏာ၊ စံတန်ဖိုးနှင့် အရေးပါမှုကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့်တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော အာဆီယံအသိုက်အဝန်းအား ပိုမိုခိုင်မာအား ကောင်းလာစေရေး ဆောင်ရွက်ရာတွင် လူငယ်များမှ အကျိုးရှိ ထိရောက်စွာ ပါဝင် ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရေး ဆောင်ရွက်သွားမည် ဖြစ်ပါ သည်၊

(ဈ) အာဆီယံ၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ အနုပညာနှင့် ရှေးရာဝလေ့များကို တန်ဖိုးထား မြှင့်တင်ခြင်းနှင့် ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှု ဆိုင်ရာ လုပ်ငန်းစုများကို မြှင့်တင်ခြင်းနှင့် အာဆီယံ ၏အနှစ်သာရကို တန်ဖိုးထား ဂုဏ်ယူသော အသိုက်အဝန်းတစ်ခုဖြစ်စေရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ည) အာဆီယံအား ငြိမ်းချမ်းသော၊ အားလုံးပါဝင်သော၊ကျန်းမာကြံ့ခိုင်သော၊ ပညာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သော အကောင်းဆုံးသော အားကစား ဗဟိုဌာနအဖြစ်ပေါ်ထွန်းလာစေမည့် အားကစားများကိုမြှင့်တင်ပေးသည့်အသိုက်အဝန်း တစ်ခုဖြစ်စေရေးဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ပေါင်းစည်းဆက်နွယ်မှု (Connectivity)

**ပေါင်းစည်းဆက်နွယ်မှု နှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-**

(က) ငွေကြေးလွှဲပြောင်း ပေးချေမှုများအတွက် ဘဏ္ဍာရေးဆိုင်ရာ အခြေခံ အဆောက်အဦများ ချိတ်ဆက်ထားခြင်း၊ ဒီဂျစ်တယ်ဆိုင်ရာ ဆန်းသစ် တီထွင်မှုများ စဉ်ဆက်မပြတ်

ဆောင်ရွက်ထားခြင်း၊ ဆိုက်ဘာလုံခြုံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားခြင်း၊ စီမံအုပ်ချုပ်မှုစနစ် ကောင်းမွန်စေခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ ဖြည့်ဆည်းမှုကွင်းဆက်ထိရောက် အားကောင်းစေရေး ဆောင်ရွက်ထားခြင်း၊ သတင်းအချက်အလက်များအား ထိရောက်စွာ နယ်စပ်ဖြတ်ကျော်စီးဆင်းနိုင်ခြင်း၊ ဒေသတွင်းရှိ ပြည်သူအချင်းချင်းအကြား ချိတ်ဆက်မှု အားကောင်းစေခြင်းနှင့် ရေရှည်တည်တံ့သည့် အခြေခံအဆောက်အဦများ တည်ဆောက်ထားခြင်း အပါအဝင် အာဆီယံနိုင်ငံ နှစ်နိုင်ငံအကြားဖြစ်စေ၊ အာဆီယံဒေသတွင်းနိုင်ငံများအကြားဖြစ်စေ ပေါင်းစည်းဆက်နွယ်မှုများ မြှင့်တင်ထားခြင်းကြောင့် ဘက်ပေါင်းစုံတွင် အလွယ်တကူ ချိတ်ဆက် ဆောင်ရွက်နိုင်သော အသိုက်အဝန်း တစ်ခု။ အာဆီယံအနေဖြင့် အခြားသော ဒေသခွဲနှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်များ အပါအဝင် အဓိကကျသည့် ချိတ်ဆက်မှုများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု အားကောင်းစေရေး ဒေသတစ်ခုလုံး ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ခ) အာဆီယံနိုင်ငံများရှိ မြို့များအား ရေရှည်တည်တံ့သည့် မြို့တော်များနှင့် ခေတ်မီသည့် မြို့တော်များအဖြစ် အဆင့်မြှင့်တင်ခြင်း အပါအဝင် ခေတ်မီနည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အခြေခံ အဆောက်အဦများ အဆင့်မြှင့်တင်ကာ အနာဂတ်တွင် မြို့ပြဖွံ့ဖြိုးမှုများ ရရှိအောင် စီမံဆောင်ရွက်နိုင်စွမ်းရှိသည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အဖွဲ့အစည်းဆိုင်ရာ အားကောင်း ခိုင်မာစေခြင်း (Institutional Strengthening)

**အာဆီယံ အဖွဲ့အစည်းဆိုင်ရာ အားကောင်း ခိုင်မာစေခြင်း** နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-

"အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံမှ လုံလောက်သော ဘဏ္ဍာငွေများ ပံ့ပိုးနိုင်သော၊ ကဏ္ဍအားလုံး၊ မဏ္ဍိုင်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်သော အနာဂတ်အတွက် အသင့်ဖြစ်နေသော၊ ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သော၊ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း အားကောင်းသော၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သော အာဆီယံ၏ အဖွဲ့အစည်းများ၊ ကဏ္ဍအလိုက် ဖွဲ့စည်းထားသည့် ကော်မတီအဖွဲ့များနှင့် ယန္တရားများဖြင့် အဖွဲ့အစည်းဆိုင်ရာ ထိရောက်ထက်မြက်သော စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းဖြင့် အာဆီယံ၏ အချက်အချာကျမှုကို တည်တံ့စေသည့် အသိုက်အဝန်းတစ်ခု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။"

## ကျွန်ုပ်တို့၏ ကတိပြုချက် (Our Commitment)

**ကျွန်ုပ်တို့၏ ကတိပြုချက်အဖြစ် အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-**

"အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုနှင့်အတူ အာဆီယံလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေး ကောင်စီ၊ အာဆီယံ အသိုက်အဝန်းကောင်စီများ၊ အာဆီယံ ပေါင်းစည်းဆက်နွယ်မှု ညှိနှိုင်းရေး ကော်မတီများအား တာဝန်ပေးအပ်ခြင်းဖြင့် တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော ပြည်သူဗဟိုပြု အာဆီယံအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေးဆိုင်ရာ လုံခြုံမှု၊ စီးပွားရေး၊ လူမှုယဉ်ကျေးမှု၊ ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ အားကောင်းစေမှုစသည့် အာဆီယံ မျှော်မှန်းချက်ပါ ကတိကဝတ်များကို ထိရောက်စွာနှင့် အပြည့်အဝ အကောင်အထည် ဖော်နိုင်ရေးအတွက် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို သဘောတူချမှတ်ကြပါသည်။"

## သုံးသပ်ချက်များ

စာရေးသူအနေဖြင့် ၂၀၀၀ ပြည့်နှစ်များကတည်းက တာဝန်ယူဆောင်ရွက်ခဲ့ရသည့် ဌာနနှင့် နယ်ပယ်အသီးသီးအလိုက် အာဆီယံနှင့် ဆက်စပ်ပတ်သက်သမျှသော ခေါင်းစဉ် အသီးသီးတွင် အစည်းအဝေးများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ခဲ့ဖူးသူဖြစ်ပါသည်။ အာဆီယံအဖွဲ့၏ဖြစ်ပေါ်မှု၊ ကမ္ဘာ့ပထဝီ

နိုင်ငံရေး (Geo Politics) နှင့် ပထဝီ စီးပွားရေး (Geo Economy) ပြောင်းလဲမှု အလားအလာများအရ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ရေးအတွက် မျက်ခြည်မပြတ် ရှာဖွေလေ့လာကြိုးစားဆောင်ရွက်ရန် လိုအပ်မည်ဟု သုံးသပ်ပါသဖြင့် နောင်လာမည့် နှစ် (၂၀) အတွင်း လိုက်ပါဆောင်ရွက်ကြရမည့် ဒေသတွင်း လမ်းပြမြေပုံအရ စာဖတ်ရှုသူများ ကြိုတင်လေ့လာစဉ်းစား စီမံနိုင်ရန် အောက်ပါအတိုင်း သုံးသပ်ဖော်ပြအပ်ပါသည်-

**နိုင်ငံရေး**

(က) အာဆီယံ ပူးပေါင်း ဆောင်ရွက်မှုများသည် ယခင်ဆယ်စုနှစ်က အာဆီယံပဋိညာဉ်တွင် ဖော်ပြပါဝင်သည့်အတိုင်း အဖွဲ့ဝင် နိုင်ငံများ၏ ဘုံသဘောတူညီချက် (Consensus Orientation) အပေါ် အခြေခံဆောင်ရွက်ပြီး အဖွဲ့ဝင် နိုင်ငံများကို ဗဟိုပြု၍ Member Centric ဖြစ်ခဲ့သော်လည်း ယခုအခါ **နိုင်ငံတကာ** ဥပဒေများပါ အခြေခံမူများအပေါ် အခြေခံသည့်၊ ဥပဒေစိုးမိုးမှုအပေါ် အခြေခံသော အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်သွားမည့် Rule Based Institution အဖြစ်သို့ ပြောင်းလဲရပ်တည်သွားမည့် အလားအလာရှိကြောင်း တွေ့ရှိရသည်၊

(ခ) ကမ္ဘာ့ပထဝီနိုင်ငံရေးတင်းမာမှုများနှင့် အားပြိုင်မှုများအကြားတွင် အာဆီယံ ဦးဆောင်သော ယန္တရားများမှတစ်ဆင့် အာဆီယံ၏ အချက်အချာကျမှုနှင့် အရေးပါမှုကို ထိန်းသိမ်းနိုင်ရန်နှင့် ဒေသတွင်းနှင့် ကမ္ဘာ့အရေးကိစ္စများတွင် အာဆီယံ၏ ရပ်တည်ချက်ကို ထင်ဟပ်စေရေး၊ စည်းမျဉ်းအခြေပြု နိုင်ငံတကာ ဆက်ဆံရေးကို တိုးချဲ့ ဆောင်ရွက်မည့် Global ASEAN အဖြစ်သို့ ဦးတည်လာကြောင်း တွေ့ရှိရသည်၊

(ဂ) အာဆီယံ၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အင်ဒို-ပစိဖိတ် ဒေသတွင်း အသိုက်အဝန်းတစ်ခု ဖြစ်စေရန်နှင့် အင်ဒို-ပစိဖိတ် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု၏ဗဟိုချက်ဖြစ်ပေါ်စေရန် ရည်ရွယ်ထားကြောင်း တွေ့ရပါသည်၊ အမေရိကန်နိုင်ငံဘက်မှ အာဆီယံအား အင်ဒို-ပစိဖိတ် စီးပွားရေး မူဘောင် (Indo-Pacific Economic Framework -IPEF) အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ်းလှမ်းထားသကဲ့သို့ ASEAN Outlook on the Indo-Pacific (AOIP) အား ထုတ်ပြန်အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရှိပါသည်။ အင်ဒိုပစိဖိတ် ဒေသတွင်း အာဆီယံ၏ မဟာဗျူဟာရပ်တည်မှု၊ အားပြိုင်မှုနှင့် ရပ်တည်မှု အခင်းအကျင်း ပြောင်းလဲလာခဲ့သဖြင့် အင်အားကြီးနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးအရ အားပြိုင်ရာ သမဖြစ်စေရေး နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု (Regional Peace and Stability) အတွက် မဟာဗျူဟာကျကျ ဆောင်ရွက်နိုင်ရေးသည် လွန်စွာအရေးပါသောကြောင့် ချိတ်ဆက်လျက်ရှိပါသည်။ အင်ဒို-ပစိဖိတ်ဒေသ၏ ဗဟိုချက်မ (Hub) အဖြစ်ဆောင်ရွက်လိုသည့် သဘောထား ရပ်တည်ချက်ရှိကြောင်း တွေ့ရှိရပါသည်၊

(ဃ) ပြင်ပ မိတ်ဖက်များနှင့် ဆက်ဆံရေးတွင် အာဆီယံ၏ ဗဟိုအချက်အချာကျမှု (ASEAN Centrality) ကို ခိုင်မာ အားကောင်းလာစေရန် ဆောင်ရွက်သွားရန်ရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများအကြား ခွဲခြားဆက်ဆံမှု မရှိစေရေးကိုမူ ဂရုပြုရန် လိုအပ်မည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါသည်၊

(င) ပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အာဆီယံရှိ အဖွဲ့အစည်းများအား ခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ချမှတ်သွားရန် ရှိပါသည်၊

(စ) လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည့် ကမ္ဘာ့ အခင်းအကျင်းတွင် အာဆီယံနှင့် အာဆီယံ ပြည်သူများ၏ အနာဂတ်လုံခြုံစေရေးအတွက် ထိရောက်ပြီး ဆန်းသစ်သည့် တုံ့ပြန်မှုများ ဆက်လက်ချမှတ်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ အားလုံးအနေဖြင့် အပြောင်းအလဲအပေါ် တုံ့ပြန်နိုင်မှု (Responsiveness) နှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှု (Resiliance) ကို

ထူထောင်နိုင်ကြရန် အလွန်အရေးကြီးလာသောကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ပိုမိုဦးစားပေး စဉ်းစားသကဲ့သို့ ဒေသတွင်း နိုင်ငံများ၏ အကျိုးစီးပွားကိုလည်း ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာအကျိုးလိုလားစွာ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြလာပါသည်၊

(ဆ) အာဆီယံ မျှော်မှန်းချက် ၂၀၄၅ တွင် အဖွဲ့အစည်းများ ခိုင်မာစေခြင်း (Strengthening Institutions) နှင့်အတူ ဆုံးဖြတ်ချက်များချမှတ်သည့် လုပ်ငန်းစဉ် (Decision Making Process)၊ အရေးပေါ်နှင့် သီးသန့်အခြေအနေများတွင် (Urgent and Specific Situations) များတွင် အချိန်မီဆုံးဖြတ်ချက်များချနိုင်စေရန် နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အရေးပါမှု (Role of ASEAN Secretariat) ကို မြှင့်တင်ပေးရန် အချက်တို့ကို အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ တွင် ထည့်သွင်း ရေးဆွဲထားခြင်းသည် အဖွဲ့ဝင်နိုင်ငံများအကြား ခွဲခြားဆက်ဆံမှု မဖြစ်ပေါ်စေရေး၊ Double Standard မရှိစေရေးအတွက် သတိချပ်စရာတစ်ခုပင် ဖြစ်ပါသည်။

**စီးပွားရေး**

(က) စီးပွားရေး နှင့်စပ်လျဉ်းပြီး အာဆီယံ အနေဖြင့် ကမ္ဘာတွင် စတုတ္ထမြောက် စီးပွားရေး အင်အားအကြီးဆုံးသော ဒေသဖြစ်အောင် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေ့လာမိပါသည်၊

(ခ) အာဆီယံသည် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အား ၂၀၂၆ ခုနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများမှ လွတ်မြောက်ရန် (LDCs Graduation) ရည်မှန်း ဆောင်ရွက်နေသဖြင့် အာဆီယံ၌ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ မရှိတော့ (No more LDCs in ASEAN) သည့်အတွက် အမှန်တကယ်လက်တွေ့တွင် ညှိနှိုင်းမှုများ ဆောင်ရွက်ရာ၌ ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေသည့် အစီအစဉ်များ လျှော့ချရန် ဆွေးနွေးမှုများ ရှိပါသည်။ သို့သော် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှု ကွာဟချက်များကို လျော့နည်းစေနိုင်မည့် လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်ရန်နှင့် အားလုံးပါဝင်နိုင်မှုကို မြှင့်တင်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို တန်းတူညီမျှရယူဆောင်ရွက်နိုင်ရေးကို ဆောင်ရွက်မှသာ အာဆီယံ ဒေသတွင်းတွင် ညီညွတ်မျှတသည့် ဒေသ တစ်ခု ဖြစ်လာနိုင်မည်မှာ သတိပြုစရာ အဖြစ် လေ့လာတွေ့ရှိရပါသည်၊

(ဂ) အာဆီယံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အဓိကမောင်းနှင်သူအနေဖြင့် လွှမ်းမိုးဆောင်ရွက်နိုင်ရေးနှင့် အာဆီယံ၏ ပေါင်းစည်းစွမ်းအား မြှင့်တင်နိုင်ရေးအတွက် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ကုန်များ ယှဉ်ပြိုင်နိုင်မှု (Competitiveness) ရှိစေရေး၊ ချိတ်ဆက်မှု (Connectivity) လိုအပ်သည့် ပြင်ဆင်မှုများကို ပြည်တွင်းတွင် "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

(ဃ) အာဆီယံအနေဖြင့် မျှော်မှန်းချက်၊ မဟာဗျူဟာများ များပြားသော်လည်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်နိုင်မှုမှာ Pilot Project လောက်သာ ဆောင်ရွက်နိုင်မှုများကြောင့် ကွက်ပြည့် အကောင်အထည်ဖော်ဆောင်နိုင်မှုမှာ အလွန် အားနည်းလျက်ရှိကြောင်း သုံးသပ်ပါသည်။ အကြောင်းမှာ ရန်ပုံငွေနည်းပါးခြင်း၊ အာဆီယံမဟုတ်သော အခြားဆွေးနွေးဖက်နိုင်ငံတို့၏ အကူအညီ (Development Partners) တို့၏ အထောက်အပံ့ကို ရယူဆောင်ရွက်ရခြင်း၊ အခြားသော BRICS အဖွဲ့အစည်းများကဲ့သို့ ဖွံ့ဖြိုးမှုဘဏ် နောက်ခံဘဏ် အဖွဲ့အစည်းမရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်ရပါသည်၊ အခြားဆွေးနွေးဖက်နိုင်ငံတို့၏ အကူအညီကို ရယူခြင်းကြောင့်လည်း အခြားနိုင်ငံများ၏ လွှမ်းမိုးမှုများရှိနိုင်

ကြောင်း သုံးသပ်ပါသည်၊

(c) အာဆီယံ ဗဟိုပြုမှုကို အခြေခံ၍ Global ASEAN သို့ ကူးပြောင်းသည့် အချိန်ကာလ အတွင်း အာဆီယံ၏ လုပ်ငန်းစဉ်များသည် ကဏ္ဍများအကြား (Cross-sectors) နှင့် မဏ္ဍိုင်များအကြား (Cross pillars) ဆောင်ရွက်ရသည့် လုပ်ငန်းများ ပိုမိုများပြားလာခြင်းကြောင့် အကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက် (Effective Implementation) ဆောင်ရွက်နိုင်ရန်နှင့် အာဆီယံ၏အချက်အချာကျမှု (ASEAN Centrality) ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်လိမ့်မည်ဟု သတိပြုမိပါသည်၊

(စ) အာဆီယံ၏ စီမံချက်များအား ထိထိရောက်ရောက် အကောင်အထည်ဖော်ရာတွင် အာဆီယံရန်ပုံငွေ (ASEAN Funding) လုံလောက်စွာ ရရှိနိုင်ရန်မှာလည်း အချက်တစ်ခု အနေဖြင့် ပါဝင်ပါသည်၊ အာဆီယံ၏ မျှော်မှန်းချက်များအရ စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားသည့် ဘဏ္ဍာရေးနောက်ခံ အဖွဲ့အစည်းမျိုး လိုအပ်မည်ဟု သုံးသပ်ပါသည်၊

(ဆ) အာဆီယံ၏ ရည်မှန်းချက်၊ မဟာဗျူဟာများသည် အပြည်ပြည်ဆိုင်ရာ အကောင်အထည်ဖော်မှုများနှင့် ကိုက်ညီအောင် ကြိုးပမ်းလျက်ရှိပြီး အစိမ်းရောင်စီးပွားရေး (Green Economy) ၊ အဏ္ဏဝါစီးပွားရေး (Blue Economy) ၊ ဒီဂျစ်တယ် စီးပွားရေး (Digital Economy) တို့ကို တွန်းအားပေး ဆောင်ရွက်ရန်ရှိသော်လည်း အဆိုပါ ကိစ္စရပ်များကို ပြည်တွင်းတွင် အကောင်အထည်ဖော် ဆောင်ရေးအတွက် အမျိုးသား စီမံကိန်းများနှင့် ချိတ်ဆက်ရန် လိုအပ်သည်ဟု မြင်ပါသည်၊

(ဇ) အာဆီယံအနေဖြင့် ပထဝီနိုင်ငံရေးကို အလေးထား စဉ်းစားလာချိန်တွင် စီးပွားရေးသည် ပုဂ္ဂလိကကဏ္ဍ၊ အလုပ်အကိုင် ဖန်တီးမှု၊ သာမန်ပြည်သူ အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုနှင့် ဘဝရပ်တည်မှုတို့ကိုလည်း အလေးထား စဉ်းစားရန် လိုအပ်ပါသည်။

**လူမှုရေး**

(က) ဒီမိုကရေစီ စည်းမျဉ်းများကို လေးစား လိုက်နာရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် ထွန်းကားစေရေး၊ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို လေးစားလိုက်နာစေရေးနှင့် ကာကွယ်မြှင့်တင်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်မည်ဟု မျှော်မှန်းချက်တွင် ထည့်သွင်းထားသော်လည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် ဒီမိုကရေစီနိုင်ငံများ မဟုတ်သည့်အပြင် အာဆီယံ (အာရှ) တန်ဖိုးထားမှုစံနှုန်းကို ယခင်က အလေးထားခဲ့ရာမှ ယခုအခါ အပြည်ပြည်ဆိုင်ရာ စံနှုန်းများအား ပိုမိုအလေးပေး ပြောင်းလဲ ဦးတည်လာကြောင်း တွေ့ရှိရပါသည်၊

(ခ) ထိုအကျိုးဆက်အရ ပြည်သူကို ဗဟိုပြုသော၊ ပြည်သူကို အလေးထားသော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရန် သက်ဆိုင်ရာနိုင်ငံများ၏ ဖွံ့ဖြိုးမှုမူဝါဒများ၊ လူမှုရေး အကာအကွယ်ပေးမှုမူဝါဒများနှင့် ကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်ပါသည်၊

(ဂ) လူသား အရင်းအမြစ်များ ပေါများသည့် အာဆီယံ၏ အားသာချက်များကို အပြည့်အဝ ထိရောက်စွာ အသုံးပြုနိုင်ရန်မှာ ကျွမ်းကျင်မှုမြင့်မားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားများ ပိုမိုပေါ်ထွန်းလာစေရန်အတွက် Platform များ တည်ဆောက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်၊

(ဃ) အာဆီယံ၏ အနှစ်သာရကို တန်ဖိုးထားဂုဏ်ယူသော အသိုက်အဝန်းတစ်ခု ဖြစ်စေရေးအတွက် အာဆီယံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာနှင့် ရိုးရာဓလေ့များကို တန်ဖိုးထား မြှင့်တင်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းစုများကို မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရာတွင် အထူးသဖြင့် လူငယ်များ၊ အမျိုးသမီးများ၊ အသေးစားနှင့် အလတ်စား လုပ်ငန်းစု (SMEs)

များကိုဦးစားပေး အသုံးပြုရန်နှင့် ဒီဂျစ်တယ် ကောင်းစွာ အသုံးပြုတတ်သည့် လူ့အဖွဲ့ အစည်း တစ်ရပ်ဖြစ်ရေးနှင့် မီဒီယာစီမံခန့်ခွဲမှု များ လိုအပ်မည် ဖြစ်ပါသည်၊

(c) ကျန်းမာ ကြံ့ခိုင်သည့် အာဆီယံ ပြည်သူများ ဖြစ်စေရန် ဘေးကင်းလုံခြုံသော၊ ပြည့်စုံ ကောင်းမွန်သည့် Access to Health Care ဖြစ်ပေါ်စေမည့် ကျန်းမာရေး စောင့်ရှောက်မှု စနစ် ထူထောင်ရန်၊ ကျန်းမာကြံ့ခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှား အားကစားနှင့် နေထိုင်မှု စနစ်များကို အားပေးရန်နှင့် လူဦးရေပုံသဏ္ဍာန် အရ အသက်ကြီးပိုင်း (Aging) ပိုမိုများပြား မည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ အခြေအနေနှင့် လိုက်လျောညီထွေ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

## ပေါင်းစည်းဆက်နွယ်မှု (Connectivity)

(က) **ပေါင်းစည်းဆက်နွယ်မှု (Connectivity)** တွင် အခြေခံ အဆောက်အအုံများ ချိတ်ဆက်မှု (Physical Connectivity)၊ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု (Institutional Connectivity)၊ ပြည်သူအချင်းချင်း ချိတ်ဆက်မှု (People to People Connectivity) ဟူ၍ရှိရာ အာဆီယံ မဏ္ဍိုင် ၃ ရပ်လုံးနှင့် ချိတ်ဆက်လျက်ရှိနေပါ သည်၊ သို့ဖြစ်ပါ၍ Master Plan on ASEAN Connectivity (MPAC-2025) ကို အကောင် အထည်ဖော်ဆောင်ရာတွင် အဓိကတွေ့ကြုံရ သည့် အခက်အခဲမှာ အာဆီယံ မဏ္ဍိုင်များ အကြား မဟာဗျူဟာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် မဏ္ဍိုင် များအကြား၊ ဌာနများအကြား Cross-cutting ဖြစ်နေ သည့်အတွက် Ownership ပြဿနာရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်၊

(ခ) အာဆီယံ နိုင်ငံများအကြား ပေါင်းစည်း ဆက်နွယ်မှု အားကောင်းစေရန် ငွေကြေး လွှဲပြောင်း ပေးချေမှုများအတွက် ဘဏ္ဍာရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ ချိတ် ဆက်ခြင်း၊ ဒီဂျစ်တယ်ဆိုင်ရာ ဆန်းသစ် တီထွင်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊ ဆိုက်ဘာလုံခြုံရေး ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ စီမံအုပ်ချုပ်မှုစနစ်ကောင်းမွန် စေခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ ဖြည့်ဆည်းမှု ကွင်းဆက်ထိရောက်အားကောင်း စေခြင်း၊ သတင်း အချက်အလက်များအား ထိရောက်စွာ နယ်စပ်ဖြတ်ကျော် စီးဆင်းနိုင် ခြင်း၊ ဒေသတွင်းရှိ ပြည်သူအချင်းချင်းအကြား ချိတ်ဆက်မှု အားကောင်းစေခြင်းနှင့် ရေရှည် တည်တံ့သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း အပါအဝင် အာဆီယံနိုင်ငံ များအကြား နိုင်ငံအချင်းချင်း (Bilateral) ဖြစ် စေ၊ အခြားသော ဒေသတွင်းနိုင်ငံများ (ဥပမာ-GMS နိုင်ငံများ) အကြား ဖြစ်စေပေါင်းစည်း ဆက်နွယ်မှုများ မြှင့်တင်ရန် လိုအပ်ခြင်း ကြောင့် အကောင်အထည် ဖော်ဆောင်နိုင်မည့် အခြားသောဒေသခွဲနှင့် နိုင်ငံစုံ ပူးပေါင်း ဆောင်ရွက်ရေး မူဘောင်များ (Multilateral Framework) စသည်ဖြင့် စီမံချက် Model အမျိုးမျိုးလိုအပ်မည်ဖြစ်ပါသည်၊ ဘက်ပေါင်းစုံ တွင် အလွယ်တကူချိတ်ဆက် ဆောင်ရွက်နိုင် သော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရေး အတွက် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်မည်ဖြစ်ရာ အဆိုပါ လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြစ်ပေါ်နိုင်မည့် Model နှင့် Institutional Contact တို့လိုအပ်မည် ဖြစ်ပါသည်။ အလားတူပင် ပေါင်းစည်း ဆက်နွယ်မှုအား ကောင်းစေရေးအတွက် ဒေသတွင်း စီမံကိန်း (Regional Plan) နှင့် အမျိုးသားစီမံကိန်း (National Plan) တို့အကြား အချိန်အခါနှင့် အခြေအနေပေးသည့်အပေါ် မူတည်၍ ချိတ် ဆက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## နိဂုံး

လက်ရှိအချိန်တွင် အဆိုပါ မျှော်မှန်းချက် ၂၀၄၅ အား အကောင်အထည်ဖော်ဆောင်မည့် အာဆီယံမဏ္ဍိုင်များ အကြား မဟာဗျူဟာစီမံချက်များကို အာဆီယံက ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ မိမိနိုင်ငံအတွက် အကျိုးစီးပွား အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို မဏ္ဍိုင်အသီးသီးမှ

မျက်ခြေမပြတ် လေ့လာဆောင်ရွက်နေရမည် ဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာစီမံချက်များအား ၂၀၂၅ ခုနှစ်တွင် ကျင်းပဆောင်ရွက်မည့် အာဆီယံထိပ်သီး အစည်းအဝေးသို့ တင်ပြအတည်ပြုကြရန် ရည်ရွယ်ထားသောကြောင့် အချိန်ကာလ တစ်နှစ်ကျော်အတွင်းတွင် ကဏ္ဍအလိုက် ကြိုတင်ဆွေးနွေး ပြင်ဆင်ထားရန် လိုအပ်ပါသည်။

အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ - **တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင် နိုင်သော ပြည်သူဗဟိုပြု အာဆီယံ (ASEAN VISION 2045 : "Resilient, Innovation, Dynamic, and People-Centered ASEAN) ဆောင်ပုဒ်ဖြင့်** နောင်နှစ် (၂၀) အထိ မျှော်မှန်းချက်နှင့် လမ်းပြမြေပုံအရ မိမိနိုင်ငံနှင့် သင့်တော်လိုက်လျောညီထွေပြီး အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဒေသဆိုင်ရာနှင့် ပါဝင်ပေါင်းစည်းလျက် နိုင်ငံအကျိုးရှိရာရှိကြောင်း လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း ပထမ ဆယ်စုနှစ်ထက် ဒုတိယဆယ်စုနှစ်သည် ကမ္ဘာနှင့် ဒေသတွင်း ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး ရိုက်ခတ်မှု များက လျင်မြန်စွာ ပြောင်းလဲလာသည်မှာ ဂရုပြုစရာပင် ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ထိခိုက်မှုမရှိစေရေးအတွက် မျက်ခြည်မပြတ် ပါဝင်တက်ရောက်လျက် တစ်စေ့တစ်စောင်း လေ့လာဆောင်ရွက်နေရန် လိုအပ်ပါသည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အာဆီယံ မဏ္ဍိုင်အသီးသီးနှင့် လုပ်ငန်းအဖွဲ့များတွင် လိုက်ပါဆောင်ရွက်နေသူများ၊ ပုဂ္ဂလိကစီးပွားရေး အဖွဲ့အစည်းများနှင့် ပြည်သူများအနေဖြင့် မိမိတို့ကဏ္ဍအသီးသီးမှ အာဆီယံ၏ နှစ် ၂၀ အတွင်း အကောင်အထည်ဖော်ဆောင်မည့် အလားအလာများကို သိရှိနားလည်ခြင်းဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်စေရန် မီးမောင်းထိုး သုံးသပ်တင်ပြလိုက် ရပါသည်။

ဒေါက်တာဝါဝါမောင်


ကိုးကားစာရင်း

ASEAN Secretariat, August 8, 1967, ***"ASEAN Charter"***

ASEAN Secretariat, 1976, ***"Treaty of Amity and Cooperations in Southeast Asia (TAC)"***

https://asean.org/June 26 ,1945, ***"UN Charter"***

https://asean.org/ 1982, ***"United Nations Convention on the Law of the Sea (UNCLOS)"***

https://asean.org/ the 34th ASEAN Summit ,2019, ***"ASEAN Outlook on the Indo-Pacific (AOIP)"***

May 23, 2022, ***"Indo-Pacific Economic Framework for Prosperity"***

Endorsed by the 42nd ASEAN Summit in May 2023, ***"Core Elements"***

ASEAN Secretariat, September 2023, ***"ASEAN Community Vision 2045"***

https://theaseanmagazine.asean.org/article/achieving-the-asean-community-vision-2045/

https://asean.org/our-communities/asean-political-security-community/

https://asean.org/our-communities/asean-socio-cultural-community/


https://www.asean.org/wp-content/uploads/2012/05/ASEAN-APSC-Blueprint-2025.pdf




# ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များနှင့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ


## ကမ္ဘာ့လေထု

ကမ္ဘာ့လေထုကို ထရိုပိုစဖီးယား၊ စထရာတိုစဖီးယား၊ မီဆိုစဖီးယား၊ သာမိုစဖီးယားနှင့် အိတ်ဇိုစဖီးယားဟူ၍ အလွှာငါးခုဖြင့်လွှမ်းခြုံထားပါသည်။ ထရိုပိုစဖီးယားအလွှာသည် နေ၏ ဘေးအန္တရာယ်ရှိ ခေတ်ရောင်ခြည်များကို ကာကွယ်ခြင်း၊ မိုးတိမ်လွှာများ၊ မိုးကြိုးမုန်တိုင်းများနှင့် မိုးရွာသွန်းမှုများဖြစ်ပေါ်သည့် အလွှာဖြစ်ပါသည်။ အိုဇုန်းလွှာပါဝင်သော စထရာတိုစဖီးယားအလွှာသည် သက်ရှိများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်၏ ၉၇ ရာခိုင်နှုန်းကျော်ကို စုပ်ယူ၍ ကမ္ဘာကြီးပူနွေးမှုကို လျှော့ချပေးပါသည်။ မီဆိုစဖီးယားအလွှာသည် ရေဒီယိုလှိုင်းများ ထုတ်လွှင့်နိုင်ခြင်းကြောင့် တာဝေးဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုနိုင်ပြီး ကမ္ဘာမြေသို့ အာကာသအပိုင်းအစများ လွင့်စင်ဝင်ရောက်မှုမှ ကာကွယ်ပေးပါသည်။ သာမိုစဖီးယားအလွှာသည် အာကာသယာဉ်များနှင့် ဂြိုလ်တုလွှင့်တင်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။ အိတ်ဇိုစဖီးယားအလွှာသည် ကမ္ဘာ့အပြင်ဘက်ဆုံးအလွှာဖြစ်ပြီး လေထုဖိအား သက်ရောက်မှု အလွန်နည်းပါးသည့် လေဟာနယ်ဖြစ်ပါသည်။




## ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ လျှပ်စစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရုပ်ကြွင်းလောင်စာများကို အသုံးပြုခြင်း၊ မြို့ပြများ ချဲ့ထွင်ခြင်း၊ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ထွက်ရှိပါသည်။ ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထု၏ ထရိုပိုစဖီးယားအလွှာတွင် ပိတ်မိ၍ ဖန်လုံအိမ်ဖြစ်စဉ်ဖြစ်ပေါ်စေခြင်းကြောင့် ကမ္ဘာ့အပူချိန်သည် နှစ်စဉ်မြင့်တက်လျက်ရှိရာ ရာသီဥတုဖောက်ပြန်ခြင်း၊ ဂေဟစနစ်များ ပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရလျက်ရှိပြီးလူသားတို့၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်လျက်ရှိပါသည်။




## ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှု

ကမ္ဘာမြေနှင့် သမုဒ္ဒရာများသည် ဖန်လုံအိမ်ဓာတ်ငွေ့ကို စုတ်ယူနိုင်သော သဘာဝကာဗွန်စုတ်ခွက်များ ဖြစ်ပါသည်။ သို့သော်လူသားများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အဆမတန်များပြားမှုကြောင့်လက်ရှိတွင်ဇီဝမျိုးစိတ် ၁ သန်းခန့်သည် မျိုးသုန်းပျောက်ကွယ်မည့်အခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ကွယ်ပျောက်ခြင်းကြောင့် လူသားနှင့် တိရစ္ဆာန်တို့အပြန်အလှန် အကျိုးပြုသည့် ဂေဟစနစ်လည်း ပျက်စီးလျက်ရှိပါသည်။ ဂေဟစနစ်သည် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်နိုင်သည့် သဘာဝနည်းလမ်းဖြစ်ရာ ဂေဟစနစ်များကောင်းမွန်ရန် ရေ၊ မြေ၊ တော၊ တောင်စသည့်သဘာဝတရားများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချခြင်းနှင့်စ ဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ကမ္ဘာ့လူသားများအားလုံး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။




## လူသားများနှင့် သဘာဝဘေးအန္တရာယ်

ကမ္ဘာ့မိုးလေဝသအဖွဲ့၏ အချက်အလက်များအရလေထုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပမာဏမှာ စံချိန်တင်များပြားခဲ့ပြီးပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းများကို ကြုံတွေ့ရလျက်ရှိပါသည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ ၄၀ % အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများရှိ ထိရှလွယ်အုပ်စုများဖြစ်သော အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းများ၊ အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုခံစားကြရလျက်ရှိပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်ရှည်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်ကာ ခြိမ်းခြောက်ခံရလျက်ရှိပါသည်။

## ကာဗွန်ထုတ်လွှတ်မှု အများဆုံးနိုင်ငံများ

ခေတ်မီဖွံ့ဖြိုးသော နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များစွာ ထုတ်လွှတ်ကြပါသည်။ ၂၀၂၃ ခုနှစ်၏ စာရင်းဇယားများအရ တရုတ်နိုင်ငံသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၁၁.၄ ဘီလီယံတန်၊ အမေရိကန်သည် ၄.၃ ဘီလီယံတန်၊ ဥရောပသမဂ္ဂသည် ၂.၇ ဘီလီယံတန်နှင့် အိန္ဒိယနိုင်ငံက ၂ .၃ ဘီလီယံတန် ထုတ်လွှတ်ခဲ့ကြပါသည်။ လူဦးရေအရ ကြည့်ပါက အမေရိကန်နိုင်ငံသားများက တစ်နှစ်လျှင် ၁၄.၂ တန်၊ ရုရှားနိုင်ငံသားများက ၁၄ တန်နှင့် တရုတ်နိုင်ငံက ၈.၇ တန် ထုတ်လွှတ်ခဲ့ကြပါသည်။ ဥရောပသမဂ္ဂတွင် လူတစ်ဦးချင်း၏ ကာဗွန်ထုတ်လွှတ်မှုသည် အိန္ဒိယနိုင်ငံသားများနှင့် နှိုင်းယှဉ်ပါက သုံးဆ ပိုမိုထုတ်လွှတ်ကြပါသည်။ အဆိုပါ အချက်အလက်များကို ဆန်းစစ်ကြည့်ပါက ဖွံ့ဖြိုးပြီးနိုင်ငံများကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ပိုမိုကြုံတွေ့ကြရကြောင်း သုံးသပ်နိုင်ပါသည်။




စွမ်းအင်နှင့် သန့်စင်သောလေထုဆိုင်ရာ သုတေသနစင်တာ (CREA) နှင့် Green peace ၊ အရှေ့တောင်အာရှဌာနခွဲ၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ ရုပ်ကြွင်းလောင်စာများကြောင့် ကမ္ဘာတစ်ဝန်း ကြုံတွေ့ရသည့် လေထုညစ်ညမ်းမှုကြောင့် နေ့စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိပြီး အဆိုပါပမာဏသည် ကမ္ဘာ့ကုန်ထုတ်လုပ်မှု၏ ၃ % ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် အချိန်မတိုင်မီ သေဆုံးမှုနှုန်းများ နှစ်စဉ်မြင့်မားလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၌ ၁.၈ သန်း၊ အိန္ဒိယ၌ ၁ သန်း အပါအဝင် ကမ္ဘာတစ်ဝန်း သေဆုံးသူ စုစုပေါင်း ၄.၅ သန်း ဖြစ်ပါသည်။

ထို့ပြင် Intergovernmental Panel on Climate Change (IPCC) ၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့အပူချိန်သည် ၂ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့မည်ဆိုပါက ကမ်းရိုးတန်းဒေသရှိ လူဦးရေ ၁၀ သန်းခန့်မှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားရခြင်း၊ လက်ရှိရေချို့ရှရှိရန် ခက်ခဲလျက်ရှိသည့် လူဦးရေ၏ နှစ်ဆခန့် ပိုမိုခက်ခဲလာနိုင်ခြင်း၊ ကမ္ဘာ့လူဦးရေ၏ ၃၅ %မှာ အပူလှိုင်းရိုက်ခတ်မှုကို ခံစားရနိုင်ခြင်း၊ ဆယ်နှစ်လျှင် တစ်ကြိမ် ရေခဲများ အရည်ပျော်နိုင်ခြင်း၊ သန္တာကျောက်တန်းများ ၇၀ ရာခိုင်နှုန်းခန့် ပျောက်ကွယ်နိုင်ခြင်းစသည့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့နိုင်ကြောင်း သုံးသပ်ကြပါသည်။

ကုလသမဂ္ဂအနေဖြင့် ထိုသို့ သဘာဝဘေးအန္တရာယ်များကို လျှော့ချရန် ကြိုးပမ်းလျက်ရှိသော်လည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် ရုပ်ကြွင်းလောင်စာများမှ စွမ်းအင်များကို ဆက်လက်တိုးမြှင့်သုံးစွဲမှုများကြောင့် ကာဗွန်လျှော့ချရေးလုပ်ငန်းစဉ်များသည် နှောင့်နှေးလျက်ရှိပါသည်။ UN Climate Action ၏ ထုတ်ပြန်ချက်အရ ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများမှပိုမိုခံစားလျက်ရှိရာ ရာသီဥတုဆိုင်ရာတရားမျှတမှု Climate Justice သည် မေးခွန်းတစ်ရပ်ဖြစ်လာပါသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းပါးသော နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများသည် ထိခိုက်ဆုံးရှုံးရပြီးအဆိုပါနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်မှုနည်းလမ်းများ၊ နည်းပညာနှင့်ငွေကြေးကူညီထောက်ပံ့၍ အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

## ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း

ကမ္ဘာ့မိုးလေဝသ အဖွဲ့အစည်း (WMO) ကို ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး သက်တမ်းမှာ ၇၃ နှစ် ဖြစ်ပါသည်။ WMO တွင် မြန်မာနိုင်ငံ အပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံပါဝင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝ အရင်းအမြစ်များကို စီမံခန့်ခွဲခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် ရာသီဥတုပြောင်းလဲခြင်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ၏အထူးအေဂျင်စီဖြစ်ပါသည်။

WMO အနေဖြင့် ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကွန်ဗင်းရှင်း မူဘောင် United Nations Framework Convention on Climate Change (UNFCCC) အောက်၌ ကွန်ဖရင့်၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမြင့်ဆုံးဆုံးဖြတ်ချက်များကို ချမှတ်နိုင်သော သိပ္ပံနှင့် နည်းပညာရှင်များစွာပါဝင်သည့် Conference of the Parties (COP) ကို စတင်ခဲ့ပါသည်။ COP အဖွဲ့ဝင်များသည် နှစ်စဉ်တွေ့ဆုံ၍ ရာသီဥတုပြောင်းလဲခြင်းများကို ဆွေးနွေးအဖြေရှာကြပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုလုပ်သော COP 21 ၌ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ဖြေရှင်းရန် ပါရီသဘောတူညီချက် (Paris Agreement) ကို လက်မှတ်ရေးထိုး၍ ကမ္ဘာ့အပူချိန်ပြောင်းလဲမှုကို ၂ ဒီဂရီစင်တီဂရိတ်အထိ တိုးမြင့်မှုမရှိစေရေးအတွက် သဘောတူခဲ့ကြပြီး ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသုည Net Zero သို့ရောက်ရှိအောင် ကြိုးပမ်းလျက်ရှိပါသည်။ COP26 တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ၈၀%ကို လျှော့ချရန် သဘောတူခဲ့ကြပြီး၊ COP27 တွင် ရာသီဥတုဘေးအန္တရာယ်ကြုံတွေ့ခံရသော နိုင်ငံများ၏ ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်ထူထောင်ရန်နှင့်ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ရန်ပုံငွေထည့်ဝင်ကြေး ပမာဏခွဲခြားသတ်မှတ်ရန် သဘောတူညီခဲ့ကြပါသည်။ COP28 တွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကိုပိုမိုသုံးစွဲရန်နှင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချရေးဆိုင်ရာ သဘောတူညီချက်ကို ဥရောပသမဂ္ဂ အပါအဝင် နိုင်ငံပေါင်း ၁၉၇ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်- ၁၃

ရာသီဥတုပြောင်းလဲမှုသည် ရေရှည်ဖြေရှင်းရမည့်လုပ်ငန်းစဉ်ဖြစ်ပြီး WMO အနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ အဆိုပါ စိန်ခေါ်မှုများကို လျှော့ချရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်များ SDGs နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပဲရစ် သဘောတူညီချက်အရ သဘာဝသယံဇာတများကို စီးပွားရေးလုပ်ငန်းများတွင် ကာလရှည်ကြာထုတ်နုတ်သုံးစွဲရာ၌ ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချနိုင်သည့် အစိမ်းရောင် ဖွံ့ဖြိုးမှုကို ဦးတည်သည့် မဟာဗျူဟာအဖြစ် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ SDG-13 သည် ရာသီဥတု ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေးဖြစ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ ဘေးဒုက္ခဖြစ်နိုင်ခြေကို ပေါင်းစပ်လျှော့ချရန်၊ သဘာဝသယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် သုံးစွဲနိုင်ရေး စီမံခန့်ခွဲရန်၊ နိုင်ငံဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများအတွင်းလူသား

လုံခြုံမှုထည့်သွင်းရန်တို့ကို အင်တိုက်အားတိုက် လက်တွဲလုပ်ဆောင်လျက်ရှိကြပါသည်။




## မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများ


မြန်မာနိုင်ငံအနေဖြင့် ၁၉၇၈ ခုနှစ်မှစ၍ မုတ်သုံရာသီပြောင်းလဲမှုကြောင့် ပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များ ကြုံတွေ့ခဲ့ရပါသည်။ Myanmar Information Management Unit (MIMU) ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံသည် အခြားဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆိုးရွားစွာ ထိခိုက်နိုင်ခြေရှိသည့် နိုင်ငံအဖြစ် သတ်မှတ်ခံရပါသည်။ အယ်လ်နီညို ရာသီဥတုနှင့်အတူ အပူချိန်တဖြည်းဖြည်း လွန်ကဲလာခြင်း၊ ကမ်းရိုးတန်းဒေသများ ရေလွှမ်းမိုးခြင်း၊ ရုတ်တရက်လေပြင်းများ တိုက်ခတ်၍ မိုးသီးကြွေခြင်း၊ ရေကြီးရေလျှံမှုများနိုင်ငံအနှံ့ဖြစ်ပေါ်ခြင်း၊ အင်အားပြင်းထန်သော မုန်တိုင်းအန္တရာယ်များ ကျရောက်နိုင်ခြင်း၊ ရေရှားပါးခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးခေါင်ရေရှားမှုကြောင့် ဆန်စပါးနှင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကျဆင်းခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို နိုင်ငံ၏ဒေသအချို့တွင် မကြာခဏခံစားရလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်ပျမ်းမျှအပူချိန်သည် ဆယ်စုနှစ်ကာလအတွင်း မြင့်တက်လျက်ရှိပြီး ၂၀၄၀ ပြည့်နှစ်အထိ ဆက်လက်တိုးမြင့်နိုင်ကြောင်း ခန့်မှန်းကြပါသည်။ နိုင်ငံတစ်ဝှမ်းနေ့စဉ်ပျမ်းမျှအပူချိန်သည် ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ၀.၂၅ ဒီဂရီစင်တီဂရိတ်ခန့် မြင့်တက်ခဲ့ပြီး လက်ရှိတွင် နေ့စဉ်အမြင့်ဆုံးအပူချိန်သည် ဆယ်စုနှစ်တစ်ခုတွင် ၀.၄ ဒီဂရီစင်တီဂရိတ် မြင့်တက်ခဲ့ပါသည်။ ကုန်းတွင်းပိုင်းဒေသများသည် ကမ်းရိုးတန်းဒေသများထက် ပျမ်းမျှနှင့် အမြင့်ဆုံးအပူချိန်များ အနည်းငယ် ပိုမိုပူနွေးခဲ့ပါသည်။

လက်ရှိတွင် မုတ်သုံလေသည် ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက အဝင်နောက်ကျခြင်း၊ အထွက်စောခြင်းနှင့် မုတ်သုံကာလတိုတောင်းခြင်း၊ မုတ်သုံကာလအတွင်း မုတ်သုံလေအတည်တကျမရှိခြင်း၊ မုတ်သုံလေအားပြတ်ခြင်းနှင့် မကြာခဏပျောက်ကွယ်ခြင်း၊ မုတ်သုံမုန်တိုင်းများနှင့်မုတ်သုံမိုးများလျော့နည်းခြင်း၊ အပူချိန်အညွှန်းကိန်းများ မြင့်တက်ခြင်း၊ သမားရိုးကျမဟုတ်သော မိုးလေဝသအခြေအနေများ မကြာခဏကြုံတွေ့ခြင်းများနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ ထိုသို့မုတ်သုံကာလ တိုတောင်းသော်လည်း အချို့ဒေသများတွင် ပျမ်းမျှမိုးရွာသွန်းမှု ပမာဏမှာ ထူးကဲစွာများပြားခဲ့ပြီး ထူးကဲစွာရေကြီးရေလျှံမှုများကြုံတွေ့ရလျက်ရှိပါသည်။



အဆိုပါဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်သည် လာမည့် ဆယ်စုနှစ်များအတွင်း သိသာစွာပြောင်းလဲမည်ဟု ခန့်မှန်းကြပြီး မြန်မာ့ဂေဟစနစ်အပေါ် ကာလရှည်ကြာ အကျိုးသက်ရောက်မည် ဖြစ်ပါသည်။ ထို့ပြင်နိုင်ငံသားများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စားရေရိက္ခာဖူလုံရေး၊ အခြေခံအဆောက်အအုံ၊ ဒေသတွင်း အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေး လုပ်ငန်းများအပေါ် သက်ရောက်စေမည်ဖြစ်ပါသည်။ နိုင်ငံ၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးကဏ္ဍတွင် မူတည်လျက်ရှိရာ ရာသီဥတုဖောက်ပြန် ပြောင်းလဲခြင်းကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးများ ဖြစ်ပေါ်နိုင်ပြီး နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။




ထို့ပြင် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု အားနည်းလျက်ရှိရာရာသီဥတုပြောင်းလဲမှုသည် နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်

ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ခြိမ်းခြောက်ခံရ လျက်ရှိပါသည်။ လက်ရှိတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ အဖွဲ့အစည်းများအနေဖြင့် ရာသီဥတု ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို ထိရောက်စွာ တုံ့ပြန်ရန်၊ သဘာဝ ပတ်ဝန်းကျင်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်၊ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်သည့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်ရန် နှင့်စီမံချက်များကို နိုင်ငံတကာ၊ ဒေသတွင်းနှင့် အမျိုးသား အဆင့် လုပ်ငန်းစဉ်များကို တက်ကြွစွာ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (၁၉၈၅)၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ် သဘောတူစာချုပ် (၁၉၈၇) နှင့် လန်ဒန် ပြင်ဆင်ချက် (၁၉၉၀) တို့ကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင်လည်းကောင်း၊ ကိုပင်ဟေဂင် ပြင်ဆင်ချက် (၁၉၉၂) ကို ၂၀၀၉ ခုနှစ်၊ မေလ ၂၂ ရက်တွင် လည်းကောင်း၊ မွန်ထရီရယ် ပြင်ဆင်ချက် (၁၉၉၇) နှင့် ပေကျင်းပြင်ဆင်ချက် (၁၉၉၉) တို့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် လည်းကောင်း အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခြင်းနှင့် ပြင်ဆင်ချက်များအနက် မြန်မာနိုင်ငံမှဝင်ရောက်ရန်ကျန်ရှိနေသည့် ကီဂါလီပြင်ဆင် ချက်သို့ မကြာမီကာလအတွင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေးတို့ကို အခြားကမ္ဘာ့ ဖွံ့ဖြိုးဆဲနိုင်ငံများ နည်းတူ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင် သဘောတူညီချက် United Nations Framework Convention on Climate Change- UNFCCC ကို ၁၉၉၂ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။ ကျိုတို နိုင်ငံတကာ သဘောတူညီချက်ကို ၂၀၀၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဆိုင်ကလုန်း နာဂစ်ဖြစ်ပွားပြီးနောက် ပထမဆုံးသော သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်ကို ၂၀၀၉ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်တွင် နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီနှင့်လုပ်ငန်း ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။


ထို့ပြင် ၂၀၁၆ ခုနှစ်တွင် ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေဖြစ်စေရေး လုပ်ဆောင်မှု အစီအစဉ် (NAPA) ကို အကောင်အထည်ဖော်ခဲ့ပါသည်။ မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက် Myanmar Action Plan for Diaster Risk Reduction (MAPDRR) ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ ပါသည်။




အလားတူ ၂၀၃၀ ပြည့်နှစ်တွင်ရာသီဥတုပြောင်းလဲမှုဒဏ် ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျှော့နည်းသော ကျန်းမာပျော်ရွှင်သည့် မြန်မာ့လူမှုအဖွဲ့အစည်း တစ်ရပ်ကို အားလုံးပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းဖြင့်ဖော်ဆောင် နိုင်ရေးအတွက် မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့်မဟာဗျူဟာပါ လုပ်ငန်းစဉ်များကို နှစ်တို၊ နှစ်လတ် နှင့် နှစ်ရှည်ဦးစားပေး စီမံချက်များဖြင့် ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်ရန် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) ကို ရေးဆွဲ၍ ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင်ရာသီဥတုပြောင်းလဲရေး နှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက် နိုင်ရန် အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန Emergency Operations Center (EOC) ကို ဖွင့်လှစ်ခဲ့ပြီး ဘေးအန္တရာယ် ကြောင့် ထိခိုက်နစ်နာခြေများကို လျှော့ချရေး၊ မိုးလေဝသ စောင့်ကြည့် လေ့လာရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု နှင့် လိုက်လျောညီထွေရှိရေးများကို ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိပါသည်။

## ကောင်းမွန်သော ရာသီဥတုအတွက် အစိမ်းရောင်စီမံခန့်ခွဲမှုများ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ရင်းမြစ်များပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင် သဘာဝသယံဇာတများကို စီးပွားဖြစ်ထုတ်ယူသုံးစွဲခြင်း၊ သစ်တော ပြုန်းတီးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ မြို့ပြများ ချဲ့ထွင်လာခြင်းများကြောင့် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်စေလျက်ရှိပါသည်။ သို့သော် သဘာဝသယံဇာတမှ ရရှိသောဝင်ငွေများသည်နိုင်ငံ၏ စုစုပေါင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုးများတွင် များစွာအရေးပါနေဆဲဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ရာသီဥတု ကောင်းမွန်ရေးတို့အတွက် အစိမ်းရောင် စီမံခန့်ခွဲမှုများကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်။




မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် လူမှုအဖွဲ့အစည်းဖြစ်ရန် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ် စီမံခန့်ခွဲခြင်းအတွက် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန်နှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုရန် အလေးထား ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ကားများ ထုတ်လုပ်ခြင်း၊ အိုဇုန်းလွှာ ပျက်စီးစေမည့် Chloro fluorocarbon (CFC) ထုတ်လွှတ်မှု လျှော့ချခြင်း၊ နေရောင်ခြည်စွမ်းအင်အသုံးပြုခြင်းနှင့် သစ်ထုတ်လုပ်မှု လျှော့ချခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။


လျှပ်စစ်ကား ထုတ်လုပ်မှုအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် တရုတ်နိုင်ငံ၏ နည်းပညာဖြင့် အဆင့်မြင့် လျှပ်စစ်ကား နှစ်မျိုးကို ၂၀၁၉ ခုနှစ်၊ မတ်လတွင်ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ သာခုကန် စက်မှုဇုန်တွင် တစ်ရက်လျှင် အစီး ၄၀ ထုတ်လုပ်လျက်ရှိရာစက်သုံးဆီအသုံးပြုမှု လျှော့ချနိုင်ပြီး ကာဗွန်ထွက်ရှိမှုမရှိခြင်းကြောင့်ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ CFC လျှော့ချရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ အိုဇုန်းလွှာပျက်စီး စေသည့် HCFCs/ R-22 ထုတ်လုပ်မှုကို လျှော့ချရန် ၂.၅ မြင်းကောင်ရေအားနှင့် အောက်ရှိ Split နှင့် Window ပုံစံ လေအေးပေးစက်များသာ တင်သွင်းခွင့်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၀) ဖြင့် ထုတ်ပြန်တားမြစ်ခဲ့ပါသည်။




ပြန်လည်ပြည့်ဖြိုးမြဲ နေရောင်ခြည်စွမ်းအင် အသုံးပြုမှုအနေဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ အစိုးရ- ပုဂ္ဂလိကပူးပေါင်းထည့်ဝင်ငွေ၊ ဒေသခံပြည်သူများထည့်ဝင်ငွေဖြင့် ကာဗွန်ထုတ်လုပ်မှုကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်သည့် ဆိုလာ- ဒီဇယ်ပေါင်းစပ်စနစ်ဖြင့် မဟာဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာအသေးစား ဓာတ်အားပေးစနစ်များကို တပ်ဆင်ပေးလျက်ရှိပြီး ဒေသခံများအနေဖြင့် ကုန်ကျစရိတ်၊ သဘာဝလေထု ညစ်ညမ်းမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျှော့ချပေးသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ စစ်တမ်းများနှင့် Food and Agriculture Organization (FAO) အရ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံစုစုပေါင်း ဧရိယာ၏ ၄၂.၁၉ % ရှိပြီး ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ (GFRA 2020) အရ သစ်တော ဖုံးလွှမ်းမှု အဆင့် ၇ တွင်ရှိပါသည်။ သို့သော်သစ်တောပြုန်းတီးမှုသည် ကမ္ဘာ့အဆင့် ၃ တွင်ရှိ

သည့်အတွက်နိုင်ငံတော်အနေဖြင့် လက်ရှိသစ်တောဖုံးလွှမ်းမှုအနေအထားအရ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြုစုပျိုးထောင်ခြင်းအား ပိုမိုအလေးထားဆောင်ရွက်လျက်ရှိပြီး သဘာဝတော များမှ ထွက်ရှိသောသစ်များအပြင် သက်ရင့်စိုက်ခင်းများမှ သစ်များကို ဦးစားပေး၍ ထုတ်ယူခွင့်ပြုခဲ့သည်။




ထို့ပြင်သစ်တောသယံဇာတများအား ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို ရှေ့ရှု၍ သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်သည့် Annual Allowable Cut (AAC) ပမာဏဘောင်အတွင်းမှသာ ထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၁၄ ခုနှစ်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းကြောင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့ရေးအပြင် ရာသီဥတု ဖောက်ပြန်ခြင်းဖြစ်စဉ်များကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှဖန်လုံအိမ်ဖြစ်စဉ်များကြောင့် ကမ္ဘာ့အပူချိန်နှစ်စဉ်တိုးမြင့်ခဲ့ပြီး ရာသီဥတုများပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအနက် သဘာဝဘေးအန္တရာယ်မျိုးစုံနှင့် ရင်ဆိုင်ရလျက်ရှိပြီး နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ခြိမ်းခြောက်ခံရလျက်ရှိပါသည်။ လက်ရှိတွင် နိုင်ငံတော်အနေဖြင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ မူဘောင်သဘောတူညီချက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများ၊ အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေဖြစ်စေရေး လုပ်ဆောင်မှုအစီအစဉ်၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိပြီး ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံသည့် လူမှုအဖွဲ့အစည်းအဖြစ် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစီအစဉ်များကို တက်ကြွစွာပူးပေါင်းပါဝင်သင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဒေါက်တာပင်လုံအေး

ရင်းမြစ်

Towards green growth A summary for policy makers May 2011

OECD work on Green Growth (2019-20)

နေ့စဉ်ထုတ်သတင်းစာများ

အိုဇုန်းလွှာအကြောင်း သိကောင်းစရာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊
အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၀)

https://www.epa.gov/ghgemissions/sources-greenhouse-gas-emissions

https://www.un.org/en/climatechange/climate-adaptation

## ငါးမွေးမြူရေးလုပ်ငန်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း

မြန်မာနိုင်ငံ၏အဓိကအစားအစာစားသုံးမှုတွင် ဆန်စပါး စားသုံးမှုပြီးနောက် ငါးစားသုံးမှုသည်ဒုတိယအရေးပါသော အာဟာရကဏ္ဍတွင် ပါဝင်ပါသည်။ မြန်မာလူမျိုးအများစုမှာ ရေငန်ငါးများထက် ရေချိုငါးများကို ပိုမိုကြိုက်နှစ်သက်ပြီး မြန်မာနိုင်ငံတွင် မြစ်ချောင်း၊ အင်းအိုင်ပေါများသည့်အလျောက် ပြည်တွင်းငါးစားသုံးမှုအတွက် အထောက်အကူ ပြုလျက်ရှိပါသည်။ ငါးသည် အဆီနည်းပြီး ပရိုတင်းဓာတ်ကြွယ်ဝကာ မွေးမြူရေးတိရစ္ဆာန်အသားနှင့် နှိုင်းယှဉ်ပါက ဈေးသက်သာသောကြောင့် လူအများ ဝယ်ယူစားသုံးနိုင်သည့် စားသောက်ကုန်အမယ်တစ်ခုလည်းဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းငါး၊ ပုစွန် စားသုံးမှု မြင့်မားလာသည်နှင့်အမျှ ငါးမွေးမြူရေးလုပ်ငန်းမှာ လျင်မြန်စွာဖွံ့ဖြိုးလာသောကြောင့် ဝင်ငွေကောင်းမွန်သည့် လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လာပါသည်။မြန်မာနိုင်ငံသည်အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင် ပါဝင်သဖြင့် ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံများသို့ ပို့ကုန်ဈေးကွက် ပိုမိုရရှိစေခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းသစ်များလည်း ရရှိလာပါသည်။ငါးမွေးမြူရေးလုပ်ငန်းသည် တန်ဖိုးမြှင့်လုပ်ငန်းတစ်ခုဖြစ်၍အခြားသောလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများထက် ဝင်ငွေပိုမိုရရှိစေသောကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုအတွက် အလွန်အလားအလာရှိသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးရေး မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ငါးမွေးတောင်သူများအနေဖြင့် မိမိတို့၏ မွေးမြူရေးလုပ်ငန်းကို တစိုက်မတ်မတ်လုပ်ကိုင်နိုင်သည့် အခြေအနေပင်ဖြစ်ပါသည်။ ဤဆောင်းပါးတွင်ဖြစ်နိုင်သမျှသော နည်းလမ်းများဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ငါးမွေးမြူရေးလုပ်ငန်း စတင်ဆောင်ရွက်မည့် ငါးမွေးတောင်သူများနှင့် ဆောင်ရွက်ဆဲငါးမွေးတောင်သူများအတွက် သိသင့်သိထိုက်သည့်အကြောင်းအရာများနှင့် လိုက်ပါဆောင်ရွက်သင့်သည့် နည်းလမ်းများအား မျှဝေတင်ပြထားခြင်း ဖြစ်ပါသည်။

### ငါးမွေးကန်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ခြင်း

ငါးမွေးကန် တည်ဆောက်ရာတွင် စတုရန်းမီတာ ၃၀၀ ထက်ကြီးသော ရေကန်ဖြင့် စတင်ခြင်းသည် ကောင်းမွန်ပါသည်။ ထိုရေကန်သည် ငါးများကို စားသုံးရန်အတွက်သာမက အရောင်းအဝယ်လုပ်ရန်နှင့် အပိုဝင်ငွေရရှိရန်အတွက်ပါ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

ကန်အတွင်း ရေသွင်းရာတွင် အဝင်ပိုက်ကို လေးလံသောဝါး သို့မဟုတ် ပလပ်စတစ်ပိုက် သို့မဟုတ် သတ္တုပိုက်ကို အသုံးပြုနိုင်ပါသည်။ အဝင်ပိုက်သည် အချင်း ၁၀ စင်တီမီတာ၊ အရှည် ၃ မီတာခန့် ရှိသင့်ပါသည်။

ကန်အတွင်း ရေမှော်ပင်/ဒိုက်ပင်များ များပြားစွာ ရှိနေခြင်းသည် နေရောင်ခြည်ထိုးဖောက်မှုကို တားဆီးသဖြင့် သဘာဝအစားအစာ ဖြစ်ပွားမှုကို အဟန့်အတားဖြစ်စေခြင်း၊ ကန်ရေရှိအာဟာရများနှင့် မြေသြဇာများကို စုပ်ယူစေခြင်းနှင့် ရေမှော်ပင်များ ဓာတ်ပြုပြိုကွဲခြင်းမှ အဆိပ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကြောင့် ကန်ရေညစ်ညမ်းပြီး၊ ငါးများကို ရောဂါများဖြစ်ပွားစေခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ငါးမွေးကန်များကို ငါးသားပေါက်များ မထည့်သွင်းမီ အဆိုပါ ရေမှော်ပင်/ ဒိုက်ပင်များကို ရှင်းလင်းပေးရပါမည်။

### ငါးသားပေါက်များထည့်သွင်းခြင်း

ငါးသားပေါက်များအား ကန်အတွင်း ထည့်သွင်းရာတွင် အချင်းချင်းရန်မမူတတ်သည့် ငါးများသာ သေချာရွေးထည့်ရန် လိုအပ်ပါသည်။ မွေးမြူရေး ငါးသားပေါက်များသည် အသားစားငါးများ၏ စားသောက်ခြင်းကို ခံရနိုင်သဖြင့် အသားစားငါးများနှင့် မွေးမြူရေးငါး မဟုတ်သည့် ပြင်ပမှ ငါးများကို ဆွဲပိုက်အသုံးပြု၍သော်လည်းကောင်း၊ ကန်ကို အခြောက်ခံ၍သော်လည်းကောင်း ဖယ်ရှားရပါမည်။ အဏုအာဟာရကြွယ်ဝသော ငါးသေးလေးများကိုငါးကြင်းမျိုးနွယ်ဖြစ်သော ငါးကြင်း၊ ငါးမြစ်ချင်းကဲ့သို့သော ငါးများနှင့်အတူ မွေးမြူနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုငါးငယ်လေးများမှာ ငါးကြင်းမျိုးများ၏ ကြီးထွားမှုနှင့် အထွက်နှုန်းကို မထိခိုက်သောကြောင့်ဖြစ်ပါသည်။ ထို့အပြင်အဏုအာဟာရကြွယ်ဝသည့် အစာအရင်းအမြစ်ဖြစ်သော ထိုငါးငယ်ကလေးများကို စားသုံးခြင်းဖြင့် အာဟာရဖွံ့ဖြိုးစေသည့်အပြင် ရောင်းချခြင်းဖြင့် ဝင်ငွေလည်း ပိုတိုးစေနိုင်ပါသည်။ ငါးကန်အတွင်း အပေါက်လေးများပါသော အကျိုးပြု

ဘတ်တီးရီးယားလေးများ ခိုအောင်းနေနိုင်သော ပင်လယ်ကျောက်များ ထည့်သွင်းထားရန်လည်း လိုအပ်ပါသည်။

ငါးမွေးမြူရေးကန်၌ ငါးများ ထည့်သွင်းမွေးမြူထားပါက ငါးများအား ထိန်းသိမ်းထားနိုင်မည့် လုံလောက်သော ရေပမာဏသည်၎င်းမွေးမြူထားသောကာလတစ်လျှောက်လုံး ကန်အတွင်းတွင် ရှိနေရန် လိုအပ်ပါသည်။ အကယ်၍ ရေအရင်းအမြစ်သည် တစ်နှစ်ပတ်လုံးမရရှိဘဲ လအချို့တွင်သာ ရရှိမည်ဆိုပါက ငါးမွေးမြူထုတ်လုပ်မှုကို ၎င်းရေရရှိသည့် လများတွင်သာ အချိန်ကိုက်၍ မွေးမြူသင့်ပါသည်။



### ကန်အတွင်းရှိ ရေအရည်အသွေး

ငါးမွေးမြူရေး လုပ်ငန်းတွင် ရေအရည်အသွေးသည် အရေးအကြီးဆုံးအပိုင်းဖြစ်သည်။ အစာ၏ အကျိုးသက်ရောက်မှုသည် ကြီးထွားနှုန်း၊ ရှင်သန်နှုန်း၊ ငါး၏ကျန်းမာရေးတို့အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိပါသည်။ ရေအရည်အသွေးပြောင်းလဲမှုများသည် ငါးကုန်ထုတ်လုပ်မှုကို ပြောင်းလဲစေသည့်အတွက် လိုအပ်သော စံချိန်စံညွှန်းအတိုင်း ပြုပြင်ပြောင်းလဲပေးရပါသည်။ ကန်ရေ၏ အရည်အသွေးသည် သွင်းယူသည့် ရေ အရည်အသွေးကြောင့်လည်းကောင်း၊ ကန်မြေကြီး၏ အရည်အသွေးနှင့် ရုတ်တရက်ပြောင်းလဲသော ပတ်ဝန်းကျင် အခြေအနေကြောင့်လည်းကောင်း၊ ထုတ်လုပ်မှု နည်းပညာကြောင့်လည်းကောင်း ပြောင်းလဲမှုရှိပါသည်။ ရေအရည်အသွေးကို ကန်အတွင်း ထည့်သွင်းထားသည့် မျိုးကွဲနေသော ငါးမျိုးစိတ်အားလုံးအတွက် မျှတသော အရည်အသွေးမျိုး ဖန်တီးထားဖို့ လိုအပ်ပါသည်။ ရေအရည်အသွေး ကောင်းမွန်စေရန် မြေသြဇာထည့်သွင်းရန်လည်း လိုအပ်ပါသည်။ မြေသြဇာတွင် သဘာဝမြေသြဇာနှင့် ဓာတုမြေသြဇာဟူ၍ ၂ မျိုးရှိပါသည်။ သဘာဝမြေသြဇာတွင် နွားချေး၊ ကြက်ချေး၊ ဝက်ချေးစသည့်တို့ ပါဝင်ပါသည်။ သဘာဝမြေသြဇာများသည် ဓာတုမြေသြဇာများလောက် အားမပြင်းသည့်အတွက် အသုံးပြုရန် သင့်လျော်သော်လည်း ရောဂါပိုးများ ပါဝင်လာတတ်သည်။ ဓာတုမြေသြဇာများတွင် ယူရီးယားနှင့် တီဆူပါတို့ ပါဝင်ပါသည်။ ယူရီးယားသည် ရေတွင် အလွယ်တကူ ပျော်ဝင်သည့်အတွက် လိုအပ်သလောက် အကြိမ်ကြိမ်ခွဲ၍ သုံးစွဲသင့်ပါသည်။ တီစူပါသည် ရေတွင် အနည်းငယ်သာ ဖြည်းဖြည်းချင်း ပျော်ဝင်ပါသည်။ ဓာတုမြေသြဇာများသည် ကန်အောက်ခြေ မြေသားများနှင့် အလွယ်တကူဓာတ်ပြုနိုင်၍ လျင်မြန်စွာဆုံးရှုံးနိုင်ပါသည်။ အသုံးပြုမှုများသွားလျှင်လည်း ကန်၏ ရေအရည်အသွေးကို အကြီးအကျယ်ဒုက္ခပေးနိုင်ပါသည်။

### ကန်အတွင်းရှိ ရေအပူချိန်နှင့် အောက်ဆီဂျင်ရရှိမှု

ကန်ရေ၏အပူချိန်သည် 25°C - 31°C ဖြစ်လျှင် ငါးများအတွက် အကောင်းဆုံးဖြစ်ပါသည်။ အပူချိန်လျော့ကျလာလျှင် ငါးများ၏အစာစားနှုန်း ကျဆင်းလာနိုင်ပါသည်။ အပူချိန်မြင့်မားလေ အောက်ဆီဂျင်ပျော်ဝင်မှု နည်းပါးလာလေဖြစ်ပြီး ငါးများ၏ ကြီးထွားနှုန်းလည်း ကျဆင်းသွားတတ်ပါသည်။ ငါးများသည် မြင့်မားသောရေ၏ အပူချိန်ကို ခံနိုင်ရန် စွမ်းအင်ထုတ်လုပ်မှုအတွက် အောက်ဆီဂျင်ကို ပိုမိုအသုံးပြုကာ အညစ်အကြေးကို ပိုမိုစွန့်ထုတ်လာကြသလို အညစ်အကြေးများအားစားသုံးသည့် ဘက်တီးရီးယားပိုးမွှားများသည်လည်း အများအပြားပွားများလာကြပြီး ၎င်းဘက်တီးရီးယားများကလည်း အောက်ဆီဂျင်ကိုစုပ်ယူသုံးစွဲသည့်အတွက် ရေထုအတွင်းပျော်ဝင် အောက်ဆီဂျင်ကျဆင်းလာမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ ငါးများအတွက် အောက်စီဂျင် 5ppm-10ppm သည် အကောင်းဆုံးဖြစ်သည်။ အောက်စီဂျင်နည်းလာပါက ငါးများအစာစားမှုကို လျော့နည်းလာစေပြီး ငါးများသေဆုံးနိုင်သဖြင့် ကန်အတွင်း အောက်စီဂျင်ထုတ်လုပ်ပေးနိုင်သော အပင်မျှော၊ ရေမှော်များကို စနစ်တကျထားပေးသင့်ပါသည်။ ငါးထည့်သွင်းနှုန်း လျော့နည်းသော ကန်များသည် ငါးထည့်သွင်းနှုန်းများသော ကန်များထက် အပူချိန်ဒဏ်ကို ပိုမိုခံနိုင်ပါသည်။ အောက်ဆီဂျင်ဓာတ်သည် အပူချိန်မြင့်မားလာသည့်အခါ ရေတွင်ပျော်ဝင်မှုလျော့နည်းလာသည့်အတွက် ညအခါတွင် အောက်ဆီဂျင် ပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ငါးများအတွက် အသင့်လျော်ဆုံး အပူချိန်ထက်ရေထု၏အပူချိန် ကျော်လွန်လာပါက ငါးများအားအစာကျွေးမှုကို လျော့ချဖြတ်တောက်ပေးရန်လိုအပ်ပါသည်။ ကန်ရေလဲလှယ်ခြင်းသည် ကန်ရေ၏ အပူချိန်ကို ထိန်းချုပ်နိုင်ပါသည်။ ကန်ရေကို လှုပ်ရှားစေသည့်အတွက်လည်း အောက်ဆီဂျင်ကို ပေါများစွာရရှိစေပါသည်။

### ကန်အတွင်းရှိ ရေကြည်နှုန်း

ငါးကန်၏ သဘာဝအစားအစာ ပေါကြွယ်ဝမှု အခြေအနေ၊ ပျော်ဝင်အောက်ဆီဂျင် လျော့နည်းမှုဖြစ်နိုင်ခြေစသည်တို့ကို ရေကြည်နှုန်းတိုင်းတာခြင်း နည်းလမ်းဖြင့် တိုင်းတာခြင်းဖြင့် သိရှိနိုင်ပါသည်။ ရေကြည်နှုန်းကို စင်တီမီတာဖြင့် တိုင်းတာပြီး Secchi Disk ခေါ် ရေကြည်နှုန်း တိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးနိုင်ပါသည်။ ငါးမွေးမြူရေးကန်တစ်ခု၏ ရှိသင့်သော ရေကြည်နှုန်းသည်၃၀-၄၀ စင်တီမီတာ(၁ ပေမှ ၁ပေခွဲ) အတွင်းရှိလျှင် အကောင်းဆုံးဖြစ်ပါသည်။ ကန်ရေ၏ ရေကြည်နှုန်းသည် ကန်ထဲတွင်ရှိသော အပင်မျှောများနှင့် ရွံ့နွံများသိပ်သည်းမှုကြောင့်ဖြစ်ပါသည်။ ရေကြည်နှုန်း တိုင်းတာမှုကို နေ့ခင်းပိုင်းတွင် ပြုလုပ်သင့်ပါသည်။ ရေကြည်နှုန်း တိုင်းတာရာတွင် ရေနောက်ကျိနေပါက တိုင်းတာမှု မှားယွင်းနိုင်ပါသည်။ သို့ဖြစ်ရာ ကန်ရေနောက်ကျိနေသည့် အခြေအနေများ (ဥပမာ-ရေသွင်းပြီးခါစအချိန်များ၊ မိုးရွာသွန်းထားပြီးသည့် အချိန်များ) မရှိသည့် အချိန်တွင်သာ တိုင်းတာရမည် ဖြစ်ပါသည်။ ကန်ရေအရောင်သည် စိမ်းဝါရောင် သို့မဟုတ် အုန်းစိမ်းရောင်ဖြစ်နေပါက အကောင်းဆုံးဖြစ်ပါသည်။

### ကန်အတွင်းရှိ ချဉ်ဖန်နှုန်း (pH)

ကန်ရေထုသည် အချဉ်ဓာတ်ဂုဏ်သတ္တိ သို့မဟုတ် အဖန်ဓာတ်ဂုဏ်သတ္တိရှိသည့်အတွက် ချဉ်ဖန်မှုစကေး (pH Scale) ဖြင့် တိုင်းတာနိုင်ပြီး ချဉ်ဖန်မှုစကေး ၁ မှ ၆ သည် အချဉ်ဓာတ်ရှိနေခြင်းနှင့် ၈ မှ ၁၄ သည် အဖန်ဓာတ်ရှိနေခြင်းတို့ကို ဖော်ပြပါသည်။ အမှတ် ၇ (pH 7) သည် အချဉ်ဓာတ်လည်းမရှိ အဖန်ဓာတ်လည်းမရှိသည့် စံပြုအမှတ်ဖြစ်ပါသည်။ ငါးမွေးမြူရေးအတွက် သင့်လျော်သော ချဉ်ဖန်မှုစကေးသည် အမှတ် ၆ မှ ၈ အတွင်း ဖြစ်ပါသည်။ မိုးများစွာရွာသွန်းသောရက်တွင် pH နိမ့်ကျတတ်ပါသည်။ pH ကို မနက် ၆ နာရီနှင့် မွန်းလွဲ ၃ နာရီအတွင်း တိုင်းတာသင့်ပါသည်။ မနက်ပိုင်းနှင့် ညနေပိုင်း pH ကွာခြားချက်မှာ 0.5 ထက်မပိုစေရပါ။ ကန်ရေ၏ pH ကို နေ့စဉ် တိုင်းတာစစ်ဆေးသင့်ပါသည်။ pH တန်ဖိုးသည် 5 အောက်လျော့ကျနေပါက သို့မဟုတ် 11 ထက်ကျော်နေပါက ငါးများ သေဆုံးနိုင်ပါသည်။

### ကန်အတွင်း ထုံးဓာတ်ပါဝင်နှုန်း(Alkalinity)

ထုံးဓာတ်ပါဝင်နှုန်း (Alkalinity) သည် ငါးများရှင်သန်ကြီးထွားမှုအတွက်အရေးပါပြီး pH ပြောင်းလဲမှုကိုထိန်းညှိပေးနိုင်ပါသည်။ ငါးမွေးကန်ရေတွင် Alkalinity 90 ppm အထက်သည် အကောင်းဆုံး ဖြစ်ပါသည်။ Alkalinity နိမ့်နေလျှင် CaCo3 (ထုံး) ထည့်သွင်းပေးရပါသည်။

### ကန်အတွင်း ရေစေးခြင်း (Hardness)

ကန်ရေထဲ၌ ရေစေးခြင်း (Hardness) လျော့နည်းလျှင် ငါးများအား စိတ်ဖိစီးမှု ဖြစ်ပေါ်စေ နိုင်ပါသည်။ Hardness 70-150ppm သည် ငါးများအတွက် အကောင်းဆုံး ဖြစ်ပါသည်။ Hardness မြင့်လွန်းလျှင်လည်း pH မြင့်တက်မှုကြောင့် ငါးများသေဆုံးနိုင်ပါသည်။ Hardness ကို လျော့ကျစေရန် ကျောက်ချဉ်သုံးပေးရပါသည်။Hardness ကို မြင့်တက်စေရန် ဒိုလိုမိုက်ကို သုံးပေးရပါသည်။

### ကန်အတွင်း အမိုးနီးယား(Ammonia - NH3)ပါဝင်မှု

အမိုးနီးယားသည် ငါးများအတွက် အဆိပ်အတောက်ဖြစ်စေနိုင်ပါသည်။ ငါးများစွန့်ထုတ်သော အညစ်အကြေးများထဲတွင် အမိုးနီးယားနှင့် ယူရီးယားတို့ ပါဝင်ပါသည်။ အစာအကြွင်းအကျန်များမှလည်း အမိုးနီးယားကိုဖြစ်ပေါ်စေနိုင်ပါသည်။ အမိုးနီးယားပါဝင်နှုန်းမှာ အနည်းဆုံး 0.02 ppm ထက် လျော့နည်းရပါမည်။ ငါးကန်ထဲတွင် အပင်မျှောလေးများအစုလိုက်သေဆုံးမှုဖြစ်သောအခါ အမိုနီးယားအဆိပ်အတောက်ဖြစ်မှုကို ပိုမိုတွေ့ရှိရပါသည်။ အမိုးနီးယားအဆိပ်အတောက် ဖြစ်မှုသည် ကန်ရေ၏ အပူချိန်၊ ချဉ်ဖန်နှုန်း (pH)၊ ပျော်ဝင်အောက်စီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ပြောင်းလဲမှုပမာဏနှင့် သက်ဆိုင်နေပါသည်။

### ကန်အတွင်း နိုက်ထရိတ်နှင့် နိုက်ထရိုက်(Nitrate and Nitrite)ပါဝင်မှု

နိုက်ထရိတ် (Nitrate) ပါဝင်မှုသည် ငါးမွေးကန်အတွင်း 0-40 mg/L အတွင်း ရှိသင့်ပါသည်။ နိုက်ထရိတ်သည် ရေညှိတက်ခြင်းကို အားပေးသဖြင့် ထိန်းသိမ်းရပါမည်။ ငါးမွေးကန်အတွင်း နိုက်ထရိုက် (Nitrite)ပါဝင်မှုပမာဏသည် 0.0-0.5mg/L အတွင်းရှိရပါမည်။ နိုက်ထရိုက်သည် ငါးများ၏ သွေးတွင်းအောက်စီဂျင်ကို လျော့နည်းစေပါသည်။ နိုက်ထရိုက်ပမာဏမြင့်ပါက ငါးများကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။ နိုက်ထရိုက်ပမာဏ မြင့်တက်လာပါက ဆားကြမ်းအသုံးပြု၍ လျော့ချရပါမည်။

အကယ်၍ မိုးသည်းထန်စွာရွာသွန်းခြင်း(သို့) ရေကြီးရေလျှံစဉ်ကာလအတွင်း ငါးကန်ရေမြုပ်ပါက ငါးအားလုံး ထွက်သွားနိုင်ပါသည်။ အသားစားငါးများနှင့် မွေးမြူရေး

ငါးမဟုတ်သည့် ပြင်ပမှငါးများ မိမိငါးကန်အတွင်း ဝင်ရောက်လာပါက မိမိတို့မွေးမြူထားသည့် ငါးများကို အန္တရာယ်ပေးနိုင်ပါသည်။ သို့ဖြစ်ပါ၍ ခြောက်သွေ့သော ရာသီတွင်၊ ငါးကန်အောက်ခြေရှိ ရွံ့မြေများကို စက်ဖြင့် သို့မဟုတ် လုပ်အားဖြင့်ဖယ်ထုတ်ပြီးငါးကန်ဘောင် (တမံ) ကို ကောင်းစွာပြင်ဆင်နိုင်ပါသည်။

ကန်အောက်ခြေတွင် ရွံ့နွံ၊ အနည်များ သာမန်ထက် အလွန်များပြားခြင်းသည် ကန်ရေတွင်အဆိပ်ဓာတ်ငွေ့များ ဖြစ်ပေါ်စေပြီး ရေထုထဲတွင် အောက်စီဂျင်ပါဝင်မှု လျော့နည်းလာမည်ဖြစ်၍ ငါးကန်ဟောင်း၏ အောက်ခြေမှ ပိုနေသည့် ရွံ့နွံများနှင့် အနည်များကို ဖယ်ရှားပြီး အောက်ခြေနေ ဇီဝသက်ရှိများ ပေါက်ဖွားရှင်သန်နိုင်ရန် ၆ လက်မခန့် ကန်၏ အောက်ခြေတွင် ရွံ့နွံကို ချန်ထားရမည်။ ဆောင်းရာသီကုန်ဆုံးပြီးပါက ကန်အောက်ခြေရှိ ရွံ့နွံ၊ အနည်များကို ၂ နှစ်တစ်ခါ သို့မဟုတ် ၃ နှစ် တစ်ခါ မကြာခဏ ဖယ်ရှားခြင်းဖြင့် ကန်ကိုအခြောက်ခံရပါမည်။

### ငါးမွေးမြူခြင်း

ငါးများနေထိုင်ကျက်စားသည့် အလေ့အထ၊ ရေအခြေအနေ၊ ငါးအမျိုးအစား၊ မွေးမြူသည့်အရေအတွက်၊ မွေးမြူသည့်စနစ် စသည့်တို့အပေါ်မူတည်၍ ငါးမွေးမြူရေးပုံစံ အမျိုးမျိုး ကွဲပြားသွားပါသည်။ ကန်ဖြင့်မွေးမြူခြင်း၊ ရေပေါ်လှောင်အိမ်စနစ်ဖြင့် မွေးမြူခြင်း၊ ခြံခတ်မွေးမြူခြင်း၊ ကွန်ကရစ်ကန်ဖြင့်မွေးမြူခြင်း၊ ခြံမြောင်းဖြင့်မွေးမြူခြင်း၊ တာပေါ်လင်ဖြင့်မွေးမြူခြင်း စသည်ဖြင့် ကွဲပြားကြပါသည်။

အဓိကမွေးမြူသောရေချိုငါးများမှာ ငါးကြင်း၊ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ တီလားဗီးယား စသည်တို့ဖြစ်ပါသည်။ ငါးမြစ်ချင်းကို အများဆုံး မွေးမြူလျက်ရှိပြီး တစ်ဧကလျှင် သားပေါက်ကောင်ရေ ၇၀၀ မှ ၁၀၀၀ ထိ ကန်ကျယ်စနစ်ဖြင့် မွေးမြူလျက်ရှိပါသည်။



နှစ်လက်မ၊ သုံးလက်မအရွယ် တီလားပီးယားငါးကို မွေးမြူချိန်လေးလခွဲမှ ခြောက်လအကြာဈေးကွက်သို့တင်ပို့နိုင်ကာတစ်နှစ်လျှင် နှစ်ကြိမ်မွေးမြူနိုင်သောကြောင့် ငါးမွေးတောင်သူနှင့် ထုတ်လုပ်သူတို့ အချိန်တိုအတွင်း ဝင်ငွေရရှိစေမည့်အပြင် ရေသယံဇာတမတည်မြဲနိုင်သောပင်လယ်ပြင် ရေထွက်ကုန်ထက် ဟန်ချက်ညီညီ မွေးမြူထုတ်လုပ်သည့် ရေထွက်ကုန်ထွက်ရှိမှုက ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပပို့ကုန်၊ တန်ဖိုးမြင့် ထွက်ကုန်များကို ဆည်တမံနှင့် မြစ်ချောင်းတို့၌ ရေပေါ်လှောင်အိမ် စနစ်ဖြင့် မွေးမြူထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မြန်မာ့ရေချိုထွက်ကုန်များဖြစ်သည့် ငါး၊ ပုစွန်များကို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ်မွေးမြူထုတ်လုပ်လျက်ရှိရာ နွေရာသီ ငါးကန်အများစုသည် ကန်ဖော်၍ ရေထွက်ကုန်များကို ထုတ်ယူရောင်းချလေ့ရှိကြပါသည်။



### အစာကျွေးခြင်း

မွေးမြူထုတ်လုပ်ရေး လုပ်ငန်းတွင် တိရစ္ဆာန်အစာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေရာ မွေးမြူထုတ်လုပ်ရေး နည်းပညာများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ တိရစ္ဆာန်အစာ လုံလောက်ရုံမျှနှင့် မပြည့်စုံနိုင်ဘဲ ၎င်းတိရစ္ဆာန် အစာများမှ မည်မျှအသုံးချနိုင်မှုရှိသည် သို့မဟုတ် မည်မျှအကျိုးသက်ရောက်မှုရှိသည်တို့ကိုသိရှိရန်လိုအပ်ပါသည်။ အသုံးပြုကျွေးမွေးသောအစာများ၏ အာဟာရဓာတ်ပြည့်ဝစွာ ပါဝင်သော စပ်စာများ ဖော်ထုတ်အသုံးပြုနိုင်မှုသည် မွေးမြူထုတ်လုပ်ရေးလုပ်ငန်း၏အရေးပါသောအချက်များကိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ တိရစ္ဆာန်များကို အစာအမယ်တစ်မျိုးတည်း အမြဲတမ်းကျွေး၍ မွေးမြူမည်ဆိုပါက အာဟာရဓာတ်ချို့တဲ့မှုနှင့် စပ်လျဉ်းသည့် ရောဂါများ မလွဲမသွေ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် အာဟာရဓာတ်များ ညီညွတ်မျှတစွာ ပါဝင်သော စပ်စာတစ်ခုကို ဖော်ထုတ်အသုံးပြုရန် လိုအပ်ပါသည်။

ငါးမွေးမြူရာတွင် ငါးအစာကျွေးသည့် နည်းစနစ်များ မတူညီကြချေ။ ကန်ပိုင်ရှင်များမှ ရေပေါ်အစာတောင့်၊ ရေအောက်အစာတောင့်၊ ဖွဲနု၊ ပဲဖတ်စသည့်ဖြင့် ရွေးချယ်အသုံးပြုကြပါသည်။ ယေဘုယျအားဖြင့် ဖွဲနု အစာကျွေးသည့် ယေဘုယျနှုန်းထားမှာ ငါးအလေးချိန် ၁ ပိဿာလျှင် ဖွဲနု ၅ ကျပ်သားနှုန်းဖြင့် ကျွေးလျက်ရှိပါသည်။



ကြာမြင့်ချိန် ၈ လကြာသည်အထိငါးကြပ်ကန်၊ ငါးဖွက်ကန်၊ အသားတိုးကန်ဟူ၍ များသောအားဖြင့် ခွဲခြားမွေးမြူလျက်ရှိပါသည်။ ဖွဲနုဈေး အသက်သာဆုံးနှင့် အပေါများဆုံးအချိန်ဖြစ်သည့် စပါးသစ်ပေါ်ချိန်တွင် ထွက်ရှိလာသော ဖွဲနုများကို အစာအခြောက်တောင့် ပြုလုပ်ထိန်းသိမ်းခြင်းသည် ငါးမွေးမြူရေးသမားများအတွက် အရေးကြီးသော လိုအပ်ချက်ဖြစ်ပါသည်။ ဤကဲ့သို့ ထိန်းသိမ်းထားနိုင်သည်နှင့်အမျှ ပြည်တွင်း ငါးဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းကျောင်းနိုင်မည်ဖြစ်ပါသည်။

ငါးအစာကျွေးများခြင်းသည် ကန်၏ရေအရည်အသွေးအား လျင်မြန်စွာကျဆင်းစေပါသည်။ ထို့ကြောင့်အစာကိုငါးများစားနိုင်သလောက်သာသေချာတွက်ချက် ကျွေးမွေးရန် လိုအပ်ပါသည်။ ငါးကန်များတွင် လေပေးဒလက်တပ်စေခြင်းဖြင့် အစာကျန်များနှင့် အညစ်အကြေးများကို ကန်အလယ်တွင်စုပုံစေပြီး ငါးအစာကျွေးသည့်နေရာအား သန့်စင်စေပါသည်။



## ငါးမွေးမြူရေးလုပ်ငန်းအား အားပေးကူညီခြင်း

ဘေးဥပဒ်ကင်းစင်သော ရေထွက်ပစ္စည်းများဖြစ်အောင် မွေးမြူထုတ်လုပ်နိုင်စေရန်၊ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးပြီး မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် လုပ်ကွက်ငယ်(MSME) ငါးမွေးမြူရေး တောင်သူများအား နည်းပညာပေးသည့် သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတ ပေါ်များလာအောင် ဆောင်ရွက်ရန်အတွက် စနစ်တကျ ငါးမွေးမြူသည့် လုပ်ငန်းရှင်များပေါ်များလာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ နည်းပညာပေးခြင်း၊ ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်၊ ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဒေသခံပြည်သူများအား ဆေးထိုးသားဖောက်ခြင်း နည်းလမ်းများ၊ ငါးဆေးထိုးသားဖောက်ခြင်း အကျိုးကျေးဇူးများ၊ မျိုးငါးအထီးအမခွဲခြားခြင်း၊ မျိုးအင်္ဂါရင့်ကျက်မှု၊ ငါးမှုန်ပြုစုခြင်းနှင့် ရောဂါကျရောက်မှု ကာကွယ်ခြင်း နည်းလမ်းများသိရှိစေရန် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းများ၊ သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးလုပ်ကိုင်နိုင်ရေး၊ တရားမဝင်ကျားဖောင်များမရှိစေရေး၊ လိုင်စင်မဲ့ ငါးဖမ်းရေယာဉ်များ မရှိစေရေး၊ ဥပဒေနှင့်အညီ လုပ်ကိုင်နိုင်ရေးတို့အတွက် ကွင်းဆင်းဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါသည်။

ဒေသနေပြည်သူများ ငါးစားသုံးမှု ဖူလုံရေးအပြင် အခြားတိုင်းဒေသကြီး ပြည်နယ်များနှင့် လိုအပ်ချက်ရှိနေသည့် အနီးဝန်းကျင်ဒေသများသို့ တင်ပို့ရောင်းချနိုင်သည်အထိ မွေးမြူထုတ်လုပ်မှု သိသာစွာ တိုးတက်လာရေးအတွက် ဆည်တာတမံနှင့် အခြေအနေပေးသည့် သဘာဝမြစ်ချောင်းများတွင် တိုးချဲ့မွေးမြူနိုင်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက အားပေးကူညီလျက်ရှိပြီး ခေတ်မီနည်းစနစ် အသုံးပြု၍ ငါးမွေးမြူရေး လုပ်ငန်းများ အောင်မြင်လာပါက ငါးမွေးမြူထုတ်လုပ်သည့် လုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်တွင် ပါဝင်လုပ်ကိုင်သူများ၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ရာသီအလိုက် တိုးချဲ့ထုတ်လုပ်လျက်

ရှိသည့် လယ်ယာ၊ သား၊ ငါးထွက်ကုန်များအား အအေးခန်းများဖြင့် သိုလှောင်ခြင်းနှင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သက်ဆိုင်သူ အားလုံးတို့က ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ပြည်တွင်းပြည်ပဈေးကွက်ခိုင်မာစွာရရှိရန်နှင့် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်ငါး၊ပုစွန်မွေးမြူခြင်းလုပ်ငန်း၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices- GAqPs) အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးပံ့ပိုးခြင်း၊ ငါးမွေးမြူရေး သင်တန်းများဒေသအရောက် ပို့ချခြင်းနှင့် လိုအပ်သောသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ ငါးရောဂါဆိုင်ရာ ဓါတ်ခွဲခန်းများ တည်ထောင်ခြင်း၊ အအေးပိုင်းငါးများ သားဖောက်ခြင်းနှင့် မွေးမြူရေးနည်းပညာများ ပံ့ပိုးပေးခြင်း၊ မြစ်ချောင်းများအတွင်းလှောင်အိမ်ဖြင့် ငါးမွေးမြူသည့် နည်းပညာများ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ငါးသယံဇာတ ရေရှည်တည်တံ့ရေးအတွက် ငါးမဖမ်းရရာသီသတ်မှတ်ခြင်း၊ တရားမဝင် ငါးဖမ်းဆီးမှု ပပျောက်စေရေးအတွက် Vessel Monitoring System ဖြင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်တစ်ခုခြင်းအလိုက်/ ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရနယ်မြေများ သတ်မှတ်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် မဖမ်းဆီးရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းများနှင့် ငါးသယံဇာတ တည်ရှိမှုအကဲဖြတ် လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကောင်းမွန်သော ရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqPs) ဆိုသည်မှာ ငါးစတင်မွေးမြူသည့်အဆင့်မှ စတင်ပြီး စားသုံးသူထံ ရောက်ရှိသည့် အဆင့်အထိ ထုတ်လုပ်မှုအဆင့်ဆင့်တွင် စားသုံးသူများကို ဘေးဥပဒ် အန္တရာယ်မဖြစ်စေဘဲနဲ့ သန့်ရှင်းစွာ မွေးမြူထုတ်လုပ်ခြင်းဖြစ်ပြီး ရေနေသတ္တဝါများ မွေးမြူထုတ်လုပ်သောနေရာတွင်လည်း စံချိန်စံညွှန်းများ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ မွေးမြူထုတ်လုပ်သည့်ကျင့်စဉ်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ငါး/ပုစွန်ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပါသည်။ အရည်းအသွေးပြည့်မီသည့် ငါး/ ပုစွန်အစရှိသည့် ရေထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်သဖြင့် မြန်မာနိုင်ငံတွင် စုစုပေါင်းရေထွက်ပစ္စည်းသိုလှောင်ပြုပြင်စီမံသည့် စက်ရုံ ၁၂၃ ရုံ အနက် ၂၁ ရုံမှ ထုတ်လုပ်သော သဘာဝ ငါး/ ပုစွန်များကို ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်ရရှိခဲ့ပါသည်။ ယခုအခါ ကောင်းမွန်သော ရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqPs) အညီ ASEAN အဖွဲ့ဝင်နိုင်ငံများက လိုက်နာဆောင်ရွက်ပြီး ရေနေသတ္တဝါများကို မွေးမြူထုတ်လုပ် တင်ပို့ရောင်းချလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ASEAN အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အဆိုပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး GAqPs Certificate ရရှိထားသည့် ငါးမွေးမြူရေးကန်များက မိမိတို့၏ ရေထွက်ပစ္စည်းများကို ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကိုထိုးဖောက်တင်ပို့ ရောင်းချနိုင်မှာဖြစ်ပါသည်။

ငါးမွေးတောင်သူများအနေဖြင့် ငါး/ပုစွန် ရေသတ္တဝါများမွေးမြူထုတ်လုပ်ရာ၌ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအစားအစာ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော မွေးမြူထုတ်လုပ်မှုကျင့်စဉ်များကို လိုက်နာ၍ အရည်အသွေးကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းစေသော ရေထွက်ပစ္စည်းများ ပိုမိုတိုးတက် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အထူးအလေးထား လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသငါးကဏ္ဍဖွံ့ဖြိုးရေးမြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ထုတ်လုပ်မှု၏ ၉၀% ခန့်ကို ပြည်တွင်းငါးရိက္ခာလိုအပ်ချက်အတွက် ဖြည့်ဆည်းလျက်ရှိပြီး ကျန် ၁၀ % ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေ ရရှိခဲ့ပါသည်။ ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများရရှိရေး၊ သဘာဝငါးမျိုး မသုဉ်းစေရေး၊ ငါးထွက်နှုန်း တိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့်ငါးမျိုးများ ရေရှည်တည်တံ့စေရေးအတွက် ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးကန်များ၏ ရေ၊ မြေ အရည်အသွေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးဆောင်ရွက်ပေးခြင်း၊ ငါးသားပေါက်များ ကျန်းမာရေးစစ်ဆေး ထောက်ခံချက် ထုတ်ပေးခြင်းစသည်တို့ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

## ငါးမွေးမြူရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

ယနေ့ကမ္ဘာပေါ်တွင်ကမ္ဘာ့လူဦးရေ၏ ၄၀ % (၃ဘီလီယံ) ခန့်သည် ကျန်းမာရေးနှင့် ပြည့်စုံသည့် အစားအစာ မရရှိကြောင်း၊ ၁၀ % သော ကမ္ဘာ့လူဦးရေမှာ ဘေးမကင်းသည့် အစားအစာများ၏ အကျိုးသက်ရောက်မှုကို ခံစားနေကြောင်း၊ ကမ္ဘာ့အစားအစာစနစ်သည် မညီမျှမှုနှင့် မမျှတမှုများဖြစ်ပေါ်နေကြောင်း၊ကမ္ဘာကြီး၏ အချို့သောနေရာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံ၊ သားငါးနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုကို လျော့ကျစေလျက်ရှိပြီး ထွက်ကုန်များ၌ အာဟာရဓာတ်ပါဝင်မှုများလည်း ပြောင်းလဲလျက်ရှိကြောင်း၊ လေလွင့်ပြုန်းတီးမှုများသည် သီးနှံသားငါး ထုတ်လုပ်မှုတွင် ၁၄% နှင့် စားသုံးမှုတွင် ၁၇ % မျှရှိနေကြောင်း၊ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး ကျဆင်းနေမှုများအရ ကမ္ဘာတစ်ဝန်း၏ စားနပ်ရိက္ခာဖူလုံမှုကို ထပ်ဆင့်ထိခိုက်စေလျက်ရှိရာ လက်ရှိစားနပ် ရိက္ခာဖူလုံမှုမရှိခြင်း ခံစားနေရသည့် ကမ္ဘာ့လူဦးရေသန်း ၆၉၀ ထက် ထပ်မံ၍ သန်း ၁၀၀ ခန့် ပိုမိုတိုးပွားလာနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။

အခြားတစ်ဖက်တွင်လည်း နှစ်စဉ်ရာသီဥတုပူပြင်းလာခြင်းကြောင့် တိရစ္ဆာန်များတွင် ကြက်ငှက်တုတ်ကွေး၊ ဝက်နားရွက်ပြာ၊ ဒေါင့်သန်းရောဂါကဲ့သို့သော ဗိုင်းရပ်ကူးစက်ရောဂါများ ပြန့်ပွားလာသဖြင့် လူတို့၏ စားသုံးမှုပုံစံသည် ပြောင်းလဲလာကာ တိရစ္ဆာန်အသားများအစား ရေနေသတ္တဝါ ငါးများကို အလေးထားစားသုံးလာသည်ကို တွေ့မြင်ရမှာဖြစ်ပါသည်။ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးတို့သည် လူသားတို့၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်ပါသည်။ ပြည်သူများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းသည် အထူးကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပါသည်။

တစ်နေ့တစ်ခြား တိုးပွားလာသော လူဦးရေအတွက် ငါးစားနပ်ရိက္ခာ ပြည့်စုံဖူလုံရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း မွေးမြူထုတ်လုပ်သည့် ငါးများသည် စားသုံးသူများကို ဘေးဥပဒ် အန္တရာယ်မဖြစ်စေဘဲ ထုတ်လုပ်မှုသာ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော ငါးရိက္ခာများ စားသုံးခြင်းဖြင့် ကျန်းမာပြီး အသက်ရှည်မှာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကုန်းနေ၊ ရေနေ သတ္တဝါအမျိုးမျိုး မွေးမြူခြင်းအတွက် အလွန်ကောင်းမွန်သည့် ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်ကို ပိုင်ဆိုင်ထားပါသည်။ သားငါး မွေးမြူ ထုတ်လုပ်သည့် ကဏ္ဍတွင် ရေချိုငါး၊ ရေငန်ငါး၊ ပုစွန် သားဖောက်မွေးမြူ ထုတ်လုပ်ရေး လုပ်ငန်းများအပြင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ငါးစာ ထုတ်လုပ်ခြင်း၊ ရေထွက်စားသောက်ကုန်ပြုပြင် ထုတ်လုပ်ခြင်း၊ အအေးခန်း၊ စည်သွတ်ခြင်းနှင့် ထုတ်ပိုးခြင်းကဲ့သို့ တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးဆိုင်ရာ ပညာရေးနှင့် သုတေသန သင်တန်းကျောင်းများ ထူထောင်ခြင်း၊ အအေးခန်းပါရှိသည့် ကားများဖြင့် သယ်ယူပို့ဆောင်ခြင်းကဲ့သို့ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်ရန်အတွက်လည်း အခွင့်အလမ်းမြောက်မြားစွာရှိပါသည်။ ဤအလားအလာကောင်းများအရ ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော ခေတ်မီနည်းပညာများ အသုံးချကာ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ဒေသဖွံ့ဖြိုးမှုအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ ရေရှည် စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် အကြီးစားငါးမွေးမြူရေးလုပ်ငန်းများအတွက် အစိုးရ၏ အားပေးမှုကို အပြည့်အဝ ရရှိသော်လည်း အသေးစားတောင်သူများအတွက်မူ လယ်ယာမြေအား အခြားနည်းသုံးစွဲခြင်းနှင့်ပတ်သက်၍ ကန့်သတ်ချက်များရှိနေခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်လိုသူများအတွက် အဟန့်အတားများရှိနေပါသည်။ မည်သို့ပင်ဆိုစေကာမူ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာ၍ ရနိုင်သမျှသော နည်းလမ်းများဖြင့် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော ငါးများ မွေးမြူရန် လိုအပ်ပါသည်။

## ငါးမွေးမြူရေးလုပ်ငန်းတိုးမြှင့်စေရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ဆောင်ချက်များ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်စေရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်စေခြင်းသည် ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို နည်းပညာလက်ဆင့်ကမ်းနိုင်ခြင်းနှင့် မြန်မာပြည်သူပြည်သားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေခြင်း စသည့်အကျိုးစီးပွားများကို ရရှိစေပါသည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံခြားနှင့်နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများထုတ်ပြန်၍အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်အစရှိသည့် ရင်းနှီးမြှုပ်နှံမှု မက်လုံးများအသုံးပြုကာ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို ဆွဲဆောင်လျက်ရှိပါသည်။

ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရေထွက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများအတွက် အဆိုပြုချက်များကို စိစစ်ထုတ်ပေးလျက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို အားပေးကူညီလျက်ရှိပါသည်။

## ငါးမွေးမြူရေးလုပ်ငန်းနှင့် အယ်လ်နီညို

နိုင်ငံတကာ မိုးလေဝသဌာနများ၏ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းထားမှုကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားရာ မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန် မွေးမြူရေးတောင်သူများအနေဖြင့် မိမိတို့ငါးမွေးကန်များတွင် အရန်ကန်များ ထားရှိ၍ ရေသိုလှောင်ထားရှိကာ ရေလှယ်သောစနစ်ကို အထူးဂရုပြု ဆောင်ရွက်သွားရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က တိုက်တွန်းထားပါသည်။ အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်လေ့ရှိသည့်ဖြစ်စဉ် ဖြစ်သော်လည်း အကျိုးသက်ရောက်မှုကို လွန်ခဲ့သော ၄ နှစ်ကျော်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ကြုံတွေ့ခဲ့ရပြီး မိုးရွာသွန်းမှုမူမမှန်ခြင်း၊ နေ့အပူချိန် မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိရာ မွေးမြူရေးကဏ္ဍကို ထိခိုက်မှုမရှိစေရန် ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ ကြိုတင်အသိပေးလျက်ရှိပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါးမွေးတောင်သူများအနေဖြင့် နေပြင်းလျှင် ကန်ထဲသို့ ရေဖြည့်သွင်းခြင်း၊ အရန်ကန်ထားရှိပြီး ရေသိုလှောင်ထားပြီး ရေလှယ်ခြင်းများလုပ်ဆောင်ရန်လိုအပ်သလို ကန်ရေ၏ အရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီတွင် ပုံမှန်စစ်ဆေး၍ ရေအသစ်လဲလှယ်နိုင်ရန် ရေကောင်းရေသန့်များ သိုလှောင်သည့် အရန်ကန်များ စီစဉ်ထားရှိပြီး ရေရနိုင်သမျှ သိုလှောင်ထားရန်၊ ကန်ရေသည် အပူချိန်မြင့်မားချိန်တွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်ကျွေးခြင်းကို ရှောင်ကြဉ်ကာ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်၊ ရေသစ်သွင်းရန် အခက်အခဲရှိသော ကန်များအနေဖြင့် ငါးအရေအတွက် လျှော့ချမွေးမြူရန်၊ အပူချိန်ပြင်းသည့်အချိန်တွင် ငါးများအား ကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်း ကြုံရပါက ကန်အတွင်း အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်းနှင့်ကန်အတွင်း ရေလှော်ပေးခြင်း နည်းလမ်းများဖြင့် ရေတွင်အောက်ဆီဂျင် မြင့်တက်လာစေရေး ဆောင်ရွက်ပေးရန်၊ ငါးအစာလွန်ကဲစွာ ကျွေးခြင်းကြောင့် စားကြွင်းစားကျန်များမှတစ်ဆင့် ရေထုညစ်ညမ်းပြီး ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးရန်စသည့်နည်းလမ်းများဖြင့် ငါးမွေးမြူရေးကန်များ ရာသီဥတုပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်းတွင်းငါးမွေးမြူရေး လုပ်ငန်းများ မွေးမြူလုပ်ကိုင်နိုင်သည့် နေရာများစွာ ရှိနေခြင်းကြောင့် ရေချိုငါးမွေးမြူရေးကဏ္ဍ၌ မြေကန်အတွင်း မွေးမြူထားသော ငါးမျိုးများအပြင် ဒေသရင်း တိုင်းရင်းငါးမျိုးစိတ်များကို တိုးပွားထုတ်လုပ် မွေးမြူနိုင်ရန်အတွက် စမ်းသပ် သုတေသနလုပ်ငန်းများ ဆက်လက်တိုးချဲ့လုပ်ဆောင်သွားပြီး ငါးမွေးမြူရေးလုပ်ငန်းကို ခေတ်မီ

နည်းပညာများအသုံးပြု၍ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်သည့် အခြေအနေများ ရှိနေပါသည်။

## ငါးမွေးမြူရေးလုပ်ငန်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း

သို့ဖြစ်ပါ၍ ငါးမွေးတောင်သူများအနေဖြင့် နိုင်ငံတော်မှ ကျေးလက်ဒေသငါးကဏ္ဍဖွံ့ဖြိုးရေး မြစ်မ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေ ထောက်ပံ့မှုများ၊ နည်းပညာဖြန့်ဝေမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေး၊ ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများရရှိရေး၊ သဘာဝငါးမျိုး မသုဉ်းစေရေး၊ ငါးထွက်နှုန်း တိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့် ငါးမျိုးများ ရေရှည် တည်တံ့စေရေးအတွက် ငါးသားပေါက်များကို စဉ်ဆက် မပြတ်ထုတ်လုပ်၍ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအစားအစာ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများနှင့် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်များနှင့်အညီ မိသားစုတစ်နိုင်တစ်ပိုင် ငါးမွေးမြူ ခြင်းမှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ငါးမွေးမြူရေး လုပ်ငန်းကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေ လိုပါကြောင်း ငါးမွေးမြူရေးလုပ်ငန်းဖြင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ရည်သန်၍ မျှဝေရေးသား တင်ပြလိုက်ရပါသည်။

မေစန္ဒာ (DICA)

## ယှဉ်ပြိုင်မှုဥပဒေအကြောင်းသိကောင်းစရာများ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက် ရာတွင် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံသားများ၏ စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းများကို တန်းတူညီမျှရရှိစေရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈)၊ နိုင်ငံတော် အခြေခံမူများ အခန်းပုဒ်မ ၃၆ ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)တွင် အောက်ပါအတိုင်းထည့်သွင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပုဒ်မ ၃၆။ နိုင်ငံတော်သည် -

(က) အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက် နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။

ကောင်းမွန်သော စီးပွားရေးစနစ် တစ်ရပ်ကိုဖော်ဆောင် ရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား တရား မျှတသော ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင် ရန် အရေးကြီးပေသည်။ ယှဉ်ပြိုင်မှုကို ထိခိုက်စေသည့် ချိုးဖောက်မှုများကို တားဆီးနိုင်ရန် ဥပဒေတစ်ရပ် လိုအပ် လာလျှင် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉) ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေကို လိုက်နာကျင့် သုံးနိုင်ရန် အကျွမ်းတဝင်မရှိသေးမီ ပြုပြင်ပြောင်းလဲရေး ကာလအဖြစ် ၂ နှစ်အချိန်ယူခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ယှဉ်ပြိုင်မှု ဥပဒေစတင် အာဏာသက်ရောက်ကြောင်း နိုင်ငံတော်သမ္မတမှ ၂-၁၂- ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉) ဖြင့် ထုတ် ပြန်ခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၆) ဖြင့် မြန်မာ နိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပြီး ယှဉ်ပြိုင်မှု ဥပဒေပါ လုပ်ပိုင်ခွင့်များကို ကော်မရှင်သို့ အပ်နှင်းခဲ့ပါသည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား ယှဉ်ပြိုင်မှုအခွင့်အလမ်းများနည်းပါး စေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန်အတွက် ယှဉ်ပြိုင် မှုကို ဆန့်ကျင်ချိုးဖောက်သည့် အောက်ဖော်ပြပါ အပြုအမူ များကို မဖြစ်ပေါ်စေရန် ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များ ကို ကျင့်သုံး၍ ထိန်းကျောင်းခြင်း၊ တားဆီးခြင်း အစီအမံ များဖြင့် အကောင်အထည် ဖော်ရမည်ဖြစ်သည် -

(၁) ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူ ညီချက်များ ပြုလုပ်ခြင်း၊

(၂) ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေ ကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကိုကန့်သတ် ထိန်း ချုပ်ခြင်း၊

(၃) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာ ဈေးကွက်အတွင်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ဝတ်များကို ဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများကို ဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှု အခြေအနေအလိုက် ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ဖွယ်ရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းပမာဏတို့ကို သတ်မှတ်ပေးခြင်းဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ယှဉ်ပြိုင်မှုထိခိုက်ခြင်း မရှိစေရန် ထိန်းညှိပေးရန် တာဝန်ရှိသည်။

၎င်းအပြင်ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်နိုင်ခြေရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းပိုင် ဆိုင်မှုပမာဏတို့ကိုလည်း သတ်မှတ်ပေးရန် လိုအပ်သည်။

ပမာဏသတ်မှတ်ချက်ထက် ကျော်လွန်သော စီးပွားရေး လုပ်ငန်း သို့မဟုတ် ကျော်လွန်နိုင်ခြေရှိသည့် စီးပွားရေး လုပ်ငန်းများကို လုပ်ငန်းပမာဏလျှော့ချရန်လည်းကောင်း၊ ဈေးကွက်လက်ဝါးကြီး အုပ်ချုပ်ကိုင်နိုင်ခြေရှိသည့်စီးပွာရေး လုပ်ငန်းများကို ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ထိန်းညှိနိုင်ရန် လိုအပ်သောကန့်သတ်မိန့်များ၊ တားမြစ်မိန့်များကို ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အခြေအနေ မပေါ်ပေါက်စေရန် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က ထိန်းကျောင်းပေးမည် ဖြစ်သည်။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အပြုအမူများသည် လုပ်ငန်းနယ်ပယ်အလိုက်များစွာရှိသော်လည်းသိသာထင်ရှားသောချိုးဖောက်မှုများကိုဖော်ပြအပ်ပါသည်-

### ယှဉ်ပြိုင်မှုကိုကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်းဆိုင်ရာ အပြုအမူများ

(၁) ဝယ်ယူသည့် ဈေးနှုန်းကိုဖြစ်စေ၊ ရောင်းချသည့် ဈေးနှုန်းကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ညှိနှိုင်းသတ်မှတ်ခြင်း၊

(၂) ဈေးကွက်အတွင်း အခြားယှဉ်ပြိုင်သူများ၏ အခွင့်အလမ်းများကို ထိခိုက်စေရန် သို့မဟုတ် ဈေးကွက်မှထွက်သွားစေရန် ရည်ရွယ်၍ ဈေးကွက်ကိုဖြစ်စေ၊ ထောက်ပံ့မှု အရင်းအမြစ်များကိုဖြစ်စေ၊ နည်းပညာကိုဖြစ်စေ ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၃) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် အုပ်စုတစ်စုတစ်ဖွဲ့က တင်ဒါအဆိုပြုဈေးနှုန်း သို့မဟုတ် လေလံကြမ်းခင်းဈေးကို ညှိနှိုင်း၍ အုပ်စုဝင်တစ်ဦးဦးက အခွင့်အရေးရစေရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးဦး၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ဈေးကွက်ကို လက်ဝါးကြီးအုပ်ရန်အလို့ငှာ စီးပွားရေးလုပ်ငန်းချင်းပေါင်းစပ်ခြင်း၊ လုပ်ငန်း ရယူခြင်း၊ ဖယ်ရှားခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ညှိနှိုင်းသဘောတူခြင်း။

### ဈေးကွက်လွှမ်းမိုးမှုကိုအလွဲသုံးစားပြုခြင်းဆိုင်ရာအပြုအမူများ

(၁) ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုကို ချုပ်ကိုင်ခြင်း၊

(၂) ကုန်ပစ္စည်းဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုပြုသူကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ထားရှိခြင်း၊

(၃) ယှဉ်ပြိုင်ဖက်စီးပွားရေးလုပ်ငန်း၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို စားသုံးသူများက ရွေးချယ်မှု မပြုနိုင်ရန် ရည်ရွယ်၍ တားဆီးသည့် အစီအမံများ ချမှတ်ခြင်း၊

(၄) သက်ဆိုင်ရာ ဈေးကွက်သို့ ဝင်ရောက်ရန် အလားအလာရှိသည့် အခြားစီးပွားရေး လုပ်ကိုင်သူများကို တားဆီးခြင်း၊

(၅) ဖြန့်ဖြူးသူတို့အပေါ် တရားမျှတမှု မရှိသော စည်းကမ်းများ သတ်မှတ်ခြင်းနှင့် ရောင်းဝယ်မှု ဈေးနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သတ်မှတ်ပေးခြင်း၊

(၆) လုပ်ငန်းတစ်ရပ် သို့မဟုတ် လုပ်ငန်းအများအပြားထံ ကုန်ပစ္စည်းဖြန့်ဖြူးပေးရန် ငြင်းဆန်ခြင်း၊

(၇) တူညီသော အရောင်းအဝယ်ပြုမှုများတွင် ကွဲပြားခြားနားသော စည်းကမ်းချက်များ ကျင့်သုံးခြင်းဖြင့် ဈေးကွက်သို့ အသစ်ဝင်ရောက်လာသူများကို ဖြစ်စေ၊ လက်ရှိယှဉ်ပြိုင်လုပ်ကိုင်နေသူများကိုဖြစ်စေ လုပ်ငန်းတိုးချဲ့မှု ပြုလုပ်ရန် အခွင့်အရေးများကို ဆုတ်ယုတ်စေခြင်း၊ ဈေးကွက်မှ ထွက်သွားစေသည်

အထိ ထိခိုက်နစ်နာစေခြင်း၊

(၈) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန်အလို့ငှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသောဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက် တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း။

### ဈေးကွက်လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းအပြုအမူများ

(၁) သက်ဆိုင်ရာဈေးကွက်အတွင်း အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများဝင်ရောက်ဆောင်ရွက်ခြင်းမရှိစေရန် ပထုတ်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(၂) စီးပွားရေးလုပ်ငန်းယှဉ်ပြိုင်ဖက်များ၏ စားသုံးသူဖောက်သည်များ သို့မဟုတ် ဝယ်ယူသုံးစွဲသူများကို ယင်းစီးပွားရေးယှဉ်ပြိုင်ဖက်နှင့် စီးပွားရေးအရ မပတ်သက်ရန် တား ဆီးခြင်း၊

(၃) ကုန်ပစ္စည်းရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာအခွင့်အလမ်းများကို ကန့်သတ်ခြင်း၊

(၄) စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်စေရန် စည်းကမ်းချက်များကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းသတ်မှတ်ခြင်း၊

(၅) ဈေးကွက်ပျက်ပြားစေရန် ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု၊ တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း၊

(၆) ဈေးကွက်ဝယ်လိုအား အောက်လျော့နည်းစေရန် အရေအတွက် လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(၇) ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရောင်းဝယ်ဖောက်ကားမှုပြုရာတွင် နယ်မြေဒေသ ထိန်းချုပ်ကန့်သတ်မှုပြုခြင်း။

### တရားမျှတမှုမရှိသောယှဉ်ပြိုင်မှုဆိုင်ရာအပြုအမူများ

(၁) စားသုံးသူများကို ထင်ယောင်ထင်မှားဖြစ်စေရန် အမှတ်အသားများကို လှည့်စားခြင်း၊

(၂) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(၃) စီးပွားရေးလုပ်ငန်းတွင်အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊

(၄) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(၅) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(၆) တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်း သို့မဟုတ် အရောင်းမြှင့်တင်ခြင်း၊

(၇) အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသူအား စာချုပ် ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်မှုများတွင် ကျူးလွန်သောပြစ်မှုအမျိုးအစားပေါ်မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်သော်လည်းကောင်း၊ တရားစီရင်ရေး နည်းလမ်းဖြင့်သော်လည်းကောင်း၊ မည်သည့်နည်းလမ်းဖြင့် အရေးယူသင့်ကြောင်းကို မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်က အဆုံးအဖြတ်ပြု၍ ဆက်လက်အရေးယူဆောင်ရွက်ပါသည်။

ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊ ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းနှင့် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းအပြုအမူများသည် ယှဉ်ပြိုင်မှုနယ်ပယ်တွင် ဆိုးရွားသောယှဉ်ပြိုင်မှုဆန့်ကျင်ချိုးဖောက်မှုများဖြစ်ပါသည်။

သို့ဖြစ်ရာ ယှဉ်ပြိုင်မှုဥပဒေပါ ပြစ်မှုများကိုသတိမူ၍ ချိုးဖောက်ခြင်း မပြုမိကြစေရန်ရည်သန်၍ ဗဟုသုတ အလို့ငှာ ဤဆောင်းပါးဖြင့် မျှဝေအသိပေးတင်ပြလိုက်ရပါသည်။

(အေးအေးသိန်း)

## မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု

မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုသည် နိုင်ငံစီးပွားရေးနှင့် နိုင်ငံသားတို့အတွက် အကျိုးများစွာ ဖြစ်ထွန်းစေပါသည်။ "အပြိုင်အဆိုင်ရှိမှ တိုးတက်သည်" ဟူသော စကားအတိုင်း ယှဉ်ပြိုင်မှုသည် နိုင်ငံ့စီးပွားရေးသာမက ဈေးကွက်အတွင်း ရှိလုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုအသုံးပြုသူ ဝယ်ယူသူများအတွက်လည်း လွန်စွာအကျိုးရှိပေသည်။ ယှဉ်ပြိုင်မှုကြောင့် ဈေးကွက်အတွင်း တီထွင်ကြံဆမှု အားကောင်းလာစေနိုင်ပါသည်။ ဝယ်ယူသူများအနေဖြင့်လည်း ကုန်ပစ္စည်းများကို ကောင်းမွန်သောဝန်ဆောင်မှု မျှတသောဈေးနှုန်းဖြင့် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ တီထွင်ကြံဆမှု အားကောင်းလာပါက ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိ

တင်ပို့ရောင်းချနိုင်သော အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သဖြင့် နိုင်ငံ့စီးပွားရေးအတွက်များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။

သို့သော်လည်း ဈေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင် ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ လုပ်ငန်းစုတစ်ခုတည်းကသာ လွှမ်းမိုးလာသည့်အခါတွင် ဝန်ဆောင်မှု/ကုန်ပစ္စည်းဝယ်ယူ အသုံးပြုသူများအတွက် ရွေးချယ်ခွင့်မှာ အကန့်အသတ်ရှိလာပြီး ကုန်ဈေးနှုန်းအဆမတန်ကြီးမြင့်လာခြင်း၊ ဝန်ဆောင်မှု အရည်အသွေးကျဆင်းခြင်းစသည့် အနှုတ်သဘောဆောင်သည့် သက်ရောက်မှုများဖြစ်လာစေနိုင်ပါသည်။ လုပ်ငန်းစုတစ်ခု သို့မဟုတ် အနည်းစုကသာလျှင် ဈေးကွက်ဝေစုအများစုကို ရယူထားပါက လက်ဝါးကြီးအုပ်စနစ် ဖြစ်လာစေနိုင်ပါသည်။ ဈေးကွက်အတွင်း လုပ်ငန်းများ တစ်ခုနှင့်တစ်ခု ပြိုင်ဆိုင်ရာတွင် ဈေးကစားခြင်း အသရေဖျက်ခြင်းစသည့် ဥပဒေနှင့် မလွတ်ကင်းသော နည်းလမ်းများအသုံးပြု၍ ဈေးကွက်ကို ခြယ်လှယ်သည့် လုပ်ဆောင်မှုများရှိလာပါက မျှတသော ယှဉ်ပြိုင်မှုကို အတားအဆီး ဖြစ်စေနိုင်ပါသည်။

ဥပမာအားဖြင့်ဆိုရသော် အစားအသောက်များကို မိမိအိမ်မှ မှာယူစားသောက်လိုသည် ဆိုပါစို့ အစားအသောက်ပို့သည့် ဝန်ဆောင်မှု ဈေးကွက်အတွင်း ကုမ္ပဏီ (က)၊ ကုမ္ပဏီ (ခ)၊ ကုမ္ပဏီ (ဂ)၊ ကုမ္ပဏီ (ဃ)၊ ကုမ္ပဏီ (င) ဟူ၍ ကုမ္ပဏီလုပ်ငန်း ငါးခုရှိပါက ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ရွေးချယ်ရာ ငါးခုရှိပြီး နှစ်သက်ရာကို အသုံးပြုနိုင်ပါသည်။ သို့ရာတွင် ကုမ္ပဏီ (က)မှ အခြားကုမ္ပဏီ (ခ) နှင့်(ဂ)ကို ဝယ်ယူပြီး လုပ်ငန်းစုတစ်ခုတည်းသာ ဖြစ်သွားပါက ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် နှစ်သက်ရာဝန်ဆောင်မှုရွေးချယ်ခွင့် မရှိနိုင်တော့ပေ။ ထိုသို့ဖြစ်ပါက လုပ်ငန်းစုအနေဖြင့် မတန်တဆ ဈေးတင်ခြင်း၊ ဝန်ဆောင်မှုအရည်အသွေး လျှော့ချခြင်းစသည်တို့ကို ပြုလုပ်လာနိုင်ပါသည်။

ထို့ကြောင့် ဈေးကွက်လက်ဝါးကြီးအုပ်မှုများကိုကာကွယ်ရန်နှင့်မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုကိုပိုမို အားကောင်းစေရန်အတွက် ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းထားပါသည်။ ဥပဒေပါ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ဈေးကွက်ထိန်းညှိရာတွင် ပိုမိုအားကောင်းစေရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားရှိပါသည်။

ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေသည့် ဆောင်ရွက်ချက်များဖြစ်သည့် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊ ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊ တစ်ဦးတစ်ယောက်ကဖြစ်စေ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာဈေးကွက်အတွင်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကိုဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများ ဆောင်ရွက်ခြင်းစသည်တို့ကို ကျူးလွန်ပါက ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယင်းသို့အရေးယူဆောင်ရွက်ရာတွင် ဖောက်ဖျက်ကျူးလွန်သည့် ပြစ်မှုအမျိုးအစားအလိုက် စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ယှဉ်ပြိုင်မှုဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူဆောင်ရွက်ရာတွင် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်းပိတ်သိမ်းရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ရာတွင် အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ၃ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ့ငါးဆယ် အထိဖြစ်စေ၊ ထောင်ဒဏ်ရော ငွေဒဏ်ပါဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ခံရမည်ဖြစ်ပါသည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ လုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် မျှတသော ယှဉ်ပြိုင်မှု၏ အသီးအပွင့်များကို ပြည့်ဝစွာ ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

ဦးသုတအောင် (စီးပွားရေးပညာရှင်)

## ယှဉ်ပြိုင်မှုဥပဒေ Competition Law အကြောင်း သိကောင်းစရာများ

### ယှဉ်ပြိုင်မှုကြောင့် တိုးတက်သည်

လူသားသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် ကမ္ဘာမြေပေါ်မှီတင်းနေထိုင်ကြသော သတ္တဝါအပေါင်းနှင့် အတူယှဉ်တွဲနေထိုင်လာရင်း ဉာဏ်ရည်သာလွန်မြင့်မားမှုကြောင့် အခြားမိမိထက် အင်အားတစ်မျိုးမဟုတ် တစ်မျိုးသာလွန်သော အခြားသတ္တဝါများအပေါ် ယှဉ်ပြိုင်အနိုင်ယူကာ လူသားလွှမ်းမိုးသော ကမ္ဘာကြီးဖြစ်အောင်လုပ်ဆောင်လာနိုင်ခဲ့ကြပေသည်။

ထိုလူသားအချင်းချင်းပင်လျှင် ယနေ့ထက်တိုင် လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း လူအင်အား၊ ဓနအင်အား၊ စစ်အင်အားချင်း ယှဉ်ပြိုင်ကြရင်းဖြင့် အစဥ်ရှင်သန်လှုပ်ရှားနေသော သမိုင်းဝင်ခေတ်ပေါင်းမြောက်များစွာကို တည်ဆောက်ပုံဖော်လာခဲ့ကြလေသည်။ ထို့ကြောင့် လူသားတို့သည် တစ်နည်းမဟုတ်တစ်နည်း အသက်ရှင်သန်နေထိုင်နိုင်ရေးအတွက် ရင်ဆိုင်ယှဉ်ပြိုင်ကြရင်းဖြင့် ကမ္ဘာကြီးကို တိုးတက်ပြောင်းလဲလာစေခဲ့ကြသည်ဟု ဆိုရပေမည်။

ထိုသို့ ယှဉ်ပြိုင်အနိုင်ယူကြခြင်းအားဖြင့် အကောင်းနှင့်အဆိုး ဒွိဟအကျိုးဆက်များ ဖြစ်ပေါ်စေခဲ့ကြသဖြင့် ခေတ်သစ်လူ့ဘောင်တွင် အဆိုးထက် အကောင်းဘက်အတွက် ပိုမိုသာလွန်နိုင်စေရန် ထိုထိုသော ယှဉ်ပြိုင်မှုအမျိုးမျိုးအတွက်သမာသမတ်ကျမည့် စည်းမျဥ်းစည်းကမ်းဘောင်များကို အတတ်နိုင်ဆုံး သတ်မှတ်လာခဲ့ရပေသည်။ သူသေကိုယ်သေ အနိုင်ယှဉ်ပြိုင်ရသော စစ်ပွဲကြီးများအတွက်ပင် လူသားချင်းစာနာထောက်ထားရေး၊ စစ်သုံ့ပန်းများကိုကာကွယ် စောင့်ရှောက်ရေး၊ လူသားမျိုးပြုန်းစေမည့် လက်နက်များကို ပိတ်ပင်ရေးစသည့် နိုင်ငံတကာသဘောတူစာချုပ်များကို ချုပ်ဆိုလိုက်နာခဲ့ကြသည်။

အလားတူ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး ကုန်သွယ်ရေးစသည့် ဓနငွေကြေး အကျိုးအမြတ်ရှာဖွေကြရာတွင်လည်း ကုမ္ပဏီအချင်းချင်း၊ နိုင်ငံအချင်းချင်း အပြိုင်အဆိုင်လုပ်ကိုင်ခြင်း၊ တီထွင်ခြင်းကြောင့် လူသားများအကျိုးအတွက် အဖက်ဖက်က လွယ်ကူမှု၊ စိတ်ကျေနပ်မှု၊ အဆင်ပြေမှု၊ ရွေးချယ်ဝယ်ယူနိုင်မှုစသည့် အားသာချက်တို့ပေါ်ပေါက်လာကာ ကမ္ဘာကြီးသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေသည်မှာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါတော့သည်။

### ယှဉ်ပြိုင်မှု ရှိရမည်မှန်သော်လည်း . . .

အလားတူစီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး ကုန်သွယ်ရေးစသည့် ဓနငွေကြေး အကျိုးအမြတ်ရှာဖွေမှုကို ကုမ္ပဏီအချင်းချင်း၊ နိုင်ငံအချင်းချင်း အပြိုင်အဆိုင် လုပ်ကိုင်နေကြသည့် အခြေအနေများတွင် မည်သို့သော စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ယှဉ်ပြိုင်မှုဆောင်ရွက်ပုံ နည်းလမ်းများသည် တရားမျှတသည်၊ သမာသမတ်ကျသည်၊ တရားမဲ့ဖြစ်သည်၊ မည်သည့်ပြုမူ လုပ်ဆောင်မှုမျိုးသည် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ကန့်သတ်ခြင်း၊ လက်ဝါးကြီးအုပ်ခြင်း၊ အစုအဖွဲ့ အနိုင်ကျင့်ခြင်းဖြစ်သည်၊ ထိုသို့ ဗိုလ်ကျစိုးမိုးသော အဖွဲ့အစည်းကုမ္ပဏီ Cartel များ၊ Trust များကို မည်သို့ပိတ်ပင် တားဆီးရမည်၊ အရေးယူရမည် တို့ကို Free Trade ၏ ဖခင်ကြီးဟု ဆိုရမည်ဖြစ်သော Adam Smith ကဲ့သို့ ကမ္ဘာ့ဘောဂဗေဒ ပညာရှင်များကအစ သုံးသပ် ဆွေးနွေးလာခဲ့ကြသည်။

သို့ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် တရားမျှတစွာ စီးပွားရေးယှဉ်ပြိုင်လုပ်ဆောင်ခြင်းနှင့် ပတ်သက်သော ဥပဒေများ ကိုယ်စီပြဋ္ဌာန်း သတ်မှတ်လာကြရပေသည်။ ထိုဥပဒေများကို ယခင်အခေါ်အဝေါ်အရ Anti-trust Law, Anti-monopoly Law ဟူ၍ သုံးနှုန်းခဲ့ရာမှ နောက်ပိုင်းတွင် Competition Law ဟု ပိုမိုခေါ်ဝေါ် သုံးစွဲလာကြပေသည်။

ထိုသို့ တရားသဖြင့် ယှဉ်ပြိုင်မှုကို တားဆီးခြင်း မပြုရခြင်းနှင့် မတရားယှဉ်ပြိုင်မှုများကို မပြုလုပ်ရခြင်းဟူသော စီးပွားရေးသဘောတရားသည် နိုင်ငံတကာမူဝါဒ ကုန်သွယ်ရေးမူဝါဒ အဖြစ်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အစိတ်အပိုင်းတစ်ရပ် အဖြစ်လည်းကောင်း၊ တစ်စထက်တစ်စ တိုးတက်ပြောင်းလဲလာပေသည်။

နိုင်ငံရေးအခြေခံစနစ် အမျိုးမျိုးကွဲပြားစေကာမူ နိုင်ငံတိုင်းသည်စီးပွားရေး၊ ရင်းနှီးမြှုပ်နှံရေး၊ဝန်ဆောင်မှုလုပ်ငန်းစသည်တို့တွင် ဈေးကွက်လက်ဝါးကြီးအုပ်မှုမပြုရ၊ ဈေးနှုန်းညှိနှိုင်းမြှင့်တင်ခြင်း၊ ဈေးကစားခြင်း၊ ကုန်စည်သိုလှောင်ခြင်း၊ ရှားပါးအောင် ဈေးတက်အောင်ကုန်များကို ဖျက်ဆီးခြင်း၊ မတရားအခွင့်အရေးရယူခြင်း၊ တန်းတူရည်တူဆက်ဆံမှုမရှိခြင်း၊ သူတစ်ပါး အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီး ပြုလုပ်ခြင်း၊ ကုန်စည်အတုရောင်းချခြင်းနှင့် ကုန်အမှတ်တံဆိပ်များကိုတုပသုံးစွဲခြင်း၊ မမှန်မကန် လိမ်လည်လှည့်ဖျားကြော်ငြာ၍ ရောင်းချခြင်း၊ သူတစ်ပါး၏ လုပ်ငန်း

လျှို့ဝှက်ချက်များကို ခိုးယူခြင်း၊ အင်အားနည်းပါးသော လုပ်ငန်းငယ်များကို ပျက်စီးလောက်အောင် ဟန့်တားပိတ်ပင်ခြင်း အစရှိသည့် ယှဉ်ပြိုင်မှုဥပဒေသအရ မတရားစီးပွားရေး လုပ်ဆောင်မှုများကို တားမြစ်ပိတ်ပင်လာကြသည်ကို တွေ့မြင်လာရပေသည်။

ထိုစီးပွားရေးရာကျင့်ဝတ်များ၊ မူဝါဒများသည်နိုင်ငံသား၊ နိုင်ငံခြားသား၊ နိုင်ငံသားရင်းနှီးမြှုပ်နှံသူ၊ ပြည်ပရင်းနှီးမြှုပ်နှံသူ၊ အစိုးရပိုင်လုပ်ငန်း၊ အစိုးရကျောထောက်နောက်ခံလုပ်ငန်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းဟူ၍ မခွဲခြား၊ မျက်နှာသာမပေးဘဲ လိုက်နာကြရမည်သာ ဖြစ်ပေသည်။

ယှဉ်ပြိုင်မှုဥပဒေရေးရာ စံနမူနာယူစရာ အမှုတစ်ခုအနေဖြင့် ကွန်မြူနစ်စနစ်ဖြင့် အုပ်ချုပ်သော ဗီယက်နမ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က အစိုးရပိုင်လေကြောင်းလိုင်း၏လုပ်ငန်းခွဲ တစ်ခုဖြစ်သော ဗီယက်နမ် လေယာဉ်ဆီကုမ္ပဏီ Vinapco သည် Jetstar Pacific (JPA) ပြည်ပလေကြောင်း လိုင်းအပေါ် လေယာဉ်ဆီ ရောင်းချမှုကို ရပ်ဆိုင်းလိုက်သဖြင့် JPA လေကြောင်းလိုင်းသည် ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်အထိ အခြေအနေထိခိုက် ဆိုးရွားသွားခဲ့ရသည်။ ယင်းအမှုကို JPA က တိုင်ကြားခြင်းအပေါ် ဗီယက်နမ်နိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Vietnam Competition Commission (VCA)က စုံစမ်းစစ်ဆေးပြီး Vinapco သည် လက်ဝါးကြီးအုပ်စိုးမှု အင်အားကို အလွဲသုံးစား လုပ်ခဲ့ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ကာ အစိုးရပိုင် Vinapco အပေါ် ဗီယက်နမ် ဒေါင်ငွေ ၃.၄ ဘီလီယံ ဒဏ်ငွေ ချမှတ်ခဲ့လေသည်။

### နိုင်ငံအသီးသီး၏ ယှဉ်ပြိုင်မှု အာဏာပိုင်များ

ကမ္ဘာ့နိုင်ငံအချို့၏ ယှဉ်ပြိုင်မှုအာဏာပိုင်အဖွဲ့အစည်း Competition Agencies များကို အောက်ပါအတိုင်း တည်ထောင်ဖွဲ့စည်းထားကြသည်ကို လေ့လာတွေ့ရှိရပေသည်-

- Australia: ACCC
- Belgium: BCA
- Brazil: CADE
- Britain: CMA
- China: SAMR
- EU: COMP
- France: FCA
- Germany: BKartA
- Hong Kong: CC
- India: CCI
- Japan: JFTC
- Korea: KFTC
- Mexico: COFECE
- New Zealand: NZCC
- Portugal: AdC
- Russia: FAS
- Spain: CNMC
- Switzerland: ComCo
- Taiwan: TFTC
- USA: TBC

### ကမ္ဘာ့ကုလသမဂ္ဂနှင့်အာဆီယံ

ကမ္ဘာ့ကုလသမဂ္ဂ၏ အေဂျင်စီများစွာအနက် ယှဉ်ပြိုင်မှုဥပဒေသကို အစဉ်အလေးထား အာရုံစိုက်ပေးနေသော အဖွဲ့အစည်းများမှာ UNCTAD, OECD, WTO, WIPO စသည်တို့ဖြစ်ကြပေသည်။အာရှတိုက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ADB, ASEAN Secretariat တို့က ကမကထပြုလျက် ယှဉ်ပြိုင်မှုရေးရာဆွေးနွေးပွဲများ၊ ပညာပေးအစီအစဉ်များ၊ သင်တန်းပို့ချခြင်းများ၊ အတွေ့အကြုံဖလှယ်ခြင်းများ၊ နိုင်ငံအများနှင့်ပတ်သက်နေသောယှဉ်ပြိုင်မှုအမှုအခင်းများတွင် ပူးပေါင်းစုံစမ်းစစ်ဆေးရေး လုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိကြပေသည်။ သို့ရာတွင် ယှဉ်ပြိုင်မှုအတွက် သီးသန့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဟူ၍ မရှိသေးသည်ကို တွေ့ရပေသည်။

ထို့ကြောင့် ASEAN အဖွဲ့အနေဖြင့် အာဆီယံ ယှဉ်ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ (ASEAN Experts Group on Competition-AEGC) ကို ဖွဲ့စည်းလျက် ASEAN Framework Agreement on Competition ဟူ၍ မူကြမ်းတစ်ရပ်ကိုရေးဆွဲလျက်ရှိနေပေသည်။ ASEAN ၏ အာဆီယံယံအသိုက်အဝန်း AEC တွင်လည်း ယှဉ်ပြိုင်မှုအတွက် သီးသန့်ကဏ္ဍတစ်ရပ် ထည့်သွင်းထားပေသည်။

ယခုအခါ ASEAN နိုင်ငံ ၁၀ နိုင်ငံစလုံးတွင် ယှဉ်ပြိုင်မှုဥပဒေအသီးသီး ပြဋ္ဌာန်းထားရှိကြပြီး ဖြစ်သလို ယှဉ်ပြိုင်မှုကော်မရှင်အသီးသီးကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပေသည်။ ယင်းတို့ အသီးသီး၏ ဖွဲ့စည်းပေါ်ပေါက်ခဲ့သော ခုနှစ်နှင့် အာဏာပိုင်အမည်တို့ကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည် -

၁။ ထိုင်း (၁၉၉၇) **TCC**

၂။ အင်ဒိုနီးရှား (၁၉၉၉) **ICC(KPPU)**

၃။ စင်ကာပူ (၂၀၀၄) **CCS**
၄။ ဗီယက်နမ် (၂၀၀၄) **VCC/VCA**
၅။ မလေးရှား (၂၀၁၀) **MyCC**
၆။ ဘရူနိုင်း (၂၀၁၅) **CCBD**
၇။ မြန်မာ (၂၀၁၅) **MMCC**
၈။ ဖိလစ်ပိုင် (၂၀၁၅) **PCC**
၉။ လာအို (၂၀၁၆) **LCC**
၁၀။ ကမ္ဘောဒီးယား(၂၀၂၁) **CCF**

ASEAN အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ယှဉ်ပြိုင်မှုကော်မရှင်တို့သည် ASEAN Secretariat ရုံး၏ ဦးဆောင်မှုဖြင့် နိုင်ငံအချင်းချင်းလည်းကောင်း၊ စုပေါင်း၍လည်းကောင်း ယှဉ်ပြိုင်မှုရေးရာ ကိစ္စရပ်များတွင် အနီးကပ်ပူးပေါင်းဆက်သွယ်လျက်ရှိကြပြီး ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူညီချက်များကို ရေးဆွဲကြခြင်း၊ နိုင်ငံအချင်းချင်းအပြန်အလှန် ကိုယ်စားလှယ်များစေလွှတ်ခြင်း သင်တန်းများပို့ချပေးခြင်း အပြန်အလှန်အကူအညီပေးခြင်း၊ သတင်းဖလှယ်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း စသည်တို့ကို ရင်းနှီးကျွမ်းဝင်စွာပူးပေါင်းလုပ်ဆောင်လျက်ရှိကြပေသည်။

ဥပမာတစ်ရပ်အနေဖြင့် ၂၀၁၈ ခုနှစ်ဝန်းကျင်က US အခြေစိုက် Uber နှင့် Grab တက္ကစီ ကုမ္ပဏီနှစ်ခုသည် အာဆီယံနိုင်ငံများဖြစ်သော စင်ကာပူ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှား ၄ နိုင်ငံ၏ တက္ကစီခရီးသည် ပို့ဆောင်ရေးဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်ကြရန် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုကာ ကုမ္ပဏီချင်းပူးပေါင်းလိုက်ရာတွင် ခရီးသည်ပြေးဆွဲရေးဈေးကွက်ကို လက်ဝါးကြီးအုပ်ကာ သတ်မှတ်အမြင့်ဆုံးရာခိုင်နှုန်းကို ကျော်လွန်နေခြင်း၊ အခြားတက္ကစီလုပ်ငန်းများကို ပျက်သုဉ်းသွားစေနိုင်မည့် စည်းကမ်းများ နည်းပညာများ သတ်မှတ်ခြင်း၊ ဈေးနှုန်းချုပ်ကိုင်ခြင်းစသည့် မမျှတသည့် ပြုမူမှုများကျူးလွန်ကြောင်း ယင်းနိုင်ငံမှ ယှဉ်ပြိုင်မှုအာဏာပိုင်များက ပူးပေါင်းစစ်ဆေးဆုံးဖြတ်ကာ စင်ကာပူနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံက Uber နှင့် Grab ကုမ္ပဏီတို့အပေါ် မြင့်မားလှစွာသော ဒဏ်ငွေများ ချမှတ်အရေးယူခဲ့လေသည်။

### ယှဉ်ပြိုင်မှုဥပဒေသည် သီးသန့်ဘာသာရပ်တစ်ခု

ယှဉ်ပြိုင်မှုဥပဒေ Competition Law နှင့်ပတ်သက်၍ နိုင်ငံတကာတွင် ဥပဒေပညာရပ် နယ်ပယ်နှင့်စီးပွားရေးရာ ပညာရပ်နယ်ပယ်တို့တွင် သီးသန့်ကျွမ်းကျင်မှုဘာသာတစ်ရပ်အဖြစ် ဖြစ်ထွန်းလာနေကာ ယခုအခါ Competition Law experts ပညာရှင်များ ပေါ်ထွန်းလာနေကြပြီဖြစ်သည်။ ယင်းဥပဒေသည် ပဋိညာဉ်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အလုပ်ရှင်အလုပ်သမား ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ ကုန်ထုတ်လုပ်မှုဥပဒေ၊ အသေးစားအလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အကောက်ခွန်ဥပဒေ အစရှိသဖြင့် များလှစွာသော သီးသန့်ဥပဒေတို့နှင့်လည်း ချိတ်ဆက်နေကာ နက်နဲခက်ခဲလှပေသည်။ ထို့ကြောင့် ယခုအခါ နိုင်ငံတကာမှ အဆင့်မြင့်တက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းများ၌ ထည့်သွင်းလျက် ဘွဲ့လွန်အဆင့်၊ ပါရဂူအဆင့်ဘွဲ့များပင် ချီးမြှင့်ပေးနေကြပြီ ဖြစ်ပါသည်။

Competition နှင့် ပတ်သက်သမျှ company establishment, cartel, merger and acquisition, joint venture, monopoly, dominance threshold, vertical contracts, horizontal contracts စသော လုပ်ငန်းဆိုင်ရာအရေးကိစ္စများအတွက် ဘာသာရပ်ဆိုင်ရာ သီးသန့်အခေါ်အဝေါ် အသုံးအနှုန်းများလည်း လေ့လာ၍ မဆုံးအောင် များပြားလှပေသည်။

ထိုယှဉ်ပြိုင်မှုဥပဒေပညာရှင်များသည် Law Firm, Accountant Firm များတွင် ဦးဆောင် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြသကဲ့သို့ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ယှဉ်ပြိုင်မှု အာဏာပိုင်အဖွဲ့အစည်းများတွင်လည်း အချိန်ပြည့်ပြည့် သို့မဟုတ် အချိန်ပိုင်း ခန့်အပ်တာဝန်ပေးခြင်း ခံကြရပေသည်။

## အမေရိကန်နိုင်ငံ၏ ကော်ဖီဈေးကွက်အလားအလာ

အမေရိကန်နိုင်ငံ၏ ကော်ဖီဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇.၀၆ ဘီလီယံရှိပြီး ၂၀၂၈ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၃၂.၄၄ ဘီလီယံ သို့ရောက်ရှိမည်ဟု ဈေးကွက်လေ့လာရေး သုတေသနအဖွဲ့ဖြစ်သည့် Mordor Intelligence ကခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသည့် အမေရိကန် အလုပ်သမားဝန်ကြီးဌာန၏ စစ်တမ်းဖော်ပြချက်အရ အမေရိကန် နိုင်ငံသားများ၏ တစ်နေ့တာကော်ဖီ သောက်သုံးမှုသည် ဖျော်ရည်သောက်သုံးမှု ထက်ပို၍ များပြားကြောင်း၊ အမေရိကန်နိုင်ငံ၏ အမျိုးသားကော်ဖီအသင်းက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ထုတ်ဝေသည့် အစီရင်ခံစာ၌ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသားများ၏ ကော်ဖီသောက်သုံးမှုအတွက် အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံအထိ ရှိကြောင်းနှင့် ကော်ဖီလုပ်ငန်းများသည် အမေရိကန်နိုင်ငံ၏ အလုပ်အကိုင်ပေါင်း ၂.၂ သန်းနှင့် လုပ်ခလစာပေါင်း အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်အထိ ပံ့ပိုးပေးထားသည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ အမေရိကန်နိုင်ငံသား အရွယ်ရောက်ပြီးသူ ၇၂ % ခန့် ကော်ဖီသောက်သုံးကြပြီး သောက်သုံးသည့် ကော်ဖီသည် အဆင့်အတန်းမြင့်သည့် ကော်ဖီဆိုင်များမှ အရည်အသွေးကောင်းမွန်သည့် ကော်ဖီသောက်သုံးမှု များပြားလာခဲ့သော်လည်း အသင့်ဖျော်သောက်နိုင်သည့် ကော်ဖီထုပ်များလည်း နိုင်ငံတစ်ဝှမ်းရှိ ဈေးကွက်များတွင် တွေ့ရှိနေရဆဲဖြစ်ပါသည်။

အမေရိကန်ကော်ဖီဈေးကွက်ရှိ အဓိကလုပ်ငန်းကြီးများမှာ Eight O' Clock Coffee ၊ J.M. Smucker ၊ Douwe Egbers ၊ Keurig Green Mountain နှင့် Starbuck Corporation တို့ဖြစ်ကြပြီး ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် လူကြိုက်များပြီးသောက်သုံးမှုများသည့် ကော်ဖီအမှတ် တံဆိပ်များမှာ Starbucks ၊ Folgers ၊ Dunkin' ၊ Green Mountain ၊ McCafe ၊ Peet's Coffee ၊ Eight O'Clock ၊ Café Bustelo နှင့် Tim Hortons တို့ဖြစ်ကြကြောင်း လေ့လာတွေ့ ရှိရပါသည်။

အမေရိကန်နိုင်ငံသို့ ကော်ဖီအများဆုံးတင်ပို့သည့် နိုင်ငံများမှာ ဘရာဇီးလ်၊ ကိုလံဘီယာ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံက ၃၀ % ၊ ကိုလံဘီယာနိုင်ငံက ၁၉ % ၊ ဗီယက်နမ်နိုင်ငံက ၉% နှင့် အင်ဒိုနီးရှားနိုင်ငံက ၃ % အသီးသီး တင်ပို့ခဲ့သည်။ အမေရိကန်၏ ကော်ဖီဈေးနှုန်း အခြေအနေသည် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ ၄ နိုင်ငံဖြစ်သော ဘရာဇီးလ်၊ ကိုလံဘီယာ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ကော်ဖီထုတ်လုပ်မှု၊ Supply Chain လွယ်ကူမှုတို့အပေါ် မူတည်လျက်ရှိပြီး ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခအခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် Supply Chain နှင့် ကော်ဖီထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း တွေ့ရှိရသည်။

အမေရိကန်နိုင်ငံသို့တင်သွင်းမည့် စိုက်ပျိုးရေးကုန်စည်အားလုံးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (Food and Drug Administration - FDA) နှင့်/သို့မဟုတ် အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန (United States Department of Agriculture – USDA) ၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပြီးတင်သွင်းစဉ်တွင်လည်း အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးဌာန (United States Customs and Border Protection – CBP) က စစ်ဆေးသည့် လိုအပ်ချက်များနှင့်လည်း ကိုက်ညီရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသို့ ကော်ဖီတင်သွင်းမည်ဆိုပါက ကုန်စည်များတင်သွင်းရာတွင် လိုအပ်ချက်တစ်ရပ်ဖြစ်သော မူရင်းနိုင်ငံ (Country of Origin) ဖော်ပြချက်နှင့်ပတ်သက်၍ ကုန်စည်၏ မြင်သာသောနေရာတွင် သိသာထင်ရှားစွာ ဖျက်မရသော မှင်များဖြင့်လည်းကောင်း၊ ကုန်ပစ္စည်း၏ သဘောသဘာဝ (ကုန်ပစ္စည်း အမည်၊ သက်တမ်းကုန်ဆုံးရက်၊ ထားသိုရန်နည်းလမ်း၊ ထုတ်လုပ်သူ၊ အလေးချိန်၊ အာဟာရ ပါဝင်မှုအချက်အလက်စသည်) ကိုလည်းကောင်း၊ အမေရိကန်နိုင်ငံမှ ဝယ်ယူသူနှင့် အဆိုပါပစ္စည်း၏ မူရင်းနိုင်ငံအမည်ကိုလည်းကောင်း ဖော်ပြရမည်ဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံ၏ စားသုံးသူများသည် ၎င်းတို့ဝယ်ယူသည့် ပစ္စည်း၏ အရည်အသွေးကို သာမက အဆိုပါ ကုန်ပစ္စည်း၏ နောက်ကွယ်ရှိ စိုက်ပျိုးထုတ်လုပ်မှု အဆင့်ဆင့်နှင့် ကုန်ထုတ်လုပ်မှု အဆင့်ဆင့်တွင် ပါဝင်သည့် အလုပ်သမားများ၏ ဘဝအခြေအနေများကိုပါ စိတ်ဝင်စားလာကြသဖြင့် ကော်ဖီတင်သွင်းသူများ အနေဖြင့် မိမိ၏ကုန်ပစ္စည်းအတွက် တတိယအဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်

(Certification) တစ်ရပ်ရပ် ရရှိ ထားပါက အမေရိကန်နိုင်ငံသို့ တင်ပို့ရာတွင် အားသာ ချက်များ ရှိနိုင်ကြောင်း တွေ့ရှိ ရပါသည်။

အမေရိကန်နိုင်ငံသည် ကော်ဖီသောက်သုံးမှု များလာခြင်း၊ လက်ရှိတင်သွင်းနေသည့် နိုင်ငံများ၏ ကော်ဖီထုတ်လုပ်မှု ကျဆင်းနိုင်ခြေရှိခြင်း၊ ကော်ဖီသောက်သုံးမှုသည် အမေရိကန်နိုင်ငံ၏ ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ရှိလာခြင်းတို့ကြောင့် မြန်မာ့ကော်ဖီစေ့များကို အမေရိကန်နိုင်ငံသို့ တိုးမြှင့်တင်ပို့သင့်ပါကြောင်းနှင့် ကော်ဖီတင်ပို့ရာတွင်လည်း အမေရိကန်နိုင်ငံဈေးကွက်က ကြိုက်နှစ်သက်ကြသည့် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းနှင့် မြန်မာ့ကော်ဖီအရည်အသွေးကို မြှင့်တင်ခြင်းဖြင့် ဈေးကွက်ဝယ်လိုအားကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

{ဒေါ်ခင်ဆွေဦး၊ စီးပွားရေးသံမှူး(ဝါရှင်တန်မြို့)}

## ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မြန်မာ့ကော်ဖီဈေးကွက်ဝင်ရောက်နိုင်မှု အလားအလာ

## ရုရှားနိုင်ငံ၏ ကော်ဖီတင်သွင်းမှုအခြေအနေ

၂၀၂၃ ခုနှစ် စာရင်းအရရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီတန်ချိန် ၂၄၃,၅၂၉ တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၈၆ ဒသမ ၈၃ သန်း အထိရှိခဲ့ပါသည်။ ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းမှုတွင် ဦးဆောင်သူမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၄၀% ကျော်ရှိသည်။ ဗီယက်နမ်၏ အဓိကပြိုင်ဘက်မှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၂၀ % အထိရှိသည်။ ဈေးကွက်ဝေစုအဆင့် ၄ ရရှိထားသည့် အင်ဒိုနီးရှားနိုင်ငံသည်လည်း ရုရှားနိုင်ငံသို့ ကော်ဖီအဓိကတင်ပို့သည့် နိုင်ငံများစာရင်းတွင် ပါဝင်သည်။ ကော်ဖီတင်ပို့ခဲ့သည့် အဓိကနိုင်ငံများမှာ ဗီယက်နမ်၊ ဘရာဇီး၊ အီတလီ၊ အင်ဒိုနီးရှား၊ ယူဂန်ဒါ၊ ကိုလံဘီယာ၊ အီသီယိုးပီးယား၊ ဂျာမနီ၊ ဟွန်ဒူးရပ်စ်၊ နယ်သာလန် စသည့်နိုင်ငံများ ဖြစ်ပါသည်။

### ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းနိုင်ရန် ယူရေးရှားအကောက်ခွန်သမဂ္ဂ(Eurasian Customs Union) ၏ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများဖြစ်သည့် TR CU 021/2011 "On safety food products" စားသောက်ကုန်များဘေးကင်းလုံခြုံမှု၊ TR CU 022/2011 "Food Products in terms of their labeling" စားနပ်ရိက္ခာ ထုတ်ကုန်များနှင့် ၎င်းတို့အား တံဆိပ်ကပ်ခြင်း၊ TR CU 005/2011 "On the safety of packaging" ထုပ်ပိုးမှု ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရပါသည်။

ရုရှားနိုင်ငံသို့ တင်သွင်းလာသော စိုက်ပျိုးရေးထွက်ကုန်၊ စားသောက်ကုန်နှင့် ကုန်ကြမ်းများကို ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန လက်အောက်ရှိ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုဌာန(The Federal Service for Veterinary and Phytosanitary Supervision - Rosselkhoznadzor)နှင့် ရုရှားဗဟို အစိုးရထံ တိုက်ရိုက်အစီရင်ခံသော စားသုံးသူအခွင့်အရေး ကာကွယ်ရေးနှင့် လူချမ်းသာမှုဆိုင်ရာ စောင့်ကြည့်လေ့လာရေးဌာန (The Federal Service for Surveillance on Consumer Rights Protection and Human Wellbeing – Rospotrebnadzor) ၂ ခုတို့မှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

တင်သွင်းလာသော စားသောက်ကုန်များအား သွင်းကုန်/ပို့ကုန်/သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များ ဆောင်ရွက်ရန် တင်သွင်းသူများသည် Rosselkhoznadzor ဌာန၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပြီး တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ(Sanitary and phytosanitary - SPS) လိုအပ်ချက်အတွက် အဆိုပါဌာန၏ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ရမည်ဖြစ်ကြောင်း သိရှိရသည်။

တင်သွင်းလာသော ကုန်ပစ္စည်းအားလုံးအတွက် EAC အမှတ်အသား (Eurasian Conformity) တံဆိပ်ကပ်ရန် လိုအပ်ပြီး ရုရှားဈေးကွက်သို့ အရည်အသွေးနိမ့် ထုတ်ကုန်များ ဝင်ရောက်ခြင်းကို နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများဖြင့် တားမြစ်ထားကာ စားသုံးသူ ဘေးကင်းလုံခြုံစေရန် မှတ်ပုံတင်မထားသော ပိုးသတ်ဆေးများနှင့် ဓာတုဗေဒဆေးများ ပမာဏကျော်လွန်စွာ အသုံးပြုခြင်းကို Rospotrebnadzor ဌာနက တားမြစ်ထားပါသည်။ ထို့ပြင် တင်သွင်းထားသော ကော်ဖီထုတ်ကုန်များအား ရုရှားနိုင်ငံအတွင်း တရားဝင်ဖြန့်ဖြူး ရောင်းချရန် နည်းပညာ ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် တိုင်းတာမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ (Federal Technical Regu-

lation and Metrology Agency - Rosstandart) ဌာန၏ ရုရှားနိုင်ငံအမျိုးသားအဆင့် အသိအမှတ်ပြုစံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ အကဲဖြတ်ခြင်းကို ကျော်လွှားနိုင်ရန် လိုအပ်ပါသည်။

### အခြားသိရှိရန် အချက်အလက်များ

ကော်ဖီသယ်ယူပို့ဆောင်ခြင်းနှင့် ယာယီသိုလှောင်ရုံများတွင် သိမ်းဆည်းခြင်းအတွက် လိုအပ်သောအပူချိန်နှင့် စိုထိုင်းဆထိန်းချုပ်မှုကို ထိန်းသိမ်းရန် လိုအပ်ပါသည်။ ကော်ဖီသည် အစိုဓာတ်နှင့် အနံ့ဆိုးများကို စုပ်ယူနိုင်စွမ်း မြင့်မားသည်။ သယ်ယူပို့ဆောင်ရေးအတွက် ကော်ဖီ၏ အရည်အသွေးယိုယွင်းပျက်စီးမှုကို ရှောင်ရှားနိုင်ရန်လေထု စိုထိုင်းဆ ၇ %ထက်မပိုသည့် သန့်ရှင်းခြောက်သွေ့သော အလုံပိတ်ကွန်တိန်နာများဖြင့် သီးခြားခွဲ၍ ပို့ဆောင်ရန် အကြံပြုထားပါသည်။ ထုပ်ပိုးမှု၊ တံဆိပ်ကပ်ခြင်းနှင့် စာရွက်စာတမ်းများအားလုံးကို ရုရှားဘာသာဖြင့် ဘာသာပြန်ဆိုထားသောမိတ္တူများလိုအပ်နိုင်ပါသည်။ သက်ဆိုင်ရာ လက်မှတ်များရယူခြင်း၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းနှင့် လိုင်စင်ရယူခြင်း စသည့်လုပ်ငန်းစဉ် အဆင့်တိုင်းတွင် ကုန်ကျစရိတ်များရှိနိုင်ပြီး တင်ပို့သူနှင့် တင်သွင်းသူများမှ ငွေပေးချေရမည် ဖြစ်ပါသည်။ တင်ပို့သူသည် တင်ပို့ခြင်း မပြုမီ ၎င်း တင်သွင်းသူနှင့် လိုအပ်သော စာရွက်စာတမ်းများကို အနီးကပ်ညှိနှိုင်း၍ စစ်ဆေးပြင်ဆင်မှုများ ပြုလုပ်သင့်ပါသည်။

### သုံးသပ်ချက်

ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီတင်သွင်းခြင်းကို အပြည့်အဝ မှီခိုထားပါသည်။ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှားနှင့် ဟွန်ဒူးရပ်စ် စသည့်နိုင်ငံများသည် ကမ္ဘာ့ကော်ဖီတင်ပို့မှု၏ ၈၀ % ကျော် ပိုင်ဆိုင်ထားကြသည်။ ရုရှားသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသော်လည်း ကော်ဖီအများဆုံးသောက်သုံးသည့်နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ပထမခုနှစ်လတွင် ရုရှား၏ ကော်ဖီတင်သွင်းမှု ပမာဏ တန်ချိန် ၁၅၈,၀၀၀ ရှိပြီး ယခင်နှစ် အလားတူကာလထက် ၂၀ % ပိုများသည်။ တစ်နှစ်ထက်တစ်နှစ် ကော်ဖီဆိုင်အသစ်များဖွင့်လှစ်ခြင်းသည် ကော်ဖီဝယ်လိုအား တိုးတက်မှုကို ကောင်းစွာ ထင်ဟပ်လျက်ရှိကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့မည်ဆိုလျှင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဗီယက်နမ်နှင့်အင်ဒိုနီးရှားနိုင်ငံတို့နှင့် ဈေးကွက်ယှဉ်ပြိုင်ရမည့် အခြေအနေများ ကြုံတွေ့နိုင်ဖွယ်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union-EAEU)နှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ကို ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီထုတ်လုပ်သည့် ကမ္ဘာ့အကြီးဆုံး ၅ နိုင်ငံထဲတွင် ပါဝင်လျက်ရှိပြီး EAEU နှင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကို ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် စတင်ဆွေးနွေးခဲ့ကာ မကြာမီတွင် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိသည်။ ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းမှုတွင် ဦးဆောင်သူမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၄၀ % ကျော် ပိုင်ဆိုင်ထားကာ အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီတင်သွင်းမှု အဆင့် ၄ တွင် ရပ်တည်လျက်ရှိသည်။ သို့သော်ကော်ဖီသည် ရုရှားနိုင်ငံ၌ ဈေးကွက်အလားအလာမြင့်မားသည့် ကုန်စည်တစ်ခုဖြစ်ပြီး လက်လီအရောင်းဆိုင်များတွင် ဈေးနှုန်းကြီးမြင့်သည့် ကုန်စည်တစ်ခုဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များအား ရုရှားနိုင်ငံသို့ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin) GSP Form A ဖြင့် တင်ပို့မည်ဆိုပါက အကောက်ခွန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်၍ ဈေးကွက်ယှဉ်ပြိုင်ရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်။

ရုရှားနိုင်ငံ ကော်ဖီဈေးကွက်သည် တစ်နှစ်ထက်တစ်နှစ် အဆက်မပြတ်ကြီးထွားလာလျက်ရှိပြီး ကော်ဖီသည် ရုရှားလူမျိုးတို့၏ အနှစ်သက်ဆုံး အဖျော်ယမကာ တစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ရုရှားသည် လက်ဖက်ခြောက်အဓိကတင်သွင်းသောနိုင်ငံမှ ကော်ဖီအဓိကတင်သွင်းသောနိုင်ငံဖြစ်လာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကော်ဖီသောက်သုံးမှုသည် တန်ချိန် ၁၈၀,၀၀၀ သို့ ရောက်ရှိခဲ့ပြီး ၎င်းသည် တစ်နှစ်ထက်တစ်နှစ် ၁၂ % ပိုမို များပြားလာခြင်းဖြစ်ကြောင်း ရုရှားလက်ဖက်ရည်နှင့် ကော်ဖီထုတ်လုပ်သူများအသင်း "Roschaykofe" ၏ အချက်အလက်များ အရသိရသည်။ သုတေသီများ၏ အဆိုအရ ကော်ဖီရောင်းအားသည် တစ်နှစ်လျှင် ၆-၂၀% အထိ သိသိသာသာ တိုးတက်လျက်ရှိပြီး ကော်ဖီဆိုင်များလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသဖြင့် နိုင်ငံအတွင်းကော်ဖီရောင်းအား ဆက်လက်တိုးလာမည်ဖြစ်ကြောင်းသိရသည်။

ရုရှားနိုင်ငံသည် ၎င်းနိုင်ငံသို့တင်သွင်းလာသည့်ကုန်စည်အများစုသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ အချင်းချင်း သဘောတူညီချက်ဖြင့် ရုရှားနိုင်ငံရှိ တင်သွင်းသည့် ကုမ္ပဏီများက ဝယ်ယူတင်သွင်းလေ့ရှိကြောင်း သိရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ရုရှားနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (TPPRF)၊ သက်ဆိုင်ရာ ကော်ဖီအသင်းများစသည့် အသင်းအဖွဲ့များ အချင်းချင်း နီးကပ်စွာပူးပေါင်းဆောင်ရွက်၍ မြန်မာ-ရုရှား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း သွင်းကုန်၊ ပို့ကုန်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အမြင်ချင်းဖလှယ် ဆွေးနွေးခြင်း၊ ဈေးကွက် ရရှိရေး တင်ပို့သူ၊ တင်သွင်းသူများအချင်းချင်း ညှိနှိုင်း ဆွေးနွေးခြင်းများ ဆောင်ရွက်သွားပါက ဈေးကွက်ဝင်ရောက်ခွင့်ရရှိရေး အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရသည်။

ရုရှားနိုင်ငံရှိ ကော်ဖီထုတ်လုပ်သည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကြောင့် မကြာသေးမီ နှစ်များအတွင်း နိုင်ငံ၏ ကော်ဖီတင်သွင်းမှု လိုအပ်ချက်သည် မြင့်တက်လာခဲ့သည်။ ရုရှားသည် ၎င်းနိုင်ငံအတွင်း၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသည့်အပြင် ဥရောပတွင် ၇ ခုမြောက် ကော်ဖီအများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံမှ ကော်ဖီတင်သွင်းမှု၏ ၅၇ % ခန့်သည် ရိုဘက်စတာကော်ဖီဖြစ်ပြီး ၄၃ % မှာ အာရေဗီကာကော်ဖီဖြစ်သည်။ ရုရှားကော်ဖီဈေးကွက်သည် စားသုံးသူများအကြား ဝယ်လိုအားတိုးလာခြင်းကြောင့် နိုင်ငံအတွင်း ကော်ဖီ၏ ရေပန်းစားလာမှုသည် ဆက်လက်ကြီးထွားလာမည်ဖြစ်သည်။ ထို့ပြင်ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ၎င်းနိုင်ငံအတွက် လိုအပ်လျက်ရှိသော သွင်းကုန်များကို အာရှနိုင်ငံများမှ ရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ ကော်ဖီထုတ်ကုန်သည် ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေပါကြောင်း သုံးသပ်တွေ့ရှိရသည်။

{ ဦးခွန်မျိုးသူ၊ စီးပွားရေးသံမှူး(မော်စကိုမြို့) }

## ဗီယက်နမ်နိုင်ငံ၏ ကော်ဖီဈေးကွက်အလားအလာ

### ရည်ရွယ်ချက်

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု၊ တင်သွင်းမှု၊ တင်ပို့မှုနှင့် ဈေးကွက်အခြေအနေတို့အား လေ့လာ၍ မြန်မာ့စိုက်ပျိုးရေးပို့ကုန် ကော်ဖီတိုးမြှင့်တင်ပို့နိုင်ရေးနှင့် မြန်မာ့ကော်ဖီပို့ကုန် တိုးတက်အောင်မြင်ရေးအတွက် အလားအလာကောင်းများရရှိရန် ရည်ရွယ်ပါသည်။

### စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ တင်ပို့မှုအခြေအနေ

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီတင်ပို့သည့်နိုင်ငံဖြစ်ပြီး ကော်ဖီစိုက်ပျိုးမှု ဧရိယာဟက်တာ ၇၁၀,၀၀၀ ကျော်ရှိပြီး အထွက်နှုန်း ၁ ဟက်တာတွင် ၂ ဒသမ ၄ တန် အထွက်နှုန်းဖြင့် ပထမအဆင့်ရှိကြောင်း၊ စိုက်ပျိုးမှုဧရိယာအရ ကမ္ဘာပေါ်တွင်အဆင့် ၆ နေရာတွင် ရှိသော်လည်း အထွက်နှုန်း မြင့်မားခြင်းကြောင့် ဒုတိယမြောက် အထွက်အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကော်ဖီတန်ချိန် ၁ ဒသမ ၆၁ သန်းတင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံရရှိခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် တန်ဖိုးအားဖြင့် ၃ ဒသမ ၁ % တက်လာကြောင်း သိရှိရပါသည်။

သို့ရာတွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့က ပြုလုပ်ခဲ့သော The Asia International Coffee Conference တွင် ဆွေးနွေးချက်အရ ဗီယက်နမ်တွင် ကော်ဖီအဓိကထား စိုက်ပျိုးသည့် ဧရိယာများ ကျဉ်းမြောင်းသွားကြောင်း၊ အကြောင်းမှာ အမြတ်အစွန်းများသော ဒူးရင်း၊ ထောပတ်စသည့် သီးနှံများစိုက်ပျိုးခြင်းကြောင့်ဖြစ်ကြောင်း၊ ကော်ဖီတစ်ဟက်တာလျှင် ဗီယက်နမ် ဒေါင် ၂၀၀ သန်းခန့်ရရှိပြီး ထောပတ်သီးသည် ဗီယက်နမ်ဒေါင် ၁ ဒသမ ၅ ဘီလီယံအထိ ရရှိသည့်အတွက်ကော်ဖီစိုက်ပျိုးမှုထက် ၅ ဆပိုများသည့်အတွက် တောင်သူများအနေဖြင့် ကော်ဖီပင်များ အဓိကထား စိုက်ပျိုးရန်ခက်ခဲကြောင်း သိရှိရပါသည်။

### တင်သွင်း/တင်ပို့မှုအခြေအနေ

ဗီယက်နမ်ကော်ဖီ အဓိကတင်ပို့သည့် နိုင်ငံများမှာ အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် ဘယ်လ်ဂျီယံတို့ဖြစ်ပြီး နိုင်ငံတွင်း ကော်ဖီအဓိက တင်သွင်းမှုအား အဓိကအားဖြင့် လာအို၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ ဘယ်လ်ဂျီယံ၊ ကိုလံဘီယာ၊ ဂျာမဏီ၊ ပါပူဝါနယူးဂီနီ၊ အိန္ဒိယ၊ ပီရူး၊ ထိုင်း၊ ဟွန်ဒူးရပ်၊ စကော့ပူတို့မှ တင်သွင်းလျက်ရှိသည်။ တစ်နှစ် လျှင် တန်ချိန် ၃၀၀,၀၀၀ ကျော်၊

တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ရှိကြောင်း သိရှိရပါသည်။

### ဈေးကွက်ဝင်ရောက်မှု (Market Access)

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (MARD) မှ သတ်မှတ်ထားသော အရည်အသွေး စံနှုန်းများနှင့် ကိုက်ညီရန်လိုအပ်ခြင်း၊ ကော်ဖီအမျိုးအစား ပေါ်မူတည်၍ အော်ဂဲနစ် အသိအမှတ်ပြုအဖွဲ့မှ အသိအမှတ်ပြုမှုလိုအပ်ခြင်း၊ ပြည်တွင်းတင်သွင်းသူ၊ ဖြန့်ဖြူးသူများနှင့် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ခြင်းဖြင့် ဈေးကွက်ဝင်ရောက်မှု လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

### အပင်ကျန်းမာရေးနှင့် ပိုးမွှားရောဂါကင်းစင် သန့်ရှင်းရေးဆိုင်ရာ စီမံဆောင်ရွက်မှု

ဗီယက်နမ်သို့ကော်ဖီတင်ပို့သူများအနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD) အပင်ကာကွယ်ရေးဌာန (PPD) နှင့် ဗီယက်နမ် ကော်ဖီကိုကိုးအသင်း (VICOFA) တို့မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီရန်လိုအပ်ပါသည်။

### ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness)

ဗီယက်နမ်အနေဖြင့် ကော်ဖီထုတ်လုပ်မှုမှာ နိုင်ငံတကာအဆင့်အရည်အသွေး စံချိန်စံညွှန်းများနှင့် နာမည်ကောင်းရရှိနေသည့်အတွက် တင်သွင်းမည့် ကော်ဖီများအနေဖြင့် ဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် သတ်မှတ်သည့် အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီရန်မရှိမဖြစ် လိုအပ်ပြီး ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

### ကုန်သွယ်မှုမြှင့်တင်ရေး

ကော်ဖီနှင့်ဆက်စပ်သော ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် ဗီယက်နမ်ရှိ အလားအလာရှိသောဝယ်ယူသူများအား မိမိတို့၏ စိုက်ပျိုးရေး ထုတ်ကုန်များအားပြသရန် အခွင့်အလမ်းများ ပေးစွမ်းမည်ဖြစ်ပါသည်။ အခြားထိရောက်သော နည်းလမ်းမှာ ဒီဂျစ်တယ်ပလက်ဖောင်းဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အကောင်းဆုံး ထောက်ပံ့ပေးနိုင်ပါသည်။

### သုံးသပ်ချက်

ဗီယက်နမ်နိုင်ငံသည် နိုင်ငံတကာတွင်ကော်ဖီဈေးကွက်ခိုင်ခိုင်မာမာကို ရရှိထားသော်လည်း ပြည်ပသို့တင်ပို့မည့် ကော်ဖီပမာဏအား မိမိနိုင်ငံတွင် လုံလောက်အောင် ထုတ်လုပ်စိုက်ပျိုးနိုင်မှုမရှိခြင်းကြောင့်လာအို၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ ဘယ်လ်ဂျီယံ၊ ကိုလံဘီယာ၊ ဂွာမဏီ၊ ပါပူဝါနယူးဂီနီ၊ အိန္ဒိယ၊ ပီရူး၊ ထိုင်း၊ ဟွန်ဒူးရပ်၊ စင်္ကာပူ စသည့် နိုင်ငံတို့မှ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် ကော်ဖီများကို မိမိနိုင်ငံ၏ ပို့ကုန်ဈေးကွက် ပမာဏပြည့်မီအောင် တင်ပို့နိုင်ရန် အများအပြား တင်သွင်းလျက်ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် တစ်နှစ်လျှင် တန်ချိန် ၃၀၀,၀၀၀ ကျော်၊ တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း၃၀၀ကျော် တင်သွင်းလျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ကော်ဖီလုပ်ငန်းရှင်များ အနေဖြင့် ဗီယက်နမ်နိုင်ငံ၏ စံချိန်စံညွှန်းနှင့် ကိုက်ညီမည့် ကော်ဖီအမျိုးအစား အရည်အသွေး၊ ထုပ်ပိုးမှုများဖြင့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်သည့်ကော်ဖီနှင့် ဆက်စပ်သော ကုန်စည်ပြပွဲများသို့ ဝင်ရောက်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဗီယက်နမ်ကုန်သွယ်မှုဌာနများသို့ ဈေးကွက်ဝင်တင်သွင်းနိုင်ရေးအတွက် စီးပွားရေးသံမှူးမှတစ်ဆင့် မိမိကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ ပေးပို့ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ကော်ဖီ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် တိုးတက်အောင်မြင်ရေးအတွက် အလားအလာကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

{ဒေါ်ဝင့်နန္ဒာကျော်ကျော်၊စီးပွားရေးသံမှူး(ဟန္နိုင်းမြို့)}

# MIFER သတင်းကဏ္ဍ

## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စတုတ္ထအကြိမ်ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့်ကုန်စည်ပြပွဲသို့ တက်ရောက်ခြင်း

ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာမက်ခ်ဆင်းရယ်ရှဲသငြ်ကော့ဗ်၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ All-Russian Exhibition Center (VDNH – Exhibition of Achievements of National Economy)၌ ကျင်းပသည့် စတုတ္ထအကြိမ် ရုရှား - မြန်မာအစိုးရ အချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများ နှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲသို့ တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကော်မရှင် ပူးတွဲဥက္ကဋ္ဌများ၏ သီးသန့်အစည်းအဝေးသို့တက်ရောက်ပြီး နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှု၊ စွမ်းအင်၊ သတ္တု၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှား - မြန်မာကျောင်းများ တည်ထောင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာဘက်မှ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဘက်မှဥက္ကဋ္ဌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာမက်ခ်ဆင်းရယ်ရှဲသငြ်ကော့ဗ်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် တတိယအကြိမ် ကော်မရှင် အစည်းအဝေးနောက်ပိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့်သတ္တု၊ အဏုမြူစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုရေး၊ ရာသီဥတုပြောင်းလဲမှု၊ ဆောက်လုပ်ရေးနှင့် အခြေခံ အဆောက်အအုံ၊ သယ်ယူ ပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၊ ဘဏ်နှင့်ငွေကြေး၊ စက်မှု၊ ခရီးသွားလာရေး၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် အားကစားအစရှိသည့် နယ်ပယ်များတွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲအာဇီဇော့ဗ်နှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးသစ်လင်းအုန်းတို့က နှစ်နိုင်ငံအကြား နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးက ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲရှိ “Feel Russia” ခရီးသွားလာရေးပြခန်းကို လိုက်လံရှင်းလင်းပြသပြီး နှစ်နိုင်ငံခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စီးပွားရေးဖိုရမ်ကို ဆက်လက်ကျင်းပရာ ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက အဖွင့်အမှာစကားပြောကြားကြပြီး နှစ်နိုင်ငံအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်တို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် စီးပွားရေးအခွင့်အလမ်းများ၊ ဥပဒေ၊ နည်းဥပဒေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း

ဖလှယ်ဆွေးနွေးခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် အနေဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စိုက်ပျိုးရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် အလားအလာများ အကြောင်းကို Panelist အဖြစ် ပါဝင်ဆွေးနွေးသည်။




ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဥရောပ-အာရှစီးပွားရေးကော်မရှင်၊ ပေါင်းစည်းမှုတိုးတက် ရေးဌာနမှ Ms. Gohar Barseghyan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဥရောပ - အာရှ စီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုး ပြီးဖြစ်သည့်ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ ပူးပေါင်း ဆောင်ရွက်မည့် နယ်ပယ်များဖြစ်သည့် စက်မှုနှင့် စိုက်ပျိုး ရေးအခြေပြု စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့် Gorchakov Fund တို့ ပူးပေါင်းကျင်းပသည့် ရုရှား-အာရှ-ပစိဖိတ်ဒေသ မဟာ ဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

အဆိုပါ စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့်ကုန်စည်ပြပွဲတို့သို့ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ပါဝင်တက်ရောက်သည်။

**လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်သည့် အကြိမ် (၃၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခြင်း**

လာအိုနိုင်ငံ၊ လွှန်ပရာဘန်မြို့၌ ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်မှ ၉ ရက်နေ့အထိ ကျင်းပသည့် အကြိမ် (၃၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင် သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ်လ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်း အဝေး အကြိုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မတ်လ ၉ ရက်နေ့ တွင် ကျင်းပသည့် အကြိမ် ၃၀ မြောက် အာဆီယံ စီးပွားရေး ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက် သည်။ အစည်းအဝေးတွင် လာအိုနိုင်ငံ၊ စက်မှုနှင့်ကုန်သွယ် ရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ များနှင့် တီမောလက်စ်တေနိုင်ငံမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စား လှယ်များ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီ အဖွဲ့ဝင် များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဒုတိယ အတွင်းရေး မှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက် ခဲ့ပါသည်။

အစည်းအဝေး၏ ပထမပိုင်းအနေဖြင့် အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် အာဆီယံ စီးပွားရေးအကြံပေးကောင်စီတို့ မျက်နှာစုံညီအစည်းအဝေးကိုပြုလုပ်ခဲ့ပြီး၊ အဆိုပါအစည်း အဝေးတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီက ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ နှင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရေး အကြံပြုချက်များကို တင်ပြသည်။

အစည်းအဝေးဒုတိယပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီး များက (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး ၏ ရလဒ်များအရ အာဆီယံစီးပွားရေးမဏ္ဍိုင်မှဆက်လက် ဆောင်ရွက်ရန်လုပ်ငန်းများ၊ ဒေသတွင်းနှင့်ကမ္ဘာ့စီးပွားရေး ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူစဉ် ဦးစားပေး ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ၊ ၂၀၂၄ ခုနှစ် အတွင်း ဦးစားပေးဆောင်ရွက်ရမည့် နှစ်အလိုက် အေအီးစီ ဦးစားပေး လုပ်ငန်းစဉ်များ၊ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရေး ကိစ္စများ၊ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အဆင့် မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှု များ၊ အာဆီယံဒီဂျစ်တယ် စီးပွားရေးမူဘောင်သဘောတူ စာချုပ် ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ရေရှည်တည်တံ့မှုနှင့် စပ်လျဉ်း၍ အာဆီယံမှ ဆောင်ရွက် လျက်ရှိသည့် ကနဦးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှု များ၊ အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ လမ်းပြ မြေပုံအကောင်အထည်ဖော်မှုအခြေအနေနှင့် ၂၀၂၅ အလွန် အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက်အရ အာဆီယံ စီးပွားရေးအသိုက်အဝန်းမှ မဟာဗျူဟာလုပ်ငန်းစဉ်ရေးဆွဲ ရေးကိစ္စများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ်များတွင် ထည့်သွင်းပြဋ္ဌာန်းလာသည့် အသစ်နှင့် ပေါ်ထွန်းဆဲကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လေ့လာမှု၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကောင်အထည် ဖော်မှုတို့အပေါ် ဆွေးနွေးခြင်း၊ လမ်းညွှန်မှုပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့အပြင် အစည်းအဝေးကာလ အတွင်း ဝန်ကြီးများက စည်းနှောင်မှုမရှိသည့် ပုံစံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အာဆီယံ ဝန်ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင်ကို အတည် ပြုခဲ့ပါသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် အတွက်လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူ စဉ် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီးပွားရေး ဆိုင်ရာဦးစားပေးလုပ်ငန်းများကိုအခြားအာဆီယံစီးပွားရေး ဝန်ကြီးများနှင့်အတူအတည်ပြုပါကြောင်း၊ ယင်းဦးစားပေး လုပ်ငန်းများသည် လက်ရှိအချိန်အခါနှင့် ကိုက်ညီသည့် လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း ပြီးစီး အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် အရေးကြီး ကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် သက်ရောက်မှုများကိုလည်း ဖြေရှင်းရမည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါ ကြောင်း၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းမှုများ အား ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန်အတွက် စေ့စပ်ညှိနှိုင်းမှုများ အားအရှိန်မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) အထောက်အကူ ပြုယူနစ် တည်ထောင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက် လျက်ရှိပါကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံ၏ တန်းတူညီမျှမှု၊ အပြန်အလှန် တာဝန်ဝတ္တရား နှင့်အာဆီယံ အချက်အချာကျမှု (Centrality) ကို ဆက်လက်ထိန်းသိမ်းရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့ သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအို နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိ ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက်ရောက်သည်။ ဝန်ကြီးများအဆင့် အစည်းအဝေးအတွက် အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ အကြိုညှိနှိုင်းအစည်း အဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင် တက်ရောက်သည်။

အစည်းအဝေးတွင် ဒီဂျစ်တယ်စီးပွားရေး (Digital Economy) ပတ်ဝန်းကျင်ကို ထိခိုက်မှု လျော့နည်းစေသည့် စီးပွားရေး(Circular Economy)ကာဗွန်လျှော့ချရေး (Carbon Neutrality) အပြာရောင်စီးပွားရေး(Blue Economy)၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Supply Chain) သို့ဝင်ရောက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် စီးပွားရေးပေါင်းစည်းမှု ကိစ္စရပ်များကို အဓိကထားဆွေးနွေးသည့် အစည်းအဝေး ဖြစ်ကြောင်း သတင်းရရှိသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး Mrs. Aya Saad Mohamed Abdelkarim အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက Mrs. Aya Saad Mohamed Abdelkarim အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပြီး မြန်မာ-အီဂျစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံမှုသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ပါကြောင်း သတင်းရရှိခဲ့ပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov ဦးဆောင်သောအဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။


ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံမှုသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိခဲ့ပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အီတလီနိုင်ငံ၊ ရောမမြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ရုံးချုပ်၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် (Deputy Executive Director and Chief Operating Officer) ဖြစ်သူ Mr. Carl Johan Orrenius Skau နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အီတလီနိုင်ငံ၊ ရောမမြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ရုံးချုပ်၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် (Deputy Executive Director and Chief Operating Officer) ဖြစ်သူ Mr. Carl Johan Orrenius Skau နှင့်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံစဉ် WFP က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် WFP အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အီတလီနိုင်ငံ၊ ရောမမြို့ရှိ WFP ရုံးချုပ်၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ WFP ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဥရောပအာရှစီးပွားရေးကော်မရှင် မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဥရောပအာရှ စီးပွားရေးကော်မရှင် မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေး ဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ အကောင်အထည်ဖော်ရေးနှင့်စာချွန်လွှာပါ ဦးစားပေး ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံအစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအတွက် စာချွန်လွှာပါ ဦးစားပေး နယ်ပယ်များတွင် ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှု၊ အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မိလ္လာနှင့် ရေဆိုးများ သန့်ရှင်းရေး၊ တိရစ္ဆာန်များမှ ကူးစက်နိုင်သော ရောဂါ ကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေး၊ လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားကင်းစင်ရေး အစီအမံများ၊ ဘဏ္ဍာရေး ဈေးကွက်များ၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ စက်မှု-စိုက်ပျိုးရေးကဏ္ဍ၊ ယှဉ်ပြိုင်မှုမူဝါဒ၊ စက်မှုလုပ်ငန်း၊ စားသုံးသူ အခွင့်အရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဒီဂျစ်တယ်စီးပွားရေးစနစ်နှင့် နှစ်ဦးနှစ်ဖက်အကျိုး ဖြစ်ထွန်းစေမည့် အခြားသောကဏ္ဍများပါဝင်သည်။

အဆိုပါ တွေ့ဆုံမှုသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။



## အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကိုရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကအမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့နှင့် ၉ ရက်နေ့ လာအိုနိုင်ငံ၊ လွန်ပရာဘန်မြို့မှာ ကျင်းပခဲ့သည့် (၃၀) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများသီးသန့်အစည်းအဝေး၏ ဆွေးနွေးချက်များကို မျှဝေပေးရန်နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)အနေဖြင့်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ အာဆီယံဒေသတွင်း စီးပွားရေးနှင့်စပ်လျဉ်းပြီး ၂၀၂၃ ခုနှစ်တွင် ဒေသတွင်းစီးပွားရေး အခြေအနေသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းထက်ပိုမိုသာလွန်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်းဆက်လက်တိုးတက်ရန် မျှော်မှန်းထားကြောင်း၊ ဒေသတွင်းစီးပွားရေးတိုးတက်မှု အရှိန်ကို ပိုမိုကောင်းမွန်စေရန်အတွက် ဒေသတွင်းထောက်ပံ့မှုကွန်ရက် (Supply Chain Network) များကို ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက် (Global Production Network) နှင့် ချိတ်ဆက်နိုင်ရန် အရေးကြီးကြောင်း၊ ကွန်ရက်များ ချိတ်ဆက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက မိမိတို့လုပ်ငန်းအလိုက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အကောင်အထည်ဖော်ရန် ဦးစားပေး စီးပွားရေးလုပ်ငန်းများ (Priorities Economic Deliverables - PEDs) ၁၄ ခုကို ချမှတ်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက် အကောင်အထည်ဖော်ရန်လုပ်ငန်း (Annual Priorities – APs) ၁၁၃ ခုကို ချမှတ်ထားကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးကအေအီးစီလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံက ဒေသတွင်းလုပ်ငန်းများကို လိုက်ပါဆောင်ရွက်ရာ၌ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးများကိုလည်း အမိအရရယူနိုင်ရန် လိုအပ်ကြောင်း၊ ရသင့်သည့် အခွင့်အရေးများ ရရှိနိုင်ရေးအတွက်သေသေချာချာပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အာဆီယံအနေဖြင့် တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှု အခြေခံဒေသကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင်ကဏ္ဍအလိုက် မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မှုအခြေအနေကို ပြန်လည်လေ့လာ၍ လက်ရှိနိုင်ငံ၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆောင်ရွက်သည့် လုပ်ငန်းများသည် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကိုလည်း ပိုမိုရရှိမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိက (၃၀) ကြိမ်မြောက်အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၏ ဆွေးနွေးချက်များနှင့် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် အတွင်းရေးမှူးများဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကော်မတီအလိုက် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်

မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အာဆီယံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ အခြေအနေ၊ ကုန်စည်၊ ဝန်ဆောင်မှု၊ မူပိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆောင်ရွက်မှုများ၊ အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကျွမ်းကျင်လုပ်သားများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ဆောင်ရွက်မှုများ၊ ဒေသတွင်း ငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများ၊ ဒီဂျစ်တယ်စီးပွားရေး မူဘောင်ညှိနှိုင်းမှုအခြေအနေ၊ ဒေသတွင်းသုတေသနနှင့်တီထွင်ဆန်းသစ်မှုလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်မှုများ၊ အခြေခံအဆောက်အအုံကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ သတ္တုနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်း အခွန် ၂ ထပ် မကျရောက်စေရေး ဆောင်ရွက်မှုများ၊ ဒေသတွင်းကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြစ်ပေါ်စေရေး ဆောင်ရွက်မှုများ၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေး အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ၂၀၂၆-၂၀၃၀ အာဆီယံစီးပွားရေးအသိုက်အဝန်းမဟာဗျူဟာရေးဆွဲရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ အနာဂတ်အာဆီယံလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ သုံးသပ်ချက်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆောင်ရွက်နေသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ထိထိမိမိအကောင်အထည်ဖော်ရန်နှင့် အနာဂတ်အာဆီယံလုပ်ငန်းစဉ်များကိုလည်း မျက်ခြည်မပြတ်လိုက်ပါ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ရပ်တည်ချက်ကို ခိုင်ခိုင်မာမာတင်ပြရန် လိုအပ်ကြောင်း၊ ဒေသတွင်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ပါတည်းဖြစ်စေမည့် လုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားစေလိုကြောင်းနှင့် လုပ်ငန်းအဖွဲ့များက တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း

မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင် (အီးအီးစီ) တို့အကြား ၂၀၂၃ ခုနှစ်၊ ဇွန် ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပခဲ့ပါသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံး ယာယီတာဝန်ခံ မစ္စတာ ကလာဘူကော့ဗ် ပါဗယ်လ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြပါသည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရို စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် က ဥရောပအာရှ စီးပွားရေးကော်မရှင်၏ ပေါင်းစည်းရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် နည်းပညာ၊ စီးပွားရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ရှုထောင့်များမှ မဟာဥရောပအာရှ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥရောပအာရှ စီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ ကုမ္ပဏီများအကြောင်းကို မိတ်ဆက်ရှင်းလင်း ပြောကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကိုကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ဥရောပအာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်နှင့် ကိုယ်စားလှယ်အဖွဲ့က လူကိုယ်တိုင်တက်ရောက်ခဲ့ပြီး ဥရောပအာရှ စီးပွားရေးကော်မရှင်၊ စိုက်ပျိုးရေးဆိုင်ရာမူဝါဒဌာန၊ စက်မှုရေးရာမူဝါဒဌာန၊ ပို့ဆောင်ရေးနှင့် အခြေခံအဆောက် အအုံဌာန၊ စွမ်းအင်ကုန်သွယ်ရေး ဖွံ့ဖြိုးမှုဌာန၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးမှုဌာန၊ သတင်းအချက် အလက်နည်းပညာဌာနနှင့် စီးပွားရေးကောင်စီတို့မှ ကိုယ်စားလှယ်များက ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

ပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေး ဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပါသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံနှင့်ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို ဖော်ထုတ်သတ်မှတ်ရန် ရည်ရွယ်၍ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပအာရှစီးပွားရေး ကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကို ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည့် ၂၆ ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းမှု အခက်အခဲများကို ပေါင်းစည်း ညီညွတ်မှုနှင့် ဆက်သွယ်ချိတ်ဆက်မှုတို့ဖြင့် ရင်ဆိုင်ကျော်လွှား၍ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (အီးအေအီးယူ) အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနေပြီဖြစ်သည့်အတွက် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ယခုကဲ့သို့ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အစည်းအဝေးတွင် ကဏ္ဍအလိုက်အပြန်အလှန်ဆွေးနွေးမှုများသည် အီးအေအီးယူ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ရုံသာမက စီးပွားရေး အဆက်အသွယ်ကောင်းများ ထူထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများလည်း တိုးတက်ရရှိလာမည်ဟု ယုံကြည်ကြောင်း၊

အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ ဘိလပ်မြေနှင့် ဓာတ်မြေသြဇာ ထုတ်လုပ်ရေး၊ သံနှင့် သံမဏိ၊ တန်ဖိုးမြင့် စားသောက်ကုန်များ၊ လျှပ်စစ်ကားနှင့် အခြားထုတ်လုပ်မှု များကို အဓိက ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်၍ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆောင်ရွက် လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံ နှင့် အီးအေအီးယူ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပိုမိုအားကောင်းလာစေရန် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရို စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်က ဥရောပအာရှ စီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီး တစ်နှစ်ကျော်အတွင်း အပြု သဘောဆောင်သော အပြန်အလှန်ဆက်ဆံရေးများ ရရှိခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသည် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာတွင် ပါရှိသော ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်ကြောင်း၊ ဥရောပအာရှ စီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့ အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တွင်အပြုသဘောဆောင်သည့်လမ်းကြောင်းများပေါ်ထွက် လာသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ မှအစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေး ကျွမ်းကျင်သူများနှင့် လုပ်ငန်းရှင်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကဏ္ဍ အလိုက် ဆွေးနွေးကြသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက် ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့ မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ဘဏ္ဍာရေးနှင့် ငွေပေးချေမှု ပူးပေါင်း ဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ နိုင်ငံနှင့်အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့ကပို့ဆောင် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက် မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က စွမ်းအင် ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က ဒီဂျစ်တယ်အသွင် ကူးပြောင်းရေး ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် တစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန် အလှန်ဆွေးနွေးသည်။

ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌများက ပထမအကြိမ် အစည်း အဝေး၏ ပူးတွဲထုတ်ပြန်ချက်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် နေရာ တို့ကို အတည်ပြုခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ ဥရောပ အာရှစီးပွား ရေးကော်မရှင်မှ ကိုယ်စားလှယ်များနှင့် ဥရောပအာရှစီးပွားရေး သမဂ္ဂမှ စီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော်တက်ရောက်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥရောပအာရှ စီးပွားရေး ကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ယမန်နေ့ညက MGallery Hotel ၌ ကြိုဆိုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ဘာသာရပ် ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ ကြောင်း သတင်းရရှိသည်။

## “နိုင်ငံ့ဝန်ထမ်းအရာရှိများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ စွမ်းဆောင်ရည်များနှင့် နည်းလမ်းများ မျှဝေဆွေးနွေးပွဲ” ကျင်းပပြုလုပ်ခြင်း

အာဆီယံ - ဂျပန်ဗဟိုဌာန၏ ရန်ပုံငွေ (၂၀၂၃) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ **National Activities Project** အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သည့် **“နိုင်ငံ့ဝန်ထမ်းအရာရှိများအတွက် စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ စွမ်းဆောင်ရည်များနှင့် နည်းလမ်းများ မျှဝေဆွေးနွေးပွဲ”** ၏ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် နေပြည်တော်၊ Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပါသည်။

စေ့စပ်ညှိနှိုင်းမှု စွမ်းဆောင်ရည်သည် အစိုးရဌာနအချင်းချင်းအကြား၊ နှစ်နိုင်ငံအကြား၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင် အဓိက အရေးပါသည့်အတွက် ယင်းတို့ကို လက်တွေ့အသုံးချ ဆောင်ရွက်နေသည့် အစိုးရကဏ္ဍမှ အရာထမ်းများ၏ စေ့စပ်ညှိနှိုင်းမှုစွမ်းဆောင်ရည်များကို မြှင့်တင်ရန် လိုအပ်သောကြောင့် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံအခြေစိုက် Green Olive Tree သင်တန်းကျောင်းမှ ဘာသာစကားနှင့် ဆက်ဆံရေးပညာဆိုင်ရာ ကျွမ်းကျင်သူ Ms. Michelle Loke က စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ သိသင့်သိထိုက်သည့် ခေါင်းစဉ်များဖြစ်သော စေ့စပ်ညှိနှိုင်းမှု၏ အဓိပ္ပာယ်၊ စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ နည်းလမ်းများ၊ စေ့စပ်ညှိနှိုင်းမှု လုပ်ငန်းစဉ်၊ ထိရောက်သော စေ့စပ်ညှိနှိုင်းမှု၊ စေ့စပ်ညှိနှိုင်းမှုများတွင် တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများအပေါ်လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းများစသည်တို့ကို အွန်လိုင်းမှ တစ်ဆင့် မျှဝေ ဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲမှတစ်ဆင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးခြင်း၊ စာချုပ်စာတမ်းများ ဆွေးနွေးညှိနှိုင်းခြင်း၊ ပြည်တွင်း/ဒေသတွင်း မူဝါဒများ ညှိနှိုင်းချမှတ်ခြင်း၊ ရုံးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဘုံသဘောတူညီချက်ရှာဖွေတည်ဆောက်ခြင်းနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆက်ဆံရေးများတွင် မြန်မာနိုင်ငံရှိ အစိုးရရုံးဌာနများမှ အရာထမ်းများအနေဖြင့် စေ့စပ်ညှိနှိုင်းမှု မဟာဗျူဟာများနှင့် နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လာကာ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် အဆိုပါနည်းလမ်းစနစ်များကို စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ပြန်လည်အသုံးချနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။




ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီး ဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ - ဂျပန်ဗဟိုဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ အရာထမ်းများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

## အာဆီယံစီမံချက်ရေးဆွဲရေးသင်တန်းကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့ပူးပေါင်း၍ အာဆီယံဖွံ့ဖြိုးမှု ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် အာဆီယံ စီမံချက်ရေးဆွဲရေး သင်တန်း (ASEAN Project Development Training) ဖွင့်ပွဲကို နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။




သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အာဆီယံစီးပွားရေး မဏ္ဍိုင်နှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့် အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာန ၁၇ ခုမှ သင်တန်းသား ၄၆ ဦး အပါအဝင် စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုတွင် အရေးပါကြောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအားပေးလာခြင်းတို့နှင့်အတူ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသညှိနှိုင်းမှုများတွင် နယ်ပယ်အသစ်များကို ထည့်သွင်းအဆိုပြုလာကြကြောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ (CLM) တို့အတွက် ဖွံ့ဖြိုးမှုနယ်ပယ်အသစ်များအတွက်အသိပညာပေးအစီအစဉ်များ၊ နည်းပညာအကူအညီများ လိုအပ်ကြောင်း၊ ယခုကျင်းပမည့် သင်တန်းတွင် အသိပညာပေးအစီအစဉ်များ၊ နည်းပညာအကူအညီများနှင့် ဖွံ့ဖြိုးမှုပရောဂျက် စီမံကိန်းများ တောင်းခံရာတွင်လိုအပ်သည့် စီမံချက်အဆိုပြုလွှာ ရေးသားနည်းများကို သင်ကြားပေးမည်ဖြစ်သောကြောင့် အရေးပါသည့် သင်တန်းတစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးက အဆိုပါ သင်တန်းမှ ရရှိလာသည့် အတွေ့အကြုံများကို အခြေခံပြီး မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည့်စီမံချက်များအတွက် အဆိုပြုလွှာများကို ရေးသားတောင်းခံကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ သင်တန်းတွင် ဂျကာတာမြို့ရှိအာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက အာဆီယံပူးပေါင်းဆောင်ရွက်မှုစီမံချက်များနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ အာဆီယံစီမံချက်အဆိုပြုလွှာများ ရေးဆွဲရာတွင် လိုက်နာရမည့်ပုံစံများ၊ စီမံချက်အဆိုပြုရာတွင် ထည့်သွင်း ရမည့်အချက်လက်များနှင့် အကျိုးကျေးဇူးများ၊ စီမံချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို လာရောက် ပို့ချပေးခြင်းဖြစ်ပြီး သင်တန်းသားများက စီမံချက် အဆိုပြုလွှာများရေးဆွဲခြင်းကို လက်တွေ့ဆောင်ရွက်ကြရမည်ဖြစ်သည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်၏ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် အာဆီယံအပေါင်းတစ် လွတ်လပ်သော ဒေသအကောင်အထည်ဖော်မှုများနှင့် စေ့စပ်ညှိနှိုင်းမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လွတ်လပ်သော ကုန်သွယ်မှုဒေသများ အဆင့်မြှင့်တင်ရာတွင်လည်းကောင်း၊ အသစ်ညှိနှိုင်းရာတွင်လည်းကောင်း ကုန်သွယ်မှုနှင့် အလုပ်သမားကဏ္ဍ၊ ကုန်သွယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အစရှိသဖြင့် နယ်ပယ်အသစ်များကို ထည့်သွင်းအဆိုပြုလာပါသဖြင့် အဆိုပါနယ်ပယ် အသစ်များနှင့် စပ်လျဉ်းပြီး နားလည်သဘောပေါက်စေရန် နှင့် လိုက်ပါအကောင်အထည်ဖော်ရန်အတွက် သင်တန်းများနှင့် နည်းပညာအကူအညီများ လိုအပ်လျက်ရှိသည်။ သို့ပါ၍ ယခုကျင်းပသည့် သင်တန်းမှရရှိသည့် ဗဟုသုတများသည် အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ ညှိနှိုင်းမှုများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် နည်းပညာပူးပေါင်း ဆောင်ရွက်မှု စီမံချက်များအတွက် အဆိုပြုလွှာရေးသားရန်နှင့် အဆိုပါ စီမံချက်များအား စနစ်တကျ အကောင်အထည်ဖော်ရန် အတွက် အထောက်အကူပြုမည်ဖြစ်သည်။

## ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် အသိပညာပေးခြင်းနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် အကောင်အထည်ဖော်ခွင့် ရရှိခဲ့သော စီမံချက်ဖြစ်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) သဘောတူစာချုပ် အကောင်အထည်ဖော်ရေး အတွက်အသိပညာပေးခြင်းနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ Horizon Lake View Resort ၌ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr. Zheng Zhihong နှင့် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကျွမ်းကျင်ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခုတို့မှ အဆင့်မြင့် အရာရှိကြီးများ၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သည် ပွင့်လင်း၍ အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံ နိုင်ငံစုံကုန်သွယ်ရေးစနစ် တစ်ခုဖြစ်ပြီး ဒေသတွင်း ကုန်သွယ်မှုအခွင့်အလမ်းသစ်များကို ဖန်တီး၍ စီးပွားရေး ပြန်လည်ထူထောင်မှုကိုလည်း အရှိန်မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် RCEP သဘောတူစာချုပ်ကို ပိုမိုနားလည် သဘောပေါက်နိုင်စေရန်နှင့် အသုံးပြုမှု ပိုမိုမြင့်မားလာစေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု သဘောတူစာချုပ်ပါ အကောက်ခွန်နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းတို့ကို နားလည်ခြင်းအားဖြင့် အကောက်ခွန်သက်သာခွင့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိခဲ့သည့် ဗဟုသုတများနှင့် အတွေ့အကြုံများကို အသုံးပြု၍ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစိုးရအရာထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍကို တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှသံမှူးကြီး Mr. Zheng Zhihong က ပြောကြားရာတွင် တရုတ်နိုင်ငံသည် RCEP သဘောတူစာချုပ်အား အရည်အသွေးမြင့်မားစွာဖြင့် အကောင်အထည်ဖော်နိုင်ရန် အစဉ်အမြဲမြှင့်တင်ပေးလျက်ရှိကြောင်း၊ ဈေးကွက်ဖွင့်လှစ်မှုကတိကဝတ်များအပါအဝင် အကောက်ခွန် လျှော့ချရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ RCEP အဖွဲ့ဝင်နိုင်ငံများနှင့်တရုတ်နိုင်ငံတို့အကြား စုစုပေါင်းကုန်သွယ်မှုသည် သဘောတူစာချုပ် အသက်မဝင်မီ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၃ ခုနှစ်တွင် ယွမ် ၁၂.၆ ထရီလီယံအထိ ရောက်ရှိခဲ့ပြီး ၅.၃% ထိ တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင်အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယွမ် ၆.၄၁ ထရီလီယံသို့ ရောက်ရှိခဲ့ကြောင်း ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားရာတွင် ယခုနှစ်သည် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု၏ ၈ နှစ်မြောက် နှစ်ပတ်လည်ဖြစ်ကြောင်း၊ အထူးရန်ပုံငွေကို အဖွဲ့ဝင် ၆ နိုင်ငံလုံးအတွက် အသုံးပြုရန် တရုတ်နိုင်ငံ တစ်နိုင်ငံတည်း၏ ပံ့ပိုးမှုဖြင့် ၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံ ၆ နိုင်ငံ၌ စီမံချက်

ပေါင်း ၇၈၀ ကျော်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍ အပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် အမေရိကန်ဒေါ်လာ ၃၁ သန်းကျော် တန်ဖိုးရှိ စီမံကိန်း ၁၀၆ ခုကို ယနေ့အထိ လက်ခံရရှိထားပြီးဖြစ်ကြောင်းကို ထည့်သွင်းပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ပါ ကုန်စည်ကုန်သွယ်ရေးအခန်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်း၊ အကောက်ခွန်သွေဖည်မှုများ၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးစသည်တို့ကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကိုလည်း မျှဝေသွားမည် ဖြစ်သည်။

ဆွေးနွေးပွဲကို တရုတ်နိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၄၀ ဦး၊ တရုတ်နိုင်ငံမှ ကိုယ်စားလှယ် ၁ ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ် ၁၀ ဦး၊ လာအိုနိုင်ငံမှ ကိုယ်စားလှယ် ၁၀ ဦး၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ် ၉ ဦး၊ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ် ၅ ဦး၊ စုစုပေါင်း ၇၅ ဦးတက်ရောက်ကြပြီး ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ၃ ရက်ကြာ နေပြည်တော်၌ လူကိုယ်တိုင်တက်ရောက်သည့် အစီအစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

RCEP သဘောတူစာချုပ်သည်အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်တို့ပါဝင်လက်မှတ် ရေးထိုးခဲ့သည့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်တစ်ခုဖြစ်သည်။ RCEP သဘောတူစာချုပ်တွင် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ မူပိုင်ခွင့်၊ အစိုးရဝယ်ယူမှု၊ ယှဉ်ပြိုင်မှု၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စည်းမျဉ်းအသစ်များ ပါဝင်သည်။

## (၂၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်ခြင်း

(၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဦးဆောင်၍ နေပြည်တော်ရှိ Grand Amara Hotel ၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသည်။




အဆိုပါအစည်းအဝေးကို အလွတ်သဘောအစည်းအဝေးနှင့်မျက်နှာစုံညီအစည်းအဝေး အပိုင်း ၂ ပိုင်းဖြင့် ကျင်းပခဲ့ပြီး အလွတ်သဘောအစည်းအဝေး၌ ဂျီအမ်အက်စ် ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်မှုမဟာဗျူဟာ ရေးဆွဲရေးနှင့် ဒေသခွဲအတွင်း ဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက် ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးစသည့် ခေါင်းစဉ် ၂ ခုအပေါ် တက်ရောက်လာသည့် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ် ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ပါဝင်တက်ရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မဲခေါင်သိပ္ပံတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

## “မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ - ဂျပန်နိုင်ငံ၏ အတွေ့အကြုံများကို လေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

အာဆီယံ - ဂျပန်ဗဟိုဌာန၏ ရန်ပုံငွေ (၂၀၂၃) ဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် **“မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ - ဂျပန်နိုင်ငံ၏ အတွေ့အကြုံများကို လေ့လာခြင်း”** ၏ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် နေပြည်တော်၊ Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အာဆီယံ-ဂျပန်ဗဟိုဌာန၏ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်စား Programme Coordinator ဖြစ်သူ Dr. Nguyen Tuan Anh တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အရေးကြီးသည့် ကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍနှင့် အစားအစာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါး၍ သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားဝင်ရောက်လာစေရေးတို့အတွက် အဆိုပါကဏ္ဍများနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ၏အတွေ့အကြုံများကို နမူနာယူဆောင်ရွက်ရန်ရည်ရွယ်၍ ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို အပိုင်း ၂ ပိုင်းဖြင့် ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲပထမပိုင်းတွင် စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှကျွမ်းကျင်ပညာရှင်တို့က အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ ယင်းနောက် **“ရေရှည်တည်တံ့သည့် ခေတ်မီ စိုက်ပျိုးရေးနှင့် အစားအစာ စနစ်များဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ”** ကို ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းဖြစ်သည့် လျှပ်စစ်သုံးယာဉ်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ **“လျှပ်စစ်သုံးယာဉ်နှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများနှင့်စပ်လျဉ်းသည့် စီးပွားရေးအခွင့်အလမ်းများကို နားလည်စေခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ”** ကို ပြုလုပ်ဆွေးနွေးခဲ့ကြပါသည်။

ယခုဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှပါဝင်ပတ်သက်သူများ၏ ခိုင်မာစွာလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံရှိ အစားအစာနှင့် စိုက်ပျိုးရေးကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အနာဂတ်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများဆိုင်ရာ ဆွေးနွေးပြောကြားသူများ၊ သက်ဆိုင်ရာဌာနများမှ အရာထမ်းများ၊ အာဆီယံ - ဂျပန်ဗဟိုဌာနမှ ကိုယ်စားလှယ်များ၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၊ UMFCCI နှင့် ညီနောင်အသင်းတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေ ကျပ် ဘီလီယံ ၅၀ ပြန်လည်ပေးဆပ်ပြီးစီးမှု အခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာ နှစ် အထွေထွေပိုလျှံ ရန်ပုံငွေမှ ထုတ်ပေးထားသည့် ကျပ် ဘီလီယံ ၁၅၀ မှ ကျပ် ၁၀ ဘီလီယံ စုစုပေါင်း ကျပ် ၁၆၀ ဘီလီယံကို ပြန်လည်ပေးဆပ်ပြီးစီးမှု အခြေအနေ၊ ချေးငွေ အရင်း ပြန်လည်ကောက်ခံရေး လုပ်ငန်းစဉ်များကို တိုင်း ဒေသကြီး/ပြည်နယ်စိစစ်ကြပ်မတ်ရေးအဖွဲ့များမှ ကြိုးပမ်း ဆောင်ရွက်မှု အခြေအနေ၊ ချေးငွေသက်တမ်း ၃ နှစ်ပြည့် မြောက်ပြီးသည့် လုပ်ငန်းရှင်များမှ ချေးငွေပြန်လည် ပေးဆပ်မှုအခြေအနေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း နှင့် မီဒီယာကဏ္ဍမှ လုပ်ငန်း ၈၇၉ ခုအနေဖြင့် အတိုးများ အား ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ထားပြီးဖြစ် ပါကြောင်း၊ ချေးငွေကို ရည်ရွယ်ချက်အတိုင်း ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိပါက ချေးငွေ သက်တမ်း ၂ နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ်ထပ်မံ တိုးမြှင့်ပေးသွားမည့် အခြေအနေတို့အား ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ် ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/တိုင်းဒေသ ကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ယူ ထားသည့် ကုမ္ပဏီ/လုပ်ငန်းများမှ အတိုးအရင်းကောက်ခံ ရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့ များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်း တင်ပြဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ဆောင်ရွက် ထားရှိမှုအခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည် ကောက်ခံရေးအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာန ဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ အား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁/၂၀၂၄) ကြိမ်မြောက် ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိဦးစီးဌာနများ၏ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်မူဝါဒ၊ ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များအား စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာန၏ (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို Hybird စနစ်ဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ စတင်၍ နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို ချမှတ်၍ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနရှိ အရာထမ်း/ အမှုထမ်းများအားလုံးအနေဖြင့် စနစ်တကျပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဓိက လုပ်ငန်းစဉ် ၂ ရပ်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်သစ်၊ ခွန်အားသစ်များဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး၊ ပို့ကုန်မြှင့်တင်ရေး၊ ပြည်တွင်း/ ပြည်ပ ဈေးကွက်ရရှိရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားများဖြစ်ကြပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက် ၃ ရပ်တွင် ပါဝင်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍမြှင့်တင်ရေး၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးနှင့်ပြည်တွင်းစားသုံးဆီဖူလုံရေးကို နိုင်ငံတော်မှအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် MSMEs လုပ်ငန်းများကို အားပေးမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များတွင် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက် အရင်းအနှီးလိုအပ်သဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ချောမွေ့စေရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် စုစုပေါင်းသွင်းအားစုများ၏ ထုတ်လုပ်နိုင်မှုစွမ်းအား (Total Factor Productivity -TFP) လိုအပ်သဖြင့် နိုင်ငံတကာ၏ အရင်းအနှီးတည်ဆောက်မှုပုံစံများကို လေ့လာပြီးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ရှိပြီးဖြစ်သော အရင်းအနှီးနှင့် လုပ်ငန်းရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ငွေကြေးတတ်နိုင်သူများအား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးပေးပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်လာစေရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒဖြစ်သော MSMEs လုပ်ငန်းများတိုးတက်စေရေးအတွက် စွန့်ထွင်ဦးစီးသူများ (Entrepreneurs) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်လိုသူများ (Investors)နှင့် အရင်းအနှီးရှိသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးမည့် ကနဦးစတင်သည့်ဌာန (Start Up Center) ကို မိမိတို့ဝန်ကြီးဌာနတွင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကို ၃ လပတ် ၊ ၆ လပတ် အလိုက် ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် လုပ်ငန်းအခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုပါကြောင်းနှင့် လိုအပ်သည်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန် (Terms of Reference- TOR) နှင့် ချိတ်ဆက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်လာမည့် ဘဏ္ဍာနှစ်

အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအပါအဝင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံခြားပညာသင်ကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမြှင့်တင်ရေးဆောင်ရွက်မှု အခြေအနေများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီဆောင်ရွက်မှု အခြေအနေများ၊ ဒေသတွင်းနှင့်နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ အလားအလာရှိသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ပါ သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Hybrid စနစ်ဖြင့် ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်နှင့်စပ်လျဉ်း၍ အလားအလာရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့်ပတ်သက်၍ တင်ပြ ဆွေးနွေးခဲ့ပါသည်။

ဒုတိယဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ခြုံငုံရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးမှုအတွေးအခေါ်နှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုအတွေးအခေါ်များကို ဝန်ထမ်းများသိရှိထားရန် လိုအပ်ပြီး မိမိတို့၏ဌာနကို ပြန်လည်ဆန်းစစ်ကြရန်၊ ပြုစုပျိုးထောင်ကြရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် စီမံကိန်းများဆောင်ရွက်ရာ၌ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်(Investment Plan) များရေးဆွဲရာတွင် အမျိုးသားစီမံကိန်း (National Plan)၊ ဒေသန္တရ စီမံကိန်း (Regional Plan) တို့နှင့် ချိတ်ဆက်ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် ငွေရင်း၊ ပစ္စည်း၊ နည်းပညာ မြှုပ်နှံသူများကိုပါ စည်းရုံးဆွဲဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက် လာစေရေးအတွက် တာဝန်ရှိ အရာထမ်းဝန်ထမ်းများအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၄) "တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဖြတ်ကျော် စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၄) ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲ စသည်ဖြင့် ဆွေးနွေးမှုများကို ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင် အပတ်စဉ် သောကြာနေ့တိုင်း ပြုလုပ်နေသည့် အသိပညာမျှဝေဆွေးနွေးပွဲ အစီအစဉ် (KSP) သည် အမှတ်စဉ် (၄၄) သို့ ရောက်ရှိလာပြီ ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးမည့် အကြောင်းအရာသည် တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များမှ နယ်စပ်ဖြတ်ကျော် စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ခဲ့ခြင်းမှ လေ့လာသိရှိခဲ့သည့် အသိပညာအချက်အလက်များကို မျှဝေဆွေးနွေးမည်ဖြစ်သဖြင့် နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ အသိပညာဗဟုသုတများကို ဝန်ထမ်းများ သိရှိနားလည်မည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် (Generalized System of Preference-GSP) ရရှိထားသဖြင့် မြန်မာနိုင်ငံမှ ဥရောပနှင့် အရှေ့အာရှသို့ တင်ပို့သည့်ပို့ကုန်များအပေါ် အခွန်အကောက်ဆိုင်ရာ အထူးအခွင့်အရေး (GSP)၊ ရရှိထားပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံကို အထူးအခွင့်အရေးပေးနိုင်ငံ (Most Favour Nations- MFN) ကို ပေးအပ်ထားသဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလာရောက်ပြုလုပ်ရန် စိတ်ဝင်စားကြပါကြောင်း၊ ယနေ့ဆွေးနွေးတင်ပြမည့် အကြောင်းအရာတွင် RCEP စာချုပ်ဝင် နိုင်ငံများအကြား ပုဂ္ဂလိကစက်မှုလုပ်ငန်းများ (MSMEs) နှင့် ကုန်သည်နှင့်စက်မှု လုပ်ငန်းရှင်များအကြား လွတ်လပ်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုဆိုင်ရာ အကြောင်းအရာများသာမက ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလုပ်ငန်း၊ ကုမ္ပဏီဥပဒေဆိုင်ရာ အကြောင်းအရာများ ပါဝင်သဖြင့် ဝန်ထမ်းများအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးပိုက်က တရုတ်နိုင်ငံတွင် သင်တန်း တက်ရောက်ခဲ့သည့် သင်တန်းမှ **"တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဖြတ်ကျော် စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများမှ အသိပညာမျှဝေ ဆွေးနွေးမှုမှတစ်ဆင့် မိမိနိုင်ငံအတွက်အကျိုးရှိစေမည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံး များမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၅)" အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ပြုလုပ်သော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၅) ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု ဝန်ကြီး၊ ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ တွင်အပတ်စဉ်သောကြာနေ့တိုင်းပြုလုပ်သော Knowledge Sharing Programme (KSP) အစီအစဉ်တွင် နိုင်ငံတကာ ရေးရာ၊ ဒေသတွင်းရေးရာနှင့် ပြည်တွင်းရေးရာများကို အပတ်စဉ်အလှည့်ကျတင်ပြဆွေးနွေးလျက်ရှိသဖြင့် မိမိတို့ ဝန်ထမ်းများအတွက် ပြည်တွင်းရေးရာသာမက ကမ္ဘာ့ရေး ရာဆိုင်ရာ အကြောင်းအရာများပါ အသိပညာဗဟုသုတ များရရှိပါကြောင်း၊ ယနေ့ဆွေးနွေးတင်ပြမည့် အကြောင်း အရာ သည် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံဖြစ်သဖြင့် မိမိတို့ ဝန်ထမ်းများအတွက် သိသင့်သိထိုက်သော အကြောင်း အရာဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် စီးပွား ရေးအချက်အချာကျသော နေရာဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်း များစွာရှိသော တိုင်းဒေသကြီးဖြစ် ပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များ အနက် မန္တလေးတိုင်းဒေသကြီးသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုတွင် အဆင့် ၅ နေရာနှင့် မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုတွင် အဆင့် ၂ နေရာတို့၌ရှိပါကြောင်း၊ ရင်းနှီး မြှုပ်နှံမှု အခြေခံအဆောက်အဦများ များစွာတည်ရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်သော အခွင့်အလမ်းများ များစွာရှိပါကြောင်း၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရဦးဆောင် သောစီးပွားရေးပုံစံ၊ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက် သော စီးပွားရေးပုံစံ (PPP) နှင့် ပုဂ္ဂလိက ဦးဆောင်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပုံစံတို့ဖြင့်ဆောင်ရွက်ရပါ ကြောင်း၊ သို့ပါ၍ ဝန်ထမ်းများအနေဖြင့် သိသင့်သိထိုက် သော အကြောင်းအရာများဖြစ်သောကြောင့် စိတ်ပါဝင်စား စွာဖြင့် ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကိုဆောင်ရွက်ရာ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်အမ်စောမ်ခေါန်က နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုများ၊ ပုဂ္ဂလိက ကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပုဂ္ဂလိက ကဏ္ဍတိုးတက်ရေးအတွက် အစိုးရမှ အားပေး ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးက တစ်ကမ္ဘာလုံးတွင်အသုံး များသည့် စီးပွားရေးပုံစံဖြစ်သော (Public Private Part-nership - PPP) နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသော ဝန်ထမ်းများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကျင်းပပြုလုပ်သော တိုင်းရင်းသား ရိုးရာအစားအစာ ပွဲတော်တွင် ဌာနအလိုက်ခင်းကျင်းထား သော တိုင်းရင်းသားရိုးရာ အစားအစာမဏ္ဍပ်များကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများနှင့်အတူ စည်းလုံး ပျော်ရွှင်စွာဖြင့် လက်ရည်တစ်ပြင်တည်း ရိုးရာအစားအစာ များကို ပျော်ရွှင်စွာ သုံးဆောင်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေး မှူးချုပ်များ အပါအဝင် အရာထမ်း/ အမှုထမ်းအင်အား ၃၀၀ ကျော် ပျော်ရွှင်စွာပါဝင် ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိပါ သည်။

## **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၆) "ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ" " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၆) ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု ဝန်ကြီး၊ ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် အကူအညီအထောက်အပံ့များ လိုအပ်လျက်ရှိ ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ အုပ်စုတွင် ဖွံ့ဖြိုးမှုမြန်ပြီး ဖွံ့ဖြိုးမှုမျှဝေနိုင်သည့် ဦးဆောင်နိုင်ငံဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်များနှင့် ဆွေးနွေးပွဲများ ပြုလုပ် လျက်ရှိပါကြောင်း၊ ယနေ့အသိပညာမျှဝေ ဆွေးနွေးပွဲမှ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးသက် ရောက်မှုများကို မျှဝေဆွေးနွေးသွားမည်ဖြစ်သဖြင့် တက် ရောက်လာသူများအနေဖြင့် စနစ်တကျပါဝင် ဆွေးနွေး သွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ချိုဇာလှိုင်းက တရုတ်နိုင်ငံတွင် တက်ရောက်ခဲ့သည့် **"ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ"** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက်ဒုတိယဝန်ကြီးက ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက် ရေးတွင် ပါဝင်ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံအလိုက် National Agenda များကို Global Development Agenda များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက် လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးခဲ့ကြပါ သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေး မှူးချုပ်များ၊ အဆင့်မြင့် အရာရှိကြီးများနှင့် Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်းဝန်ထမ်း အင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။





## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၇) "အနာဂတ် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် စဉ်းစားရမည့် ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၇) ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အပတ်စဉ်ပြုလုပ်နေသော သောကြာနေ့စကားဝိုင်း၌ ဆွေးနွေးသည့် ခေါင်းစဉ်အကြောင်းအရာများသည် အဆိုပါအကြောင်းအရာ၏ အခြေခံဇစ်မြစ်ကို သိရှိနိုင်စေရန်၊ ခြုံငုံသုံးသပ်နိုင်ရန်နှင့် အသိပညာဗဟုသုတတိုးမြှင့်ရရှိစေရန်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးမည့် အကြောင်းအရာ ဖြစ်သော **"အနာဂတ် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် စဉ်းစားရမည့် ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ"** ခေါင်းစဉ်သည် မိမိတို့ဝန်ထမ်းများအတွက် သိသင့်သိထိုက်သည်သာမက မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ဖြစ်ပါကြောင်း၊ ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ မူရင်းနိုင်ငံ၏ပြည်ပနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေထိုင်သူများက စုဆောင်းရရှိခဲ့သော ငွေကြေးပစ္စည်းများကို မိခင်နိုင်ငံတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပါကြောင်း၊ မိခင်နိုင်ငံ/ မူရင်းနေရာတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရာ၌ အိမ်၊ ခြံ၊ မြေ၊ စက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အစုရှယ်ယာလုပ်ငန်းနှင့် ရွှေ့ပြောင်းသယ်ယူနိုင်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြခြင်း ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသူများအနေဖြင့် စနစ်တကျဖြင့် စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးသွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင် က **"အနာဂတ် မြန်မာ့စီးပွာရေး ဖွံ့ဖြိုးမှုအတွက် စဉ်းစားရမည့် ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ"** အကြောင်းအရာနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဒိုင်ယာစပိုရာတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများက အရာထမ်း/အမှုထမ်းများမှ Online ဖြင့် ပါဝင်တက်ရောက်ခဲ့ပြီး စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။



## လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်တင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးနှင့် ဒုတိယလက်ထောက်ဦးစီးမှူးများအတွက် လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်တင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန ၂ ခုတို့ဖြင့် ဖွဲ့စည်းထားပြီး ယင်းဦးစီးဌာန ၂ ခုစလုံးသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေရသည့် ဌာနများဖြစ်ကြောင်း၊ ဝန်ထမ်းသစ်များအနေဖြင့် မိမိတို့ ဝန်ကြီးဌာန၏ ဆောင်ပုဒ်ကို သိရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆက်သွယ်ပေးသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဘာသာရပ်နှင့် ဘာသာစကား ၂ ခုစလုံးတွင် စွမ်းရည်ပြည့်ဝရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်တင်မှုသင်တန်း ၃ ကြိမ် ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းသစ်များ၏ ဌာနဆိုင်ရာ အသိပညာဗဟုသုတရရှိရန်နှင့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိမည့် အသိပညာဗဟုသုတများကို ဆက်လက်တိုးပွားအောင် လုပ်ငန်းခွင်နှင့် ပေါင်းစပ်၍ အကျိုးရှိရှိအသုံးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်းနှင့် စဉ်ဆက်မပြတ် လေ့လာဆည်းပူးစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် မိမိတို့တာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနအပေါ် သစ္စာရှိရန်နှင့် ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ဌာနဖွဲ့စည်းပုံ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ၊ ဖွံ့ဖြိုးမှုစီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအပေါင်းတစ်လွတ်လပ်သော ကုန်သွယ်မှုဒေသများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၊ အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်သူများက ပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများနှင့် သင်တန်းသားများ စုစုပေါင်း ၇၀ ကျော် တက်ရောက်ကြောင်းသိရှိရပါသည်။





## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၈) “ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနိုင်ငံများအတွက် တောင်သူပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေ ဆွေးနွေးခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၈) ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု ဝန်ကြီး၊ ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ တွင် ယနေ့တင်ပြဆွေးနွေးမည့် ခေါင်းစဉ်တွင်ပါဝင်သော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနိုင်ငံများအတွက် တောင်သူ ပညာပေးဆိုင်ရာ အကြောင်းအရာသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ လယ်ယာထွက်ကုန် တိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့်ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သဖြင့် မိမိတို့အနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာ များ ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ကမ္ဘာ့ဖွံ့ဖြိုးမှု အမြန်ဆုံးနိုင်ငံ များတွင်ပါဝင်ပြီး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန် နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံ အများစုကလည်း ဖွံ့ဖြိုးတိုးတက်မှုများကို စံနမူနာထားလေ့လာကြပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံတွင် လူဦးရေ သန်း ၁၄၀၀ ကျော်ရှိပြီး ပြည်သူများ၏ စားဝတ်နေရေးဖူလုံရေးအတွက် လယ်ယာထွက်ကုန်ကဏ္ဍ တိုးမြှင့်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး ပြုပြင်ပြောင်းလဲမှုသည် ကျေးလက်နေ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကဖြစ်လာပါကြောင်း၊ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးကို ဦးတည်၍ တောင်သူပညာပေး အစီအစဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ် ပေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း တောင်သူလယ် သမားများနှင့် စပ်လျဉ်းသော ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အစီအစဉ်များကို ပြုလုပ်နေသဖြင့် ယခုဆွေးနွေးမျှဝေ သည့် အကြောင်းအရာများကို မိမိတို့ ဝန်ထမ်းများသိရှိရန် လိုအပ်ပါကြောင်းနှင့် တက်ရောက်လာကြသူများအနေဖြင့် စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးသွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေး မှူး ဒေါက်တာအိအိဌေးက **“ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း နိုင်ငံများအတွက် တောင်သူပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေ ဆွေးနွေး ခြင်း”** အကြောင်းအရာနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြား ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လယ်ယာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဖြည့်စွက် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် များနှင့် အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသ ကြီး/ ပြည်နယ်ဦးစီးမှူး ရုံးများမှ Online ဖြင့် ပါဝင် တက်ရောက်သူများအပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။





## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၃) "ကုမ္ပဏီများ လိုက်နာရမည့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ "ကုမ္ပဏီများ လိုက်နာရမည့် စာရင်းများနှင့် မှတ်တမ်းများအကြောင်း သိကောင်းစရာ" အမှတ်စဉ် (၅၃) ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိက အခန်းကဏ္ဍသည် အဓိကကျသည့်အတွက် ပုဂ္ဂလိက ကုန်ထုတ်လုပ်မှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ဆောင်ရွက်ကြသည့် ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများ၏ မှတ်ပုံတင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေကို ၁၉၁၄ ခုနှစ်ကတည်းက စတင်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ကုမ္ပဏီဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများကို စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုမ္ပဏီများ စနစ်တကျ ဖျက်သိမ်းနိုင်ရေးအတွက် လူမွဲခံယူခြင်းဥပဒေကိုလည်း ထပ်မံပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှုများ အားကောင်းစေရန် အသိပညာဖြန့်ဝေပေးရန်လိုပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင်ကုမ္ပဏီများလိုက်နာရမည့် စာရင်းများ၊ ထားရှိရမည့်မှတ်တမ်းများနှင့်စပ်လျဉ်း၍ အသေးစိတ်တင်ပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်စိုးက ကုမ္ပဏီများ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများထားရှိခြင်း အလေ့အထအားနည်းမှုများကြောင့် အငြင်းပွားမှုများ ဖြစ်ပေါ်နေခြင်းကိစ္စရပ်များ၊ ကုမ္ပဏီများအချင်းချင်း ယုံကြည်မှုအားနည်းရာမှ ပူးပေါင်းဆောင်ရွက်မှု အားနည်းလာခြင်း၊ သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများ၊ ဘဏ်များအနေဖြင့် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများအပေါ် ကြည့်ရှုစိစစ်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအား လိုက်နာဆောင်ရွက်မှုအပေါ် ကြီးကြပ်စိစစ်ခြင်းနှင့် အသိပညာပေးဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက်ဒုတိယဝန်ကြီးက ကုမ္ပဏီဥပဒေနှင့် ပတ်သက်၍စနစ်တကျဖြစ်စေရေး၊ ကျင့်ဝတ်များလိုက်နာရေး၊ စည်းစနစ်ကျသော စီးပွားရေးအသိုက်အဝန်းများ ဖြစ်စေရေးနှင့် စီးပွားရေးလုပ်ငန်းများအား ကုမ္ပဏီမှတ်ပုံတင်၍ စနစ်တကျပါဝင်ဆောင်ရွက်လာစေရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ Online ဖြင့် တက်ရောက်သည့် အရာထမ်း/အမှုထမ်းများ အပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ပဌမအကြိမ်ထမနဲထိုးပြိုင်ပွဲကျင်းပခြင်း

မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းများ အချင်းချင်းရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အပြန်အလှန် ညီညွတ်မှုတစ္စာဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်တတ်စေရန်၊ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရုံးအမှတ် (၁) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာအတိုင်း တပျော်တပါး ထမနဲထိုး ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစုများ စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။



## (၄၅) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ပါဝင်တက်ရောက်ခြင်း

(၄၅) ကြိမ်မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (45th Meeting of the High-level Task Force on ASEAN Economic Integration - HLTF-EI) အစည်းအဝေးကို လာအိုနိုင်ငံ၊ ဘန်ဘင်းမြို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးကို လာအိုနိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E Dr. Manothong Vongsay က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ကာလအတွင်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီးပွားရေး ပေါင်းစည်းမှုနှင့် ဆက်သွယ်မှု၊ အားလုံးပါဝင်စေရေးနှင့် ရေရှည်တည်တံ့သော အနာဂတ်၊ ဒီဂျစ်တယ် သို့ အသွင်ကူးပြောင်းခြင်းစသည့် မဟာဗျူဟာ လုပ်ငန်း စဉ် ၃ ရပ်အောက်တွင် ဦးစားပေးဆောင်ရွက်မည့်စီးပွားရေး လုပ်ငန်းစဉ် ၁၄ ရပ်တို့ကိုဆွေးနွေးခြင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းလမ်းပြမြေပုံ - ၂၀၂၅ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ ဆောင်ရွက်ရန်ရှိသည်များကို အပြီးသတ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်- ၂၀၄၅ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များ ဆွေးနွေးခြင်းနှင့် ၂၀၂၄ ခုနှစ် ၊ မတ်လ ၈ ရက်မှ ၉ ရက်နေ့အထိ ကျင်းပမည့်အကြိမ် (၃၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့် အစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်များအား ဆွေးနွေးခဲ့ကြသည်။

အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့က အာဆီယံ စီးပွားရေးမဏ္ဍိုင်၏ ထင်ပေါ် ကျော်ကြားပုဂ္ဂိုလ်များ (AEC Eminent Persons)၊ အာဆီယံ၏ ပါလီမာန် ကိုယ်စားလှယ်များ (ASEAN Inter - Parliamentary Assembly-AIPA) နှင့် မျက်နှာစုံညီတွေ့ဆုံ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



### ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ကျန်းစမ်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တဲဟုန်ပြည်နယ်ခွဲတို့အကြားစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ယင်းတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြောင်း သတင်းရရှိခဲ့ပါသည်။




### ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Ashish Sharma အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲဖြစ်သူ Mr. Ashish Sharma အား ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် ဆောင်ရွက်မည့်အသေးစားဖွံ့ဖြိုးမှု စီမံကိန်းများနှင့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှု ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



## နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်သည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP) ၅ ခုအား မြန်ဆန်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

အိန္ဒိယနိုင်ငံ၏အကူအညီဖြင့်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့်စီမံချက် (Quick Impact Project- QIP) ၅ ခု မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



## ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်အတွက် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက် (QIP) အသစ်များ အဆိုပြုလျှောက်ထားနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ထက်မပိုသော မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (QIPs) အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အောက်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှ ဆောင်ရွက်လိုသည့် ဦးစားပေး QIP စီမံချက်အသစ်များ အဆိုပြုလျှောက်ထားနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



## နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်သည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP) ၅ ခုအား မြန်ဆန်စွာအကောင်အထည်ဖော်နိုင်ရေး ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံ သံရုံးနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက် (Quick Impact Project- QIP) ၅ ခု မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယသံအမတ်တို့ ဦးဆောင်၍ အိန္ဒိယနိုင်ငံ သံရုံးဝန်ထမ်းများနှင့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ပူးတွဲ ကော်မတီ (Joint Project Monitoring Committee- JPMC) များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအကြား Hybrid စနစ်ဖြင့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၉) “မြန်မာအထူးစီးပွားရေးဇုန်အကြောင်း လေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၉) ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့စကားဝိုင်းတွင် ဆွေးနွေးတင်ပြမည့် အကြောင်းအရာသည် **“မြန်မာအထူးစီးပွားရေးဇုန်”** ဖြစ်ကြောင်း၊ အခြားသော ကမ္ဘာ့နိုင်ငံများ၌လည်း အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်၍ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာ့အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခန်းကဏ္ဍ တစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆွေးနွေးတင်ပြသူအနေဖြင့် အထူးစီးပွားရေးဇုန်၏ အဓိပ္ပာယ်၊ အထူးစီးပွားရေးဇုန်အတွင်းရင်းနှီးမြှုပ်နှံသူများကို ထောက်ပံ့ပေးသည့် ခံစားခွင့်များ၊ အထူးစီးပွားရေးဇုန်များ၏ အနှစ်သာရ၊ မြန်မာအထူးစီးပွားရေးဥပဒေ ပြဋ္ဌာန်းခြင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ အထူးစီးပွားရေးဇုန်တွင် လိုင်စင်၊ ခွင့်ပြုမိန့် လိုအပ်မှုမှ ကင်းလွတ်ခွင့်၊ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များနှင့် အထူးစီးပွားရေးဇုန်များ ပေါ်ပေါက်လာခြင်း အကျိုးကျေးဇူးများအား ဆွေးနွေးဖော်ပြမည် ဖြစ်ခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်သည့်အတွက် စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဟိန်းထွန်း က **“မြန်မာအထူး စီးပွားရေးဇုန်အကြောင်း လေ့လာခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြန်မာအထူးစီးပွားရေးဇုန်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဝိုင်းဝန်း မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ Online ဖြင့် တက်ရောက်သည့် အရာထမ်း/ အမှုထမ်းများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ခဲ့ကြပါသည်။





## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လိုသည့် အဆိုပြု လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UNFPA အကြား ညှိနှိုင်း အစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ၏ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လိုသည့် အဆိုပြုလုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် UNFPA အကြား ညှိနှိုင်းအစည်းအဝေးကို ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေး၌ UNFPA က အဆိုပြုထားသည့် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လိုသည့် လုပ်ငန်းအစီအစဉ်များ အပြီးသတ်နိုင်ရေးနှင့် သဘောတူညီချက်စာလွှာ (Letter of Agreement–LoA) အား လက်မှတ်ရေးထိုးရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UNFPA တို့ အကြား ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် UNFPA မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၈ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။




## မြန်မာနိုင်ငံသို့ ကုလသမဂ္ဂစီမံကိန်းစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) မှ ပေးအပ်သည့် အကူအညီများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း

မြန်မာနိုင်ငံသို့ ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (United Nations Office for Project Services -UNOPS) မှ ပေးအပ်သည့် အကူအညီများနှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပါ သည်။

အစည်းအဝေး၌ ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) က စီမံခန့်ခွဲရသည့် Global Fund၊ Access to Health Fund နှင့် LIFT Fund တို့အောက်မှ ပေးအပ်သည့် အကူအညီများဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ ဆောင်ရွက်နေမှုနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် UNOPS မှ ကိုယ်စားလှယ် များ စုစုပေါင်း ၁၃ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။



# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် အသိုက်အဝန်းပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်ပေးရေးလုပ်ငန်း စီမံချက် (Enabling Community Recovery and Resilience - ENCORE) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသိုက်အဝန်းပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်ပေးရေးလုပ်ငန်း စီမံချက် (Enabling Community Recovery and Resilience - ENCORE) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် hybrid စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေး၌ UNDP က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရှိ ထိခိုက်လွယ်မှု မြင့်မားသော ကျေးလက်နေပြည်သူများအတွက် အသိုက်အဝန်း ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတိုးမြှင့်ပေးရေးလုပ်ငန်းစီမံချက် (Enabling Community Recovery and Resilience - ENCORE) ၏ ပြီးခဲ့သည့် ၆ လ အတွင်းမြေပြင်တွင် တိုးတက်မှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် UNDP တို့အကြား ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် UNDP တို့မှ ကိုယ်စားလှယ်စုစုပေါင်း ၁၀ ဦးသည် လူကိုယ်တိုင် တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်စုစုပေါင်း ၁၃ ဦးသည် Online မှ တစ်ဆင့် တက်ရောက်ခဲ့ကြပါသည်။



## UNICEF မှ မြန်မာနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အစီအစဉ် ၇ ခု အကောင်အထည်ဖော်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် သက်တမ်းတိုးမြှင့်ရေး ကိစ္စများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ကျင်းပခြင်း

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)မှ မြန်မာနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ် ၇ ခု အကောင်အထည်ဖော်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့်သက်တမ်းတိုးမြှင့်ရေး ကိစ္စများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေး၌ UNICEF က မြန်မာနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ် (Workplan) ၇ ခုအရ လက်ရှိ ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများ၊ Workplan များ သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UNICEF တို့အကြား ညှိနှိုင်းမှုအခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF မှကိုယ်စားလှယ်များ စုစုပေါင်း ၁၉ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။



# DICA သတင်းကဏ္ဍ

## ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆက်စပ်ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် တက်ရောက်ဆွေးနွေးခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr.Nikolai PATRUSHEV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း ဆက်စပ်ဆွေးနွေးပွဲ (Sideline Consultation) များကို ကျင်းပပြုလုပ်ခဲ့ရာ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆက်စပ်ဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးဆောင်၍ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ကိုယ်စားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံတွင် ရုရှားလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသည့် ကဏ္ဍများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်နိုင်မည့် အခြေအနေများနှင့်ရရှိနိုင်မည့် အကျိုးခံစားခွင့်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



## (၅/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်ငန်းသစ် ၃ ခုကိုခွင့်ပြုခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် နေပြည်တော် ရုံးအမှတ်(၁၈)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၃ ခုကို ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၀.၁၈၀ သန်းနှင့် ကျပ် ၃၁၃,၀၉၂.၉၇၀ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၇၄၄ ခုကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှုဦးစားပေး ဖိတ်ခေါ်ထားသည့် စိုက်ပျိုးရေးလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက်အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈.၄၉ %ဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၄ %ဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄.၃၉ % ဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။



## (၁/ ၂၀၂၄) ကြိမ်မြောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၄ ခုကို ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် နေပြည်တော် ရုံးအမှတ်(၁၈)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၄ ခုကို ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၄၈,၈၆၄.၉၅၅ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၉၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈.၅၀ % ဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၅ % ဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၁ % ဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၇ ခုကို ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈)၊ အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၇ ခုကိုခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈.၂၂ သန်းနှင့် ကျပ် ၉၉,၆၈၃.၁၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁,၃၆၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈.၄၉ % ဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၅ % ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၀ %ဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



## နေပြည်တော်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အေးခဲထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းနှင့် ဥတ္တရသီရိမြို့နယ်ရှိ စက်အုတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဌာနများအကြား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဦးသန်းထွန်းဦး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



အစည်းအဝေးတွင် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းပမာဏအား ပြင်ဆင်ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## နေပြည်တော်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့သည့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်း ၄ ခုသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီက (၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဦးသန်းထွန်းဦး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် စိုက်ပျိုးရေးသုံးရေပိုက်၊ ပိုက်ဆက်ပစ္စည်းများနှင့် ကော်စေ့ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။



## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရုံး၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးအား ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် အဆင်သင့်ဖော်စပ်ပြီးသော ကွန်ကရစ်များ ရောင်းချခြင်းလုပ်ငန်းကို အတည်ပြုခဲ့ပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၂၇ ဦး ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် မလိခခန်းမ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးအား ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီသည်ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဖြင့်ဆောင်ရွက်မည့် ယာဉ်ရပ်နားဝင်း တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း ၁ ခုကိုအတည်ပြုခဲ့ပါသည်။

## ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ကရင်ပြည်နယ်ဥပဒေချုပ်ဦးရဲလွင် အပါအဝင် အဖွဲ့ဝင် ၇ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူထံမှ တင်ပြလာသော အတည်ပြုမိန့်လျှောက်ထားလွှာအား စိစစ်ခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။



## ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေးခြင်း

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့သည် ကရင်ပြည်နယ်၊ မြဝတီမြို့တွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော ဆန်ပြောင်းကြိတ်ခွဲခြင်းနှင့် ဆန်မှုန့် ပြောင်းမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်းမှတာဝန်ရှိသူများနှင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် Video Conferencing ဖြင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို နှင့် ကော်မတီအဖွဲ့ဝင်များ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် မြိတ်ခရိုင်ရှိ ဟိုတယ်နှင့် ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ အတည်ပြုမိန့် ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဟိုတယ်နှင့် ဆက်စပ်ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းက မူလအတည်ပြုမိန့်ပါ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ခွင့်ပြုပေးနိုင်ရေး သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။



## တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၇/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ကော်မတီအဖွဲ့ဝင်များ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။



အဆိုပါအစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် မြိတ်ခရိုင်ရှိ ဟိုတယ်နှင့် ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီအတည်ပြုမိန့် ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

ဆက်လက်၍ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းက မူလအတည်ပြုမိန့်ပါ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ခွင့်ပြုပေးနိုင်ရေး သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

## တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှု ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။


အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရာခိုင်နှုန်းပြည့် မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် ဟိုတယ်နှင့် ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်းနှင့် ဟိုတယ်နှင့် အပန်းဖြေ ဝန်ဆောင်မှုလုပ်ငန်းတို့ကမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြ

လာခြင်းအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ခွင့်ပြုပေးနိုင်ရေးသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။



**မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေးခြင်း**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းကျေးလက်မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်နှင့် ဂျင်နရေတာ အသုံးပြု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် Video Conferencing စနစ်ဖြင့်တွေ့ဆုံဆွေးနွေးပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌမကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။



**မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က တွေ့ဆုံဝန်ဆောင်မှုပေးခြင်း**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့တွင် IPP (BOO) စနစ်ဖြင့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီနှစ်ခုမှ တာဝန်ရှိသူများနှင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း**

မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့

သည့်လုပ်ငန်းအပေါ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။



**မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းစက်မှုဇုန်ရှိကွန်ကရစ်တိုင်၊ ပိုက်၊ ဓာတ်မီးတိုင် ပစ္စည်းများ ထုတ်လုပ်ဖြန့်ချီရောင်းချခြင်း လုပ်ငန်းနှင့် မော်တော်ဆိုင်ကယ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတို့သို့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။



**မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏အတည်ပြုမိန့်နှင့် ဆောင်ရွက်နေသော လုပ်ငန်း ၂၃ ကို၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကွင်းဆင်း စစ်ဆေးခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



**မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်း စစ်ဆေးရေး အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် ဆောင်ရွက်နေသော IPP(BOO)စနစ်ဖြင့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခု၏ တည်ဆောက် ရေးကာလ တိုးမြှင့်ခွင့် အပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စက်မှုလုပ်ငန်း ၂ ခု၏ အတည်ပြု လျှောက်ထားလွှာများကို ခွင့်ပြုခဲ့ပါသည်။ အတည်ပြုမိန့်ရရှိခဲ့သည့် လုပ်ငန်း ၂ ခု၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၄၃၆၈.၄၁၁ သန်း ဖြစ်ပြီး စုစုပေါင်းအလုပ်အကိုင် အခွင့်အလမ်း ၃၁၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။



## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/ ၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၄/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၂၉ ရက်နေ့တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ အောင်ဆန်းခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးသို့ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များတက်ရောက်သည်။

အစည်းအဝေးတွင် ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုနှင့် ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခု အား အတည်ပြုပေးခြင်းနှင့် လုပ်ငန်းတည်ဆောက်မှု/ပြင်ဆင်မှုကာလ တိုးမြှင့်ခွင့်ပြုပါရန်တင်ပြလာသော လုပ်ငန်း ၃ ခုကို အတည်ပြုပေးခြင်းတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၁ခုအား အတည်ပြုပေးခြင်းနှင့် လုပ်ငန်းတည်ဆောက်မှု/ ပြင်ဆင်မှုကာလတိုးမြှင့်ခွင့် ပြုပါရန်တင်ပြလာသောလုပ်ငန်း၁ခုကိုအတည်ပြုပေးခြင်းတို့ကို ဆွေးနွေးဆုံးဖြတ်ကြပါသည်။



## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ၂၉ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။အဆိုပါအစည်းအဝေးသို့ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင်မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခု၏ အတည်ပြုမိန့်တွင် ရင်းနှီးမြှုပ်နှံသူ အမည်ပြောင်းလဲပြင်ဆင်ခွင့်အား အတည်ပြုပေးနိုင်ပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ CMP စနစ်ဖြင့် ဆံပင်တုအမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံသို့၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေများ၊တွေ့ကြုံရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ်ဖြင့် Bedding အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ Wearing Apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့် Foam အမျိုးမျိုးထုတ်လုပ်၍ ပြည်တွင်းရှိ CMP လုပ်ငန်းများသို့ ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၂၁ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့်အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၂/၂၀၂၃) အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင်ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃ ခုနှင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခု ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ CMPစနစ်ဖြင့် အဝတ်အထည် မျိုးစုံချုပ်လုပ်၍ ပြည်ပသို့ ရာခိုင်နှုန်းပြည့် တင်ပို့ခြင်းလုပ်ငန်း၊ နိုင်ငံတကာအဆင့်မီ တန်ဖိုးမြင့်ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ၁၀၀% ပြည်ပတင်ပို့မည့် ပဲအမျိုးမျိုးကြိတ်ခွဲသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း၌ ၁၀၀% ရောင်းချမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်အမျိုးမျိုး ကြိတ်ခွဲရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ ကျပ် ၈,၉၅၀.၂၃၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၇.၀၂၀ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁,၇၁၉ ဦး အတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ ၉ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် လှည်းကူး မြို့နယ်ရှိ CMP စနစ်ဖြင့် အထည်နှင့် အတွင်းခံအမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသောစက်ရုံနှင့် မင်္ဂလာဒုံမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့်အခြေအနေ၊ ကနဦးကုန်ကြမ်းတင်သွင်းမည့်အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့်မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် လျှပ်စစ်ဝါယာကြိုး အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် အခြေအနေ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေတွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာ မြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းနှင့် Contract Processing System နှင့် Normal System စနစ် ၂ မျိုးဖြင့် တန်ဖိုးမြင့် ရေချိုရေငန်ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်ခြင်း၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ပုစွန်နှင့် ငါးမျိုးစုံ ဘလောက်တုံးများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ် ထုတ်လုပ်မည့် အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ အသင့်စားစားသောက်ကုန် ကြာဇံခြောက် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသောစက်ရုံများသို့ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ် ထုတ်လုပ်မည့်အခြေအနေ၊ မီးဘေး အန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင်ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇ ခုနှင့် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၆.၃၉၉ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၆,၅၅၁ ဦးအတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၇ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



## စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲ

များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃ ခုနှင့် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ မြန်မာငွေကျပ် ၉,၁၅၁.၈၀၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၀.၇၀၄ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၉၄ ဦးအတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် မတည်ငွေရင်းပမာဏ တိုးမြှင့်မည့် လုပ်ငန်း ၁ ခု အပါအဝင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ ၈ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးခြင်း**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် Foam & Foam Mattress အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊CMPစနစ်ဖြင့် အရည်အသွေးမြင့် Poly Resin အား အခြေခံ၍ အရည်အသွေးမြင့် Poly Resin, Cold Cast Bronze, Pewter ကြွေထည် ရုပ်ထုများနှင့် ပန်းပုရုပ်ထုများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMPစနစ်ဖြင့် Wearing Apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ Semi Knocked - Down (SKD) စနစ်ဖြင့် သုံးဘီးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့်လုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



**ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း**

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ၅/၂၀၂၃ ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် သတ္တုအရည်ကြိုစက်ရုံ တည်ဆောက်၍ အလူမီနီယံနှင့် Stainless Steel သတ္တုတုံးများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ထောက်ပံ့ ပို့ဆောင်ရေး

ဝန်ဆောင်မှုလုပ်ငန်း၊ စက်ရုံတည်ဆောက်ခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းတို့ကို အတည်ပြုပေးခဲ့ပြီးဆန်စပါးနှင့်ပြောင်း စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကြိတ်ခွဲရောင်းချခြင်း အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအတွက် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု တည်နေရာပြောင်းလဲခြင်းတို့အတွက် တင်ပြလာမှုများကို ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။



**ရော၀တီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုအားပေးခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ရော၀တီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း ဆောင်ရွက်လျက်ရှိသော ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ စက်ရုံသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



**ရော၀တီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း**

ရော၀တီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ၅/၂၀၂၃ ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ရော၀တီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ကျင်းပခဲ့ရာ ရော၀တီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရော၀တီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်းတစ်ခုအတွက် အတည်ပြုပေးခဲ့ပြီး ဆန်စပါး အခြေခံတန်ဖိုးမြှင့်ဆန် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတစ်ခု၏ အတည်ပြုမိန့် ပြန်လည်အပ်နှံခြင်း ကိစ္စများအတွက် တင်ပြလာမှုများကို ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။



**ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း**

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေး ခန်းမ၌ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ပြောင်းအခြောက်ခံသန့်စင်သိုလှောင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အတည်ပြုမိန့် လျှောက်ထားတင်ပြလာခြင်းအပေါ် ခွင့်ပြုပေးခဲ့ပါသည်။ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်သန်း ၅၅၀၀ ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၁ ဦးကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၇ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆.၁၆၃ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆.၁၅၈ သန်း အပါအဝင် ကျပ်သန်း ၃၂၂၂၀.၇၄၄ ကို ခွင့်ပြုပေးထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်ခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၁၃၆၂ ဦးနှင့် ပြည်ပ ၆၈ ဦး တို့ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။



# FERD သတင်းကဏ္ဍ

## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ် ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမာလာမျိုးညွန့်သည် ရန်ကုန်မြို့ရှိ ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်၊ ဌာနေကိုယ်စားလှယ် Mr. Ryu Seungug အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) တွင် ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (Economic Development Cooperation Fund – EDCF) ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ EDCF ချေးငွေဖြင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်သည် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှဌာနခွဲ (၂) မှ ညွှန်ကြားရေးမှူး Ms. Han Younghee အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) တွင် လက်ခံတွေ့ဆုံခဲ့ပါသည်။

ထို့သို့ တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များနှင့် အညီစီမံဆောင်ရွက်နေမှုများ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီ၊ ချေးငွေတို့ဖြင့် စီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်နိုင်ငံသံရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူးတို့အကြား ဆွေးနွေးခြင်း

နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်နိုင်ငံသံရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူးတို့အကြား လူကိုယ်တိုင်(သို့မဟုတ်) Virtual စနစ်ဖြင့် Bilateral Consultation Meeting အစည်းအဝေးများ ကျင်းပနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးများကို ၂၀၂၃ ခုနှစ်၊ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အစည်းအဝေး ၂ ကြိမ်ကျင်းပ၍ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်လျက်ရှိသော စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။



## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွန်ကြားရေးမှူးချုပ်နှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူးMr. Ouyang Daobing တို့အကြား မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်ရန် ယွမ် ၁.၅၀ သန်းပေးအပ်ရေး ဆိုင်ရာလဲလှယ်မှုစာလွှာကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တရုတ်နိုင်ငံဘက်မှလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံဘက်မှ လည်းကောင်း လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ဆောင်ရွက်နိုင်ရေးအတွက် တရုတ်ကျွမ်းကျင်ပညာရှင်များ လာရောက်နိုင်ရေး ညှိနှိုင်း ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် ဆောင်ရွက် နိုင်ရန် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ အထိယဉ်ကျေးမှုကဏ္ဍအတွက် စီမံကိန်း ၁ ခုနှင့် ကျန်းမာ ရေးကဏ္ဍအတွက် စီမံကိန်း ၂ ခု စုစုပေါင်းစီမံကိန်း ၃ ခု တို့၏အဆိုပြုလွှာများကို တရုတ်နိုင်ငံသံရုံးဘက်သို့အဆိုပြု ပေးခဲ့ပါသည်။

Global Development Promotion Center Network ၏တတိယအကြိမ် ညွန်ကြားရေးမှူးချုပ်အဆင့် စကားဝိုင်း ဆွေးနွေးပွဲကို တရုတ်နိုင်ငံ၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (China International Development Cooperation Agency-CIDCA) က ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် Video Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ Network အဖွဲ့ဝင်အဖြစ် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့် ပါဝင် တက်ရောက်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် Global Development Project Pool အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်ရေးဆွဲ သည့် Global Development Project Pool Guidelines (မူကြမ်း)နှင့် Global Development Project Pool Financing Guidelines (မူကြမ်း) တို့နှင့်စပ်လျဉ်း၍ လည်း ကောင်း၊ GDPC Network အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ GDPC အနေဖြင့် GDI ၏ ဦးစားပေး နယ်ပယ် များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် Network အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုစေမည့် စီမံကိန်းများ ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor (Political Section Chief)အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာအောင်မိုးချယ်သည် ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor (Political Section Chief)၊ Mr. Ha Daegoog အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) တွင် လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် ကိုရီးယားနိုင်ငံအနေဖြင့်မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် လူသား ချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရန်အစီအစဉ် များ၊ ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီ၊ ချေးငွေတို့ဖြင့် စီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ကိုရီးယား သမ္မတနိုင်ငံ၏ ပညာသင်ဆု အစီအစဉ်များ၊ ကိုရီးယား သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ကိစ္စရပ်များကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

# ပြည်တွင်း/ ပြည်ပ

# သတင်းကဏ္ဍ

## ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပခြင်း

ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee-DEDC)၊ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ ဥက္ကဋ္ဌ -၁ ဖြစ်သူ ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဥက္ကဋ္ဌ-၂ ဖြစ်သူ ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အောက်ရှိ လုပ်ငန်းကော်မတီများ၏ အတွင်းရေးမှူးများ၊ DEDC Joint Task Force မှ တာဝန်ရှိသူများ၊ DEDC အတွင်းရေးမှူး-၁ ရုံးအဖွဲ့မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ လုပ်ငန်းကော်မတီ အသီးသီးမှ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ-၁ နှင့် ဥက္ကဋ္ဌ-၂ တို့ထံ တင်ပြခဲ့ကြပါသည်။ အထူးသဖြင့် DEDC Joint Task Force က ပြန်လည်သုံးသပ်မွမ်းမံ ပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံအသစ် (ပထမမူကြမ်း) ကိုအပြီးသတ်ဆွေးနွေး၍ အတည်ပြုနိုင်ခဲ့ကြောင်းသတင်းရရှိပါသည်။

မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ (အသစ်) ကို မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ဒီဂျစ်တယ်အသွင်သို့ ကူးပြောင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံးပါဝင်သည့် ဒီဂျစ်တယ်စီးပွားရေး ပိုပြင်စွာပေါ်ထွန်းလာစေပြီး ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်း၍ အာဆီယံဒေသတွင်း၌ ညှိနှိုင်းနေသော e-Commerce ဆိုင်ရာ သဘောတူညီချက်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) တွင် ဆွေးနွေးဆောင်ရွက်နေသော e-Commerce ဆိုင်ရာ မူဘောင်သဘောတူညီချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ပါသည်။

အဓိက ရည်မှန်းချက်အနေဖြင့် ဒီဂျစ်တယ် စီးပွားရေး ဖော်ဆောင်မှုကို ဒီဂျစ်တယ်မြန်မာ (Digital Myanmar) အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဦးတည်ဆောင်ရွက်ပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ဒေသအတွင်း ဒီဂျစ်တယ်စီးပွားရေးကဏ္ဍ၌ တိုးတက်မှုနှုန်း မြင့်မားသောနိုင်ငံတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိက မောင်းနှင်အားသည် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small & Medium Enterprises - MSMEs) များ ဖြစ်ပါသည်။ ၎င်းတို့ တိုးတက်မှုရှိပါမှ ထိုနိုင်ငံ၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်ပါမည်။ လုပ်ငန်းစတင်ရန် အရင်းအနှီးမလုံလောက်မှုသည် MSMEs များ၏ အဓိက စိန်ခေါ်မှုများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ခေတ်မီဒီဂျစ်တယ်နည်းပညာများကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် အချိန်၊ ငွေ၊ ဝန်ထမ်းအင်အားတို့ကို လျှော့ချနိုင်ပြီး ထိရောက်သော အောင်မြင်မှုများကို အချိန်တိုအတွင်း ရယူနိုင်မည့် အခွင့်အလမ်းကောင်းများကို ဒီဂျစ်တယ်စီးပွားရေးက ပေးစွမ်းနိုင်ပါသည်။

ယနေ့ခေတ်ကာလသည် ဒီဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကမ္ဘာတစ်လွှားရှိ အငယ်စား၊ အသေးစား၊ အလတ်စား စီပွားရေးလုပ်ငန်းများသည်လည်း ခေတ်မီနည်းပညာများကို အသုံးပြု၍ ဒီဂျစ်တယ်စီးပွားရေး အသွင်ဖော်ဆောင်ကာ ဆောင်ရွက်လျက်ရှိကြပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၊ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

ကော်မတီက ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိသော မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ (အသစ်) သည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားကို ဒီဂျစ်တယ်နည်းလမ်းဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကမောင်းနှင် တွန်းအားပေးနိုင်သည့် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ပေးမည့် လမ်းပြမြေပုံတစ်ရပ်ဖြစ်လာမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

source: ဝင်းပပသူ (ကုန်သွယ်ဦးစီး)

## စိန်ခေါ်မှုများနှင့် နိုင်ငံတကာအရေးကိစ္စများကြားမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ ကျင်းပခြင်း

**နောက်ခံအခြေအနေ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အမြင့်ဆုံး ဆုံးဖြတ်ချက်များ ချမှတ်သည့်ဝန်ကြီးအဆင့်ညီလာခံကို ၂ နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိရာ (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံကိုကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တည်ထောင်ခဲ့ခြင်းနှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် လက်ရှိစိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည့်နိုင်ငံတကာအရေးကိစ္စများကြားမှ ကျင်းပခဲ့ပါသည်။ (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံကို အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ မြို့တော်အဘူဒါဘီ၌ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပရန် မူလကစီစဉ်ထားသော်လည်း ညှိနှိုင်းဆွေးနွေးမှုများ အပြီးမသတ်နိုင်သဖြင့် ၂ ရက်ထပ်တိုး၍ မတ်လ ၂ ရက်နေ့အထိ ကျင်းပခဲ့ရပါသည်။

ဝန်ကြီးအဆင့်ညီလာခံတို့၏ ထုံးစံအတိုင်း (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံကိုလည်း နိုင်ငံစုံကုန်သွယ်ရေးဆိုင်ရာစည်းမျဉ်းအသစ်များအတည်ပြုနိုင်ရေး၊ အဖွဲ့ဝင်အသစ်များလက်ခံရေး၊ အရေးကြီးသောပြန်လည်ပြုပြင်ရေးလုပ်ငန်းများအားဆွေးနွေးနိုင်ရေးနှင့် အနာဂတ်လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေးစသည့် ရည်မှန်းချက်များဖြင့် ကျင်းပခဲ့ပါသည်။ ပြီးခဲ့သည့် (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံတွင် ရလဒ်များ ထွက်ပေါ်ခဲ့သောကြောင့် ယခုအကြိမ်တွင်လည်းမည်သည့်ရလဒ်များထွက်ပေါ်မည်၊ ကမ္ဘာ့ကုန်သွယ်မှုမြင်ကွင်းကို မည်သို့အကျိုးသက်ရောက်စေမည်၊ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အပေါ် မည်မျှအထောက်အပံ့ပြုနိုင်မည် စသည့်မေးခွန်းများက ညီလာခံသို့တက်ရောက်မည့်ဝန်ကြီးများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ညီလာခံသဘာပတိဖြစ်သူ ယူအေအီး နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးတို့အပေါ် ညီလာခံမကျင်းပမီကတည်းကဖိအားများဖြစ်ပေါ်စေခဲ့ပါသည်။

**(၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ၏ ရလဒ်အဖြစ် မျှော်မှန်းထားသည့် ကိစ္စများ**

**(က) စားနပ်ရိက္ခာဖူလုံရေး**

(၁၂) ကြိမ်မြောက်ဝန်ကြီးအဆင့်ညီလာခံတွင်စားနပ်ရိက္ခာဖူလုံရေးနှင့်စပ်လျဉ်း၍ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ဝယ်ယူသည့် စားသောက်ကုန်များအပေါ် ပို့ကုန်တားမြစ်ခြင်း မပြုရန်နှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပေါ်တုံ့ပြန်ရန်ဟူ၍ ဆုံးဖြတ်ချက် ၂ ခု ချမှတ်နိုင်ခဲ့ပါသည်။ ယခု (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံတွင်လည်း စားနပ်ရိက္ခာဖူလုံရေးနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်အသစ်များ ထွက်ပေါ်ရေးမှာ အဖွဲ့ဝင်နိုင်ငံအားလုံးနီးပါးအတွက် အဓိကဖြစ်ခဲ့ပါသည်။ ယခုညီလာခံမတိုင်မီ ၁ လခန့်အလိုတွင် လယ်ယာကဏ္ဍညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌမှ အဖွဲ့ဝင်နိုင်ငံများ၏ အဆိုပြုချက်များကို မျှတစွာ အခြေခံထားသည့် ဆုံးဖြတ်ချက်(မူကြမ်း)ကို တင်ပြခဲ့သော်လည်းညှိနှိုင်းဆွေးနွေးမှုများတွင် ကွဲပြားသောရှုထောင့်များကြောင့် ရလဒ်ထွက်ပေါ်ရေး ခက်ခဲစေခဲ့ပါသည်။ စားနပ်ရိက္ခာဖူလုံရေးကို ဦးတည်သော်လည်း အချို့နိုင်ငံများက အစိုးရဝယ်ယူသိုလှောင်ရေး (Public Stockholding)၊ ဈေးနှုန်းကြီးမြင့်ခြင်းအတွက် အထူးအကာအကွယ်ပေးရေး (Special Safeguard Mechanism)၊ ပြည်တွင်း အထောက်အပံ့ပေးရေး (Domestic Support)နှင့် ဝါဂွမ်း(Cotton) ကိစ္စများနှင့် ပူးတွဲဆွေးနွေးကြသလို အချို့နိုင်ငံများက ပွင့်လင်းမြင်သာမှု (Transparency)၊ လယ်ယာပို့ကုန်အပေါ် တားမြစ်မှုများ

(Export Restriction) နှင့်အတူ ဆွေးနွေးကြပြီး အချို့က လယ်ယာဈေးကွက် (Market Access) ဖွင့်ပေးရန်နှင့် လယ်ယာ ပို့ကုန်အပေါ် ယှဉ်ပြိုင်နိုင်မှု (Export Competition)တို့ကို ထည့်သွင်းဆွေးနွေးကြပါသည်။

ယင်းသို့ကွဲပြားသော အမြင်များအကြား အဖွဲ့ဝင်အားလုံး သဘောတူညီနိုင်သည်မှာ စားနပ်ရိက္ခာဖူလုံရေးရလဒ်သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) အတွက် အကျိုးအမြတ် ရရှိစေရေးပင်ဖြစ်ပါသည်။ သို့သော် ကတိကဝတ်များ၏ စည်းနှောင်မှုသဘောတရားနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏အခွင့်အရေးအပေါ် ဖွံ့ဖြိုးဆဲနိုင်ငံများကပါ ခံစားနိုင်သည့် အကျိုးသက်ရောက်မှုများကြောင့်လယ်ယာကဏ္ဍတွင် ရလဒ်ထွက်ပေါ်ခဲ့ခြင်းမရှိပါ။

(ခ) **ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးခြင်း ဆိုင်ရာ သဘောတူညီချက်အား အတည်ပြု ပြဋ္ဌာန်းနိုင်ရေး အပါအဝင် ထပ်တိုးရလဒ်များ ထွက်ပေါ်ရေး**

(၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ၏ ရလဒ်ဖြစ်သည့် ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးခြင်းဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နှစ်ပေါင်း ၃၀ နီးပါးသက်တမ်းအတွင်း ဒုတိယအကြိမ်မြောက်အောင်မြင်မှုတစ်ခုဖြစ်ပါသည်။

သဘောတူညီခဲ့သည့် ငါးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းအသစ်များတွင် (၁) တရားမဝင်၊ စာရင်းမှတ်သားထားခြင်းမရှိ၊ ဥပဒေနှင့် ထိန်းချုပ်ထားခြင်း မရှိသော ငါးဖမ်းမှုများအား မထောက်ပံ့ရန်၊ (၂) အလွန်အကျွံ ငါးဖမ်းမှုများအား မထောက်ပံ့ရန်၊ (၃) ငါးသယံဇာတထိန်းသိမ်းခြင်းကို တာဝန်ခံထားခြင်း မရှိသည့် စည်းကမ်းမဲ့ ပင်လယ်ပြင်ငါးဖမ်းခြင်းကိုမထောက်ပံ့ရန်တို့ပါဝင်ပြီး ထုတ်လုပ်နိုင်မှု စွမ်းရည်များကြောင့် အလွန်အကျွံငါးဖမ်းခြင်း အပေါ်တွင်မူ သဘောတူညီခဲ့ခြင်းမရှိပါ။

၂၀၂၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သော ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးခြင်းဆိုင်ရာ သဘောတူညီချက်၏ ဒုတိယအကြိမ် ညှိနှိုင်းမှုများတွင် ထုတ်လုပ်နိုင်မှု စွမ်းရည်များကြောင့် အလွန်အကျွံငါးဖမ်းခြင်းအပေါ်စည်းမျဉ်းများချမှတ်နိုင်ရန်၊ ငါးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုများ ထားရှိသော အဖွဲ့ဝင်နိုင်ငံများအားကင်းလွတ်ခွင့်ပေးနိုင်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးနှင့် ကွဲပြားခြားနားသော အခွင့်အရေးများပေးနိုင်ရန်တို့ကို အဓိကထားညှိနှိုင်းခဲ့ပါသည်။

(၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ နီးကပ်လာသည်နှင့်အမျှ သိသာသော တိုးတက်မှုရရှိရန် ငါးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌမှ ဆုံးဖြတ်ချက်မူကြမ်းအား အဖွဲ့ဝင်နိုင်ငံများသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဖြန့်ဝေခဲ့သော်လည်းစည်းမျဉ်းအသစ်များနှင့်စပ်လျဉ်း၍ ညီလာခံမှ ရလဒ်တစ်စုံတစ်ရာ ထွက်ပေါ်ခဲ့ခြင်းမရှိပါ။

သို့သော် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ရက်နေ့အထိ စာရင်းများအရ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်အား ထောက်ခံသည့်နိုင်ငံပေါင်း ၇၁ နိုင်ငံအထိ တိုးတက်ခဲ့ပါသည်။ သဘောတူညီချက် အတည်ပြုပြဋ္ဌာန်းနိုင်ရေး အဖွဲ့ဝင်နိုင်ငံအားလုံး၏ ၃ ပုံ ၂ ပုံမှ (စုစုပေါင်း နိုင်ငံ ၁၁၀ ) လက်ခံရန် လိုအပ်ရာ နောက်ထပ် အဖွဲ့ဝင် ၃၉ နိုင်ငံမှ လက်ခံကြောင်း တင်ပြရန် လိုအပ်နေပါသည်။ ယခုညီလာခံအလွန်တွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျန်ရှိနေသော ညှိနှိုင်းမှုကိစ္စများအပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကူးအပြောင်းကာလ၊ အတင်းအကြပ်ခိုင်းစေသည့် လုပ်သားများကိစ္စကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ဂ) **ပြုပြင်ပြောင်းလဲရေးကိစ္စများ**

ပြုပြင်ပြောင်းလဲရေးကိစ္စများတွင် ယေဘုယျအားဖြင့် (၁) အငြင်းပွားမှုဖြေရှင်းရေး စနစ်အား ပြုပြင်ပြောင်းလဲရေး၊ (၂) ကော်မတီများနှင့်ကောင်စီများ၏ လုပ်ငန်းများ ထိရောက်မှုရှိရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ (၃) အဖွဲ့ဝင်နိုင်ငံအများစု ပါဝင်သည့် plurilateral ညှိနှိုင်းမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏

သဘောတူညီချက်များ အောက်သို့ ထည့်သွင်းရေး၊ (ဃ) အထူးနှင့်ကွဲပြားသော အခွင့်အရေးရရှိမည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အဆင့်သတ်မှတ်ရေး စသည့် အဆိုပြုချက်များ ပါဝင်ပါသည်။

**<u>အငြင်းပွားမှုဖြေရှင်းရေးစနစ်အား ပြုပြင်ပြောင်းလဲရေး</u>**

ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၊ အငြင်းပွားမှု စနစ်၏ အယူခံ အဖွဲ့ဆုံးဖြတ်မှုများအပေါ် အမေရိကန်နိုင်ငံက နှစ်ပေါင်းများစွာ မကျေနပ်မှုများ၏ အကျိုးဆက်အဖြစ် ၂၀၁၇ ခုနှစ်ကစ၍ အယူခံအဖွဲ့ဝင်များ ပြန်လည်ခန့်အပ်ရေးကို ပိတ်ပင်ခဲ့ရာမှ ပြုပြင်ပြောင်းလဲရေးစတင်ခဲ့ပါသည်။ ရပ်တန့်နေသော အယူခံအဖွဲ့၏ စုံစမ်းစစ်ဆေးမှုများကြောင့် အီးယူဦးဆောင်သည့် အဖွဲ့ဝင် ၄၇ နိုင်ငံက ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစ၍ နိုင်ငံအများစုပါဝင်သည့် ကြားကာလအနုညာတစီရင်ဆုံးဖြတ်ခြင်း သဘောတူညီချက် (Multi Party Interim Arbitration Agreement-MPIA)ကို အကောင်အထည်ဖော်ခဲ့သော်လည်း အမေရိကန်၊ အိန္ဒိယ၊ ရုရှား၊ ဘရာဇီး အပါအဝင် နိုင်ငံများစွာမှ ထောက်ခံခြင်း မပြုခဲ့ပါ။

(၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံတွင် ရပ်တန့်နေသော အယူခံအဖွဲ့ ပြန်လည်ဖွဲ့စည်းရေး အပါအဝင်အငြင်းပွားမှုစနစ် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ညှိနှိုင်းမှုများကို ၂၀၂၄ ခုနှစ်တွင် အပြီးသတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့သော် အငြင်းပွားမှုစနစ်ကို အများဆုံးအသုံးပြုနေသည့် အမေရိကန်က "အငြင်းပွားမှု ဖြေရှင်းရေးသည် အခြားနိုင်ငံတကာ သဘောတူညီချက်များကဲ့သို့ စာချုပ်အပေါ် အခြေခံသော်လည်း နှစ်နိုင်ငံကြားသာ အကျုံးဝင်သည့်ကိစ္စ" ဟု ယူဆချက်နှင့် အီးယူနှင့် နိုင်ငံအများစုက "အငြင်းပွားမှုဖြေရှင်းရေးသည် အဖွဲ့အစည်းတစ်ခု၏ ဆုံးဖြတ်ပိုင်ခွင့်ကို အထောက်အကူပြုမည့် နိုင်ငံတကာတရားရုံးတစ်ခု အဖြစ် ရပ်တည်ရေး"ဟု ကွဲပြားသော ယူဆချက်များကြောင့်လည်းကောင်း၊ ဝန်ကြီးအဆင့်ညီလာခံကျင်းပသည့် ကာလသည် အမေရိကန်၏ ရွေးကောက်ပွဲ မဲဆွယ်ကာလ ဖြစ်သောကြောင့် လည်းကောင်း အငြင်းပွားမှု ဖြေရှင်းရေး ပြုပြင်ပြောင်းလဲမှုများတွင် သဘောတူညီမှု မရရှိသေးပါ။

**<u>ကော်မတီများနှင့် ကောင်စီများ၏ လုပ်ငန်းများ ထိရောက်မှုရှိရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေး</u>**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်တစ်ခုမှာတည်ငြိမ်ပြီး ခန့်မှန်းနိုင်သည့် နိုင်ငံတကာ ကုန်သွယ်ရေးစနစ် ဖော်ဆောင်ရန်ဖြစ်ရာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုန်သွယ်မှု နည်းလမ်းများအား အသိပေးအကြောင်းကြားရန် တာဝန်ရှိပါသည်။ နိုင်ငံများအကြား အသိပေးအကြောင်းကြားမှုမှာ ကွာဟနေပြီး အကြောင်းပြချက်များလည်း မတူညီသောကြောင့် ကုန်သွယ်မှုနည်းလမ်းများကို အခြေခံနေသည့် ညှိနှိုင်းမှုများ ရှေ့တိုးရေးအတွက် နည်းလမ်းချမှတ်ပေးရန် လိုအပ်လာပါသည်။

အသိပေး အကြောင်းကြားမှုများ တိုးတက်စေရန် အီးယူနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများက အီလက်ထရောနစ်နည်းလမ်းဖြင့် အချက်အလက်မျှဝေသည့် ပုံစံအပါအဝင် နည်းလမ်းများအား ပံ့ပိုးပေးရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများက လူ့စွမ်းအားရင်းမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် စသည်ဖြင့် ကွဲပြားသော ဆွေးနွေးချက်များရှိပြီး (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံတွင် ဆက်လက်ဆောင်ရွက်မည့်နည်းလမ်းများအပေါ် သဘောတူညီနိုင်ခဲ့ခြင်းမရှိပါ။

**<u>အဖွဲ့ဝင်နိုင်ငံအများစု၏ (Plurilateral) ညှိနှိုင်းမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ သဘောတူညီချက်များ အောက်သို့ ထည့်သွင်းရေး</u>**

ရပ်တန့်လုနီးပါးဖြစ်နေသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညှိနှိုင်းမှုများကို ပြောင်းလဲလိုသည့် နိုင်ငံအများစုက (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအပြီးတွင် Plurilateral ညှိနှိုင်းဆွေးနွေးမှုများကို စတင်ဆောင်ရွက်လာပါသည်။ ဆွေးနွေးသည့် ကဏ္ဍများမှာ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့

ရေး၊ e-Commerce ၊ ဝန်ဆောင်မှုဆိုင်ရာ ပြည်တွင်း ဥပဒေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များ ဖြစ်ပါသည်။

ဆက်လက်၍ (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံတွင်လည်း Plurilateral ညှိနှိုင်း ဆွေးနွေးမှုများ ပိုမိုများပြားလာပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး၊ ပလပ်စတစ် ညစ်ညမ်းမှုနှင့် ရုပ်ကြွင်းလောင်စာအပေါ် အထောက်အပံ့ပေးမှုများ ပါဝင်လာခဲ့ပါသည်။

(၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ မတိုင်မီတွင် ရင်းနှီးမြှုပ်နှံမှုလွယ်ကူ ချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်ကို အဆုံးသတ်နိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၂၀ ကျော်မှ ထောက်ခံခဲ့ကြသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်အဖြစ်ထည့်သွင်းပေးပါရန် အဆိုပြုခဲ့ကြသော်လည်း အိန္ဒိယမှ ကန့်ကွက်ခဲ့မှုကြောင့် တူညီဆန္ဒမရရှိခဲ့ပါ။ အလားတူ မကြာမီ အပြီးသတ်တော့မည့် e-Commerce ဆိုင်ရာ သဘောတူညီချက်မှာလည်း တရားဝင်ရပ်တည်နိုင်မှုအတွက် အခက်အခဲများ တွေ့ကြုံနေရပါသည်။

**<u>အထူးနှင့်ကွဲပြားသော အခွင့်အရေးရရှိမည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အဆင့်သတ်မှတ်ရေး</u>**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြေခံစည်းမျဉ်းများသည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်ဖြစ်ရာ (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံတွင် ဖွံ့ဖြိုးမှု အနည်းဆုံးအဆင့်မှ လွတ်မြောက်သည့်နိုင်ငံများ၏ ကူးပြောင်းကာလအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဆိုင်ရာ အခွင့်အရေးများကို ၃ နှစ်အထိ ဆက်လက်ပေးအပ်ရေး ဆုံးဖြတ်ချက်ထွက်ပေါ်ခဲ့ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် သဘောတူညီချက်များတွင် အထူးနှင့် သီးခြားအခွင့်အရေးများကို ဖော်ပြထားပြီး အကျိုးခံစားနိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံ အဆင့်အတန်းကို လက်ရှိတွင် မိမိဘာသာ သတ်မှတ်ခွင့်ပြုထားပါသည်။ သို့သော် အမေရိကန်နှင့် ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဘရာဇီးကဲ့သို့သော နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံ အဆင့်အတန်းတွင် အခွင့်အရေးများ ရယူနေခြင်းအပေါ် ပြင်ဆင်နိုင်ရန် အဆိုပြုချက်များ တင်ပြခဲ့ရာ နိုင်ငံရေးရှုထောင့်မှ ဆွဲယူသုံးသပ်မှုများအတွက် လက်ရှိတွင် အငြင်းပွားဆဲဖြစ်ပါသည်။

**(၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ ရလဒ်များ**

ပုံမှန် ၄ ရက် ကျင်းပခြင်းအစား ၆ ရက်အထိ တိုး၍ ကျင်းပခဲ့ရသည့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံတွင် အောက်ပါရလဒ်များ ထွက်ပေါ်ခဲ့ပါသည် -

(က) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဖြစ်သော ကော်မောရိုစ်နှင့် တီမောလက်စ်နိုင်ငံများအား အဖွဲ့ဝင်အဖြစ်လက်ခံခဲ့ပြီး ယခုအခါ ကမ္ဘာ့ကုန်သွယ်မှု၏ ၉၅ % ကို ဆောင်ရွက်နေသည့် နိုင်ငံပေါင်း ၁၆၆ နိုင်ငံမှာ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်အဖြစ် ပါဝင်လာပြီဖြစ်သည့် ဆုံးဖြတ်ချက်၊

(ခ) ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကော်မတီမှ နိုင်ငံငယ်များအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်ကို ဆက်လက် အကောင်အထည်ဖော်ရန်၊ အထူးသဖြင့် e-Commerce နှင့် ဒီဂျစ်တယ်စီးပွားရေးစနစ်တို့တွင် ယှဉ်ပြိုင်နိုင်မှုတိုးတက်စေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အကောက်ခွန် မဟုတ်သော နည်းလမ်းများကြောင့် ကြီးမြင့်လာသော ကုန်သွယ်မှုစရိတ်များအား လျှော့ချရေး၊ နိုင်ငံငယ်များ၏ ကုန်သွယ်မှု မူဝါဒများသည် ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်ရေးတို့ကို လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ဆုံးဖြတ်ချက်၊

(ဂ) ဖွံ့ဖြိုးမှုအနည်းဆုံးအဆင့်မှ လွတ်မြောက်သည့် နိုင်ငံများ၏ ကူးပြောင်းကာလအတွင်း ဖွံ့ဖြိုးမှု

အနည်းဆုံးနိုင်ငံဆိုင်ရာ အခွင့်အရေးများကို ၃ နှစ်အထိ ဆက်လက်ပေးအပ်ရန် ဆုံးဖြတ်ချက်၊

(ဃ) (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံတွင် သဘောတူညီခဲ့သော အငြင်းပွားမှု ဖြေရှင်းရေး စနစ် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ညှိနှိုင်းမှုများကို ၂၀၂၄ ခုနှစ်တွင် အပြီးသတ်ရန် ဆုံးဖြတ်ချက်၊

(င) အီလက်ထရောနစ်ဒေတာ (သို့မဟုတ်) သတင်းအချက်အလက်များ လွှဲပြောင်းခြင်း အပေါ် အကောက်ခွန်ကောက်ခံခြင်းမပြုရန် ဆုံးဖြတ်ချက်ကို (၁၄) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ (သို့မဟုတ်) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဆက်လက်ကျင့်သုံးရန် ဆုံးဖြတ်ချက်၊

(စ) ကုန်သွယ်မှုနှင့် သက်ဆိုင်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက် Article 64.2 အရ သဘောတူညီချက်ကို မချိုးဖောက်သော်လည်း အခြားနိုင်ငံ၏ အခြေအနေများအရ အဖွဲ့ဝင်နိုင်ငံက နစ်နာသည်ဟု သက်သေပြပါက တိုင်ကြားနိုင်ခွင့်ကို ဆက်လက်ကျင့်သုံးရန် ဆုံးဖြတ်ချက်၊

ထို့ပြင် အဘူဒါဘီဝန်ကြီးအဆင့် ညီလာခံ ကြေညာချက်၊ ကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီးများကို လျှော့ချရေးနှင့် လူ၊ တိရိစ္ဆာန်နှင့် အပင်တို့၏ ဇီဝကျန်းမာရေးအတွက် ဝန်ကြီးအဆင့် ကြေညာချက်များလည်း ထုတ်ပြန်နိုင်ခဲ့ပါသည်။

**သုံးသပ်ချက်**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံကို ပိုမိုအားနည်းလာသော ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ခက်ခဲလာသော နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအခြေအနေများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဓိကကစားသူများဖြစ်သည့် အမေရိကန်၊ အိန္ဒိယတို့၏ ရွေးကောက်ပွဲ မဲဆွယ်ကာလများအကြားတွင် ကျင်းပခဲ့ရပါသည်။ ညီလာခံက မျှော်မှန်းထားသလောက် ရလဒ်များ ထွက်ပေါ်လာခြင်းမရှိသော်လည်း အရေးကြီးသော ရလဒ်များထွက်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ အဖွဲ့ဝင်အသစ်များ ဝင်ရောက်မှုအရ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများသည် နိုင်ငံစုံ ကုန်သွယ်ရေးတွင်လိုက်ပါရန် စိတ်အားထက်သန်ကြပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အပေါ်၌လည်း ယုံကြည်မှုရှိကြောင်း မှတ်ချက်ပြုနိုင်ပါသည်။ သဘောတူညီမှုမရရှိသေးသည့် ရှိရင်းစွဲညှိနှိုင်းမှုများ၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့ရေး၊ e-Commerce နှင့် ဒီဂျစ်တယ်စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် ကဏ္ဍအသစ်များကို ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေရာ ဦးဆောင်နိုင်ငံများ အနေဖြင့် နိုင်ငံရေးအရ ရပ်တည်မှုများအစား ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးရန် အထူးလိုအပ်လှပါသည်။ ထို့ပြင် သဘောတူညီချက်များအား တူညီဆန္ဒဖြင့် ဆုံးဖြတ်မှုအစား အဖွဲ့ဝင်နိုင်ငံများ၏ ၃ ပုံ ၂ ပုံက သဘောတူပါက ဆက်လက် ဆောင်ရွက်နိုင်ခြင်း (ဥပမာ- ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးခြင်းဆိုင်ရာ သဘောတူညီချက်) နည်းလမ်းကို ပြောင်းလဲကျင့်သုံးလျက်ရှိရာ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး ကောင်စီဆိုင်ရာ အတွင်းရေးမှူးအဖွဲ့အနေဖြင့် အဖွဲ့ဝင်နိုင်ငံအကြား ရှေ့ဆက်မတိုးသည့် ညှိနှိုင်းမှုများကိုလည်း ယင်းကဲ့သို့ ဥပဒေပိုင်းအရ အကြံပြုသည့် ဆန်းသစ်မှုရှိသော စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ပုံစံများကို အကြံပြုပေးပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ရပ်တည်ချက် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

Source: ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊
What to expect from MC 13 (IISD)
MC 13 Outcomes (www.dentons.com)

## အိန္ဒိယ MSMEs အား ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန် အချိန်နှင့်တစ်ပြေးညီ လုံလောက်သော ဘဏ္ဍာငွေကြေး၊ နည်းပညာနှင့် သင့်လျော်သော လေ့ကျင့်သင်ကြားမှုများ ပံ့ပိုးဆောင်ရွက်ပေးရန်မှာ အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပြောကြားခြင်း

အိန္ဒိယအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ (MSMEs) အား ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန် အချိန်နှင့်တစ်ပြေးညီ လုံလောက်သော ဘဏ္ဍာငွေကြေး၊ နည်းပညာနှင့် သင့်လျော်သော လေ့ကျင့်သင်ကြားမှုများကို ပံ့ပိုးဆောင်ရွက်ပေးရန်မှာ အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဖြစ်ပါကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး Nirmala Sitharaman မှ ယခုလ ၁ ရက်နေ့က ကျင်းပပြုလုပ်သော (၆) ကြိမ်မြောက် ရသုံးမှန်းခြေ ငွေစာရင်းအစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် အငယ်စားစီးပွားရေး လုပ်ငန်းများအတွက် ချေးငွေရရှိမှု၊ နည်းပညာမွေးစားရယူခြင်း သို့မဟုတ် အခွန် (GST) တို့နှင့် ပတ်သက်သော မည်သည့်ထုတ်ပြန်ကြေညာချက်အသစ်ကိုမျှ ထည့်သွင်းပြောကြားသွားခြင်း မရှိဟု Financial Express သတင်းဌာနက ဖော်ပြထားသည်။

MSMEs များကို အဆင်ပြေချောမွေ့စေမည့် စည်းမျဉ်းဥပဒေ ပတ်ဝန်းကျင်တစ်ခုရရှိရေးသည် အစိုးရမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် မူဝါဒအစုအပေါင်း (Policy mix)၏ အရေးကြီးသော အခြေခံမှုတစ်ရပ်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

MSMEs များသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည့်အတွက် လွန်စွာအရေးပါကြောင်း၊ ၎င်းတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး၊ စိမ်းလန်းသော စီးပွားရေး အဆောက်အအုံ တစ်ခုဖြစ်လာရန် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရန်နှင့် ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန်အတွက် ၎င်းတို့၏ လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပေးသည့် မူဝါဒ ပတ်ဝန်းကျင်ကောင်းတစ်ခုအား အရေးတကြီးလိုအပ်လျက်ရှိသည်ဟု Primus Partners တွဲဖက်တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာ Kanishk Maheshwari က ပြောကြားခဲ့သည်။

နိုင်ငံ၏ စီးပွားရေးတိုးတက်ရန်၊ အလုပ်အကိုင်နှင့် ဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်ရန်အတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် နှစ် ၅၀ အတိုးမဲ့ချေးငွေရန်ပုံငွေတစ် ရပ်ကို ထူထောင်သွားမည့်အကြောင်း ဝန်ကြီး Sitharaman ပြောကြားခဲ့သည်။ အဆိုပါ နှစ်ရှည် ချေးငွေရန်ပုံငွေသည် ပုဂ္ဂလိကကဏ္ဍအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရန်ဖြစ်ပြီး၊ အတိုးနှုန်းသက်သာသော သို့မဟုတ် အတိုးမဲ့ကာလရှည် ချေးငွေများကို ဖန်တီးပေးရန်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အစိုးရ၏ အဆိုပါရန်ပုံငွေကြောင့် အိန္ဒိယ SMEs/MSMEs နှင့် ထွန်းသစ်စလုပ်ငန်းများ အပါအဝင် စက်မှုလက်မှုကဏ္ဍတစ်ခုလုံးရှိလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုအရည်အသွေးများ တိုးတက်ကောင်းမွန်ကာ အပြန်အလှန်အားဖြင့် ပို့ကုန်များကို ပိုမိုတိုးတက်ကောင်းမွန် လာစေမည်ဖြစ်ကြောင်း JSA Advocates and Solicitors ၏ စီးပွားရေး အတိုင်ပင်ခံ Nitin Potdar က ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် လာမည့်ဘဏ္ဍာနှစ်၏ ဘတ်ဂျက် (ရသုံးမှန်းခြေစာရင်း) တွင် ငွေလုံးငွေရင်းအသုံးစရိတ်ကို ရူပီး ၁၁ ဒသမ ၁ ထရီလီယံအထိ တိုးမြှင့်သုံးစွဲသွားမည့် နိုင်ငံ၏ ဈေးကွက်များအပေါ် အကျိုးသက်ရောက်မှု သိသိသာသာဖြစ်ပေါ်လာပြီး၊ အထူးသဖြင့် ကုန်သည်များကို အကျိုးကျေးဇူးရှိစေလိမ့်မည်ဟု အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကုန်သည်အဖွဲ့ချုပ် (Confederation of All India Traders-CAIT) က ပြောကြားခဲ့သည်။

အဆိုပါငွေလုံးငွေရင်း အသုံးစရိတ်တို့အား မြှင့်လိုက်ခြင်းကြောင့် စီးပွားရေးအခွင့်အလမ်းများကို တိုးမြှင့်လာစေမည့် စီမံကိန်းများစွာကို အရှိန်အဟုန် မြှင့်တင်ပေးမည်ဖြစ်ကာ အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်လိမ့်မည်ဟု CAIT ၏ အမျိုးသားရေးဆိုင်ရာ ဥက္ကဋ္ဌ B.C. Bhartia နှင့် အတွင်းရေးမှူးချုပ် Praveen Khandelwal တို့က ပြောကြားခဲ့သည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံ၏ လာမည့်ဘဏ္ဍာနှစ်ဘတ်ဂျက်တွင် ငွေလုံးငွေရင်းအသုံးစရိတ်အား ရူပီး ၁၁ ဒသမ ၁ ထရီလီယံအထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပြီး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် နှစ် ၅၀ အတိုးမဲ့ သို့မဟုတ် အတိုးနှုန်းသက်သာသောချေးငွေရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားမည့် အကြောင်းသိရှိရပါသည်။ သို့သော်

MSMEs များအတွက် သီးခြားရည်ရွယ်သော အစီအစဉ်များ မပါရှိသည်ကို တွေ့ရပါသည်။

သို့သော်လည်း သွယ်ဝိုက်သောအားဖြင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက် ကောင်းမွန်လာကာ MSMEs ကုန်သည်လုပ်ငန်းရှင်များကို ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုရရှိစေပြီး၊ ပို့ကုန်များတိုးတက် တင်ပို့လာနိုင်စေပါသည်။ ယင်းမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးမှုများစွာကို ပြုလုပ်နိုင်လိမ့်မည်ဟု ကုန်သည်အသင်းအဖွဲ့နှင့် ကျွမ်းကျင်သူတို့၏ ခန့်မှန်းချက်များကိုသိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

ရည်ညွှန်းချက်။ Financial Express သတင်းဌာန၊ “Budget 2024: Timely finance, tech, training for MSMEs important policy priority for govt, says”၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်။
(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လံကတ္တားမြို့)

## ထိုင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့်ခရီးသွားလာမှုမြှင့်တင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း

ထိုင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ခရီးသွားလာမှုမြှင့်တင်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ ၃ စောင်ကိုဧပြီလအတွင်းတွင်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးသွားမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Jakka - pong Sangmanee က ပြောကြားခဲ့ပါသည်။

ကာဇက်စတန်၏ မြို့တော် အက်တနာ (Astana) နှင့် မြို့ကြီးတစ်မြို့ဖြစ်သည့် အယ်မာတီ (Almaty) မြို့များသို့ သွားရောက်မည့် ထိုင်းရင်းနှီးမြှုပ်နှံသူများအဖွဲ့ကို ဒုတိယဝန်ကြီး Mr. Jakkapong နှင့် ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာန Ms. Sudawan Wangsuphakij-kosol တို့က ဦးဆောင်ခဲ့ပါကြောင်း၊ အစားအစာထုတ်လုပ်သည့်နေရာများ၊ စီးပွားရေးအရ အရေးပါသော နေရာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်သည့် ပုံစံများကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ စကိတ်အပန်းဖြေကွင်းသည် ဆောင်းရာသီကာလတွင် ကာဇက်စတန်နိုင်ငံ၏ ခရီးသွားဆွဲဆောင်သည့်နေရာဖြစ်ကြောင်း၊ နွေရာသီကာလအတွက်နိုင်ငံခြားခရီးသွားများ ဆွဲဆောင်နိုင်သည့် နေရာများစွာရှိကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည့် ကာဇက်စတန် ခရီးသွားအရေအတွက်သည် ၁၇၂,၀၀၀ ဖြစ်ကြောင်း၊ အများစုမှာမိသားစုနှင့် စုံတွဲများဖြစ်ကြောင်း၊ ၁၄ ရက်ကြာနေထိုင်ခဲ့ကြပြီး ကမ်းခြေအပန်းဖြေနေရာများတွင် အများဆုံးဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ကာဇက်ခရီးသွား ၂၀၀,၀၀၀ ကျော်ဝင်ရောက်ရန် ခန့်မှန်းထားပါကြောင်း သိရှိရပါသည်။

နားလည်မှု စာချွန်လွှာအပြင် ကာဇက် ခရီးသွားများအတွက် ၆ လကြာ ဗီဇာကင်းလွတ်ခွင့် ပေးခဲ့ခြင်းသည်လည်း နှစ်နိုင်ငံကုန်သွယ်ရေး မြှင့်တင်မှုပင်ဖြစ်သည်ဟု ကာဇက်စတန်နိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Lt Chatchawan Sakornsin က ဖြည့်စွက်ပြောကြားခဲ့ကြောင်း၊ ကာဇက်စတန်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာများစွာရှိကြောင်း ထိုင်းနိုင်ငံကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဦးဆောင်ကော်မတီမှ Mr. Chanintr Chalisarapong က မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် အဓိကဈေးကွက်နိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်မှု နှေးကွေးနေခြင်းနှင့် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် လက်ရှိပို့ကုန်ဈေးကွက်များအပြင် ဈေးကွက်သစ်များချဲ့ထွင်နိုင်ရေးအတွက်အလားအလာကောင်းသော နိုင်ငံများသို့ စီးပွားရေး သံတမန်နည်းလမ်းကို အသုံးချခြင်းဖြင့် ပိုမိုခိုင်မာသော မိတ်ဖက်ဆက်ဆံရေးများ တည်ဆောက်ခြင်း၊ လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း၊ မြှင့်တင်လိုသည့် နယ်ပယ်ဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသုံးသပ်တင်ပြရပါသည်။

Source: www.bangkokpost.gov၊
(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

## ဆီထွက်သီးနှံဆိုင်ရာ လက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပခြင်း

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌“ဆီထွက်သီးနှံစိုက်ပျိုးသည်မှ ဝယ်ယူသိုလှောင်သည်အထိတောင်သူ၊ ကုန်သည်နှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် အချက်အလက်များ” လက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဌာနဆိုင်ရာအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အခြားဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပညာရှင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ၊ ဦးဆန်းလင်းနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ် အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ နေပြည်တော် ကောင်စီနယ်မြေမှ နေပြည်တော် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် အသင်းဝင်များ၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်း အသင်းဝင်များ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဆီထွက်သီးနှံလက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပရသည့်အကြောင်းကိုရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ အဆိုပါလက်စွဲစာအုပ်များကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအား ပေးအပ်ခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဆီသုံးစွဲမှုများ လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံ၏ လူတစ်ဦးချင်းဆီစားသုံးမှုအခြေအနေ သုတေသနတွေ့ရှိချက်အား ဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ နေ့လယ်ပိုင်းတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်တစ်ဦးကလည်းကောင်း၊ စားသုံးဆီကြိတ်ခွဲထုတ်လုပ်မှု အခြေအနေအား လေ့လာတင်ပြခြင်းနှင့် ခေတ်မီဆီကြိတ်ခွဲစက်များ၏ ဆောင်ရွက်နိုင်မှုအခြေအနေအား ရှင်းလင်းဆွေးနွေးခြင်းကို မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကလည်းကောင်း၊ စားသုံးဆီများနှင့် ဆီအရည်အသွေးကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနကလည်းကောင်း “စားသုံးဆီနှင့် စားသုံးသူအခွင့်အရေး” အကြောင်းကို စားသုံးသူရေးရာဦးစီးဌာနကလည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးမှုများအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်း၍ ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညနေပိုင်းတွင် အခမ်းအနားကိုရုပ်သိမ်းခဲ့ပါသည်။

**Our Websites:**
**https//mifer.gov.mm**
**https//www.dica.gov.mm**
**https//www.myco.dica.gov.mm**
**https//doso.dica.gov.mm**
**https//mohinga.info**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံးမှ ၃ လ တစ်ကြိမ်ထုတ်ဝေသည်။